# မြဝတီ The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်၊ တနင်္လာနေ့။ Monday, 3 October 2022 ၁၀၈၇၇


### လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိ တော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်တွင်း ပြည်ပခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာစေရန် မြို့တော်ဖွံ့ဖြိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ



ရန်ကုန် အောက်တိုဘာ ၂

ကမ္ဘာ့ခရီးသွားလုပ်ငန်းနှင့် ပြည်တွင်းခရီးသွားလုပ်ငန်းများ ပုံမှန်ပြန်လည် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် စီးပွားရေး အရေးအချက်အချာဖြစ်သော ပြည်လမ်းမကြီးလေဆိပ်အဝင်လမ်းတစ်လျှောက် သန့်ရှင်းစိမ်းလန်းသပ်ရပ်ရေးလုပ်ငန်းများအား အမြန်ဆုံးပြီးစီးနိုင်ရန် အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိသည်။

### ဘေးကင်းလုံခြုံစွာ သယ်ယူပို့ဆောင်

ရန်ကုန်မြို့သည် နိုင်ငံ၏အဓိကစီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ ပြည်တွင်း ပြည်ပခရီးသွားပြည်သူများ ဝင်ထွက်ရာဖြစ်သော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ကုန်စည်များ ကြီးမားစွာသယ်ယူပို့ဆောင်နိုင်သော အပြည်ပြည်ဆိုင်ရာ ပင်လယ်ကူးဆိပ်ကမ်း၊ မြန်မာနိုင်ငံအနှံ့ ရောက်ရှိထွက်ခွာနိုင်သော အောင်မင်္ဂလာအဝေးပြေးခရီးသည် ပို့ဆောင်ရေးယာဉ်ရပ်နားစခန်းနှင့် ကုန်တင်ယာဉ်များ ဘေးကင်းလုံခြုံစွာ သယ်ယူပို့ဆောင်နိုင်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် နိုင်ငံ၏ စီးပွားရေးအဆင်ပြေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ○

ပြည်လမ်းမကြီးတစ်လျှောက် သန့်ရှင်းစိမ်းလန်းသပ်ရပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုကို ဝေဟင်မှ တွေ့မြင်ရစဉ်။


ယနေ့ ဖတ်စရာ

နှလုံးသားထဲကမြို့
ဆောင်းပါး စာမျက်နှာ » ၆

ဘဝပဲ့ကိုင် ဆီမီးတိုင်များသို့...
ဆောင်းပါး စာမျက်နှာ » ၁၀

ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၁၉၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇၅ ဦးတွေ့ရှိ
စာမျက်နှာ » ၁၂

ဒန်းကျွတ်ဘိမျှော့ပွဲ (သို့မဟုတ်) ထားဝယ်ရိုးရာ သပိတ်မျှော့ပွဲ
ဆောင်းပါး စာမျက်နှာ » ၁၅

ဆုံးဖြတ်ချက်များချမှတ်ရာတွင် သတိပြုဖွယ် လွှမ်းမိုးတတ်မှုများ ...
ဆောင်းပါး စာမျက်နှာ » ၁၉


## မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၂

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ကိုးခရိုင်၌ ဆောင်းမြေပဲစိုက်ဧက ၁၂၀၀၀၀ ကျော် စိုက်ပျိုးမည်

မန္တလေး အောက်တိုဘာ ၂

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ကိုးခရိုင်၌ ဆောင်းဆီထွက်သီးနှံဖြစ်သော ဆောင်းမြေပဲလျာထားဧက ၁၂၀၀၀၀ ကျော်ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တိုးတိုးဝင်းက ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ကိုးခရိုင်ရှိ မြို့နယ် ၂၀ တွင် ဆောင်းမြေပဲ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻



# တပ်မတော်ဆေးပညာဖြင့် အစဉ်အလာမပျက်အကျိုးပြု

(၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "အစဉ်အလာကောင်းများကို နောင်လာနောက်သားတို့အား လက်ဆင့်ကမ်းနိုင်ရေးကြိုးပမ်းကြပြီး စိန်ရတုကာလပြည့်မြောက်ခဲ့သည့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် မာကျောကျစ်လျစ်ခိုင်မာပြီး တန်ဖိုးရှိသည့် ဆေးဝန်ထမ်းတပ်ဖွဲ့အဖြစ် ထိန်းသိမ်းကာ ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယခုထက်မက ပိုမိုဆောင်ရွက်နိုင်ကြပါစေကြောင်းနှင့် ဆေးဝန်ထမ်းတပ်ဖွဲ့ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် တည်တံ့ပါစေ"ဟု ဆုမွန်ကောင်းတောင်းခဲ့သည်။

မြန်မာ့တပ်မတော်၏ ဆေးဝန်ထမ်းတပ်ဖွဲ့သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက တပ်မတော်နှင့်အတူ ပေါက်ဖွားလာသည့် တပ်ဖွဲ့တစ်ခုဖြစ်သည်။ ခေတ်အဆက်ဆက်တွင်လည်း ဆေးတပ်ဖွဲ့ဝင်များသည် တိုင်းပြည်နှင့်လူမျိုးအကျိုး၊ တပ်မတော်၏အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့သည့် ထူးခြားထင်ရှားသော သမိုင်းမှတ်တိုင်များရှိသည်။ နိုင်ငံတော်အပေါ်ကျရောက်လာသည့် ပြည်တွင်း၊ ပြည်ပရန်စွယ်အန္တရာယ်များကို တပ်မတော်က တွန်းလှန်ကာကွယ်ရာ၌ ဆေးဝန်ထမ်းတပ်ဖွဲ့သည် "ကျန်းမာကြံ့ခိုင်တိုက်နိုင်ရန်"ဟူသည့် ဆောင်ပုဒ်နှင့်အညီ တပ်မတော်သားများ အစဉ်ထာဝရကြံ့ခိုင်ပြီး တိုက်စွမ်းရည်ပြည့်ဝစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

ဆေးဝန်ထမ်းတပ်ဖွဲ့သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစ၍ ခေတ်အဆက်ဆက်တွင် ပြည်သူလူထုကျန်းမာရေးလိုအပ်ချက်များကို ကျရာကဏ္ဍမှ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ မျက်မှောက်ကာလတွင် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်ကွက်လပ်ကို တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏ စွမ်းပကားဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်တွင် ရောဂါကူးစက်ဖြစ်ပွားသည့် ပြည်သူများအား အရေးပေါ်ကယ်တင်ကုသပေးနိုင်ခဲ့သည်။ သာမန်အချိန်များတွင်သာမက သဘာဝဘေး အန္တရာယ်ကျရောက်ချိန်များတွင် ဆေးဝန်ထမ်းတပ်ဖွဲ့၏ "စေတနာ အကြင်နာ ဘေးကင်းကွာ"ဟူသည့်ဆောင်ပုဒ်နှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှု၊ ရောဂါကာကွယ်မှုတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ထူးခြားမှုမှာ စစ်ဆင်ရေးနယ်မြေများသို့ သွားရောက်သည့်အခါတွင် ရောက်ရာဒေသမှ ပြည်သူများ၏ကျန်းမာရေးကို ကိုယ်ကျိုးမဖက် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ထူးခြားမှုမှာ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့သည် ထူးခြားထင်ရှားသော ဆေးပညာမှတ်တိုင်သစ်များ စိုက်ထူနိုင်ခဲ့ခြင်းဖြစ်သည်။ တပ်မတော်ဆေးရုံများကိုအဆင့်မြှင့်တင်ပေးနိုင်ခဲ့ပြီး နှလုံးနှင့် ဦးနှောက်ခွဲစိတ်ကုသခြင်း၊ နှလုံးသွေးကြောအား stent ထည့်ကုသခြင်း၊ နှလုံးခုန်နှုန်းထိန်းညှိစက်ထည့်သွင်းခြင်း၊ ကျောက်ကပ်အစားထိုးလဲလှယ်ခြင်း၊ ရင်ခေါင်းခွဲစိတ်ကုသခြင်း စသည့်အဆင့်မြင့်ကုသမှုတို့ကို နိုင်ငံတကာနှင့်တန်းတူဆောင်ရွက်လာနိုင်သည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ်တွေ့မြင်ရသည်။ မကြာသေးမီက မြန်မာ့တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့သည် ပထမဆုံးအကြိမ် အသည်းအစားထိုးကုသမှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သဖြင့် ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ဆေးပညာမှတ်တိုင်သစ်ကိုစိုက်ထူနိုင်ခဲ့သည်။

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယခုအခါ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ လက်လှမ်းမမီသည့်ဒေသ၊ လက်လှမ်းမမီသည့် ကုသမှုဟူ၍ မရှိသလောက်ဖြစ်လာပြီဖြစ်သည်။ တပ်မတော်ကို ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်ရာ၌ ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးကို ဆောင်ရွက်ပေးခဲ့သည်။ ဆေးဝန်ထမ်းတပ်ဖွဲ့သည် တပ်မတော်အတွက်သာမက ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌လည်း ပစ်ပယ်မထားဘဲ အချိန်တိုင်း၊ အခါတိုင်း၊ အရေးကြုံလာတိုင်း ပါဝင်ကူညီဆောင်ရွက်ပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။

သို့ဖြစ်ရာ လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာသောတပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့သည် နိုင်ငံတော်နှင့်ပြည်သူအကျိုးအတွက် အစဉ်အလာကောင်းများကိုစိုက်ထူနိုင်ခဲ့သည်မှာ စိန်ရတုကာလသို့ပင် ရောက်ရှိလာပြီဖြစ်သည်။ ရှေ့ဆက်၍လည်း တိုင်းပြည်ကာကွယ်ရေးတာဝန်သာမက နိုင်ငံတော်နှင့်ပြည်သူအကျိုးစီးပွားကို ဦးလည်မသုန်ထမ်းဆောင်နေမည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၀၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့်အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃ ရက်မှ ၁၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၀၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၂**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ရန်ကင်းတောရကျောင်းတိုက်နှင့် မြို့ဦးတိုက်သစ်သံလမ်းကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မိုးဃ်းကောင်းကျောင်းတိုက်နှင့် ထူပါဓေယျုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာသီရိကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ တိပိဋကာလင်္ကာရပရိယတ္တိစာသင်တိုက်နှင့် အင်းစိန်မြို့နယ်ရှိ မင်္ဂလာသီရိပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ပါလျှံကျောင်းတိုက်တို့သို့ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မကွေးကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိမစိုးရိမ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ သဒ္ဓမ္မဒီပက (ဖျာပုံ) ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အရိယဝံသမြို့ဦးကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ သဲအင်းဂူဘုန်းတော်ကြီးကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်တွင်းထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းနှင့် ပြည်ပမှသွင်းကုန်များ လျှော့ချနိုင်ခြင်းလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်မှု အခြေအနေများကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်ရေး ထုတ်ပြန်ဆောင်ရွက်သွားမည်





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် တာဝန်ရှိသူများ မန္တလေးစက်မှုဇုန်ရှိ ဒုံးပျံဂျုံစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။

**မန္တလေး အောက်တိုဘာ ၂**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုတို့သည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးစက်မှုဇုန်ရှိ ဒုံးပျံဂျုံစက်နှင့် တိုးပွားမန်း ဓာတ်မြေဩဇာစက်ရုံများသို့ သွားရောက်ကြည့်ရှုအားပေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မန္တလေးစက်မှုဇုန်ရှိ ဒုံးပျံဂျုံစက်သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက် မန္တလေးစက်ရုံတာဝန်ခံ ဦးခွန်အောင်ဆန်းက စက်ရုံသမိုင်းကြောင်းနှင့် စက်စွမ်းအား၊ ဝန်ထမ်းအင်အားနှင့် ဖွဲ့စည်းပုံ၊ နှစ်အလိုက် တိုးမြှင့်ထုတ်လုပ်နိုင်မှုနှင့် ဖြန့်ချိမှု၊ ပြည်ပမှတင်သွင်းမှုနှင့် ဈေးကွက်ယှဉ်ပြိုင် ရောင်းချနေမှုများကို ရှင်းလင်းတင်ပြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အကြံပြုချက်နှင့် အတူ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်း (MSME) များသည် နိုင်ငံ့စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် များစွာအထောက်အကူပြုမည် ဖြစ်၍ အလေးထားပြီး ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားထားကြောင်း၊ နိုင်ငံတော်မီဒီယာအနေဖြင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက် အအုံဆိုင်ရာများကို အလေးထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် တာဝန်ရှိသူများ တိုးပွားမန်း ဓာတ်မြေဩဇာစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။

**လွှမ်းခြုံဖြန့်ချိနိုင်ပြီ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်ကို ရှင်းလင်းတင်ပြကြသည်။ ဒုံးပျံဂျုံစက် (မန္တလေး) အနေဖြင့် အဆင့်မြင့်ဂျုံမှုန့်များကို ၁၉၈၀ ပြည့်နှစ်မှစ၍ တစ်နေ့လျှင် ၂ ဒသမ ၅ တန်နှုန်းဖြင့် ထုတ်လုပ်ခဲ့ရာမှ ၁၉၈၃ ခုနှစ်တွင် တစ်နေ့လျှင် ၁၅ တန်နှုန်း၊ ၁၉၉၄ ခုနှစ်တွင် တစ်နေ့လျှင် တန် ၄၀ နှုန်း၊ ၂၀၀၄ ခုနှစ်တွင် တန် ၂၀၀ နှုန်းသို့ တိုးမြှင့်ထုတ်လုပ်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစ၍ တစ်နေ့လျှင် တန် ၂၂၀ နှုန်းဖြင့် ထပ်မံတိုးမြှင့်၍ ထုတ်လုပ်လျက်ရှိပြီး ရန်ကုန်မြို့ရှိ စက်ရုံမှလည်း တစ်နေ့လျှင် တန် ၉၆၀ နှုန်းဖြင့် ထုတ်လုပ်လျက်ရှိရာ စုစုပေါင်း တစ်နေ့လျှင် တန် ၁၁၈၀ နှုန်းဖြင့် ထုတ်လုပ်နေခြင်းဖြစ်ကြောင်း၊ ၎င်းစက်ရုံအနေဖြင့် ၂၀၁၅ ခုနှစ် မန္တလေးစက်မှုဇုန် ထူးချွန်ဆုကိုလည်း ရရှိထားကြောင်းနှင့် ၎င်းတို့ စက်ရုံထုတ်ဂျုံမှုန့်များကို တစ်နိုင်ငံလုံးသို့ ဖြန့်ချိလျက်ရှိရာ နိုင်ငံ၏ ၉၀ ရာခိုင်နှုန်းကျော် လွှမ်းခြုံဖြန့်ချိနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိုးပွားမန်း ဓာတ်မြေဩဇာစက်ရုံသို့ သွားရောက်ကြပြီး လှည်းယဉ်ကွန်ပေါင်းဓာတ်မြေဩဇာ အမည်ဖြင့် အချိုးမြင့်၊ အချိုးလတ်၊ အချိုးနိမ့် ဓာတ်မြေဩဇာများ၊ ဖော့စဖိတ် ဓာတ်မြေဩဇာ၊ ရာဘာအထူးဓာတ်မြေဩဇာနှင့် ပုလဲအစားထိုးဓာတ်မြေဩဇာများ ထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်နှင့် ကုန်ကြမ်းများ ပြည်ပမှာယူတင်သွင်းသိုလှောင်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး သိရှိလိုသည်များ မေးမြန်းမှုအပေါ် စက်ရုံမှ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ လှည်းယဉ်တံဆိပ် ကွန်ပေါင်းဓာတ်မြေဩဇာစက်ရုံတည်ဆောက်ရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တိုးပွားမန်းကုမ္ပဏီမှ ဒါရိုက်တာ ဦးအောင်ကျော်က ဦးစွာရှင်းလင်းတင်ပြပြီး မန်နေဂျင်းဒါရိုက်တာ ဦးဆွမ်ချီက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုကိုအခြေခံသည့် စက်မှုဇုန်များ ဖြစ်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားထားကြောင်း၊ ယခုအခါ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို မလိုလားသူများက လူမှုမီဒီယာနည်းလမ်းဖြင့် သတင်းတု၊ သတင်းမှားများ လုပ်ကြံထုတ်လွှင့်ပြီး တည်ငြိမ်မှုပျက်ပြားစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်မီဒီယာအနေဖြင့် သတင်းမှန်များ လျင်မြန်စွာထုတ်ပြန်ရေး ဆောင်ရွက်နေမှုနှင့်အတူ ယခုကဲ့သို့ ပြည်တွင်းထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းနှင့် ပြည်ပမှသွင်းကုန်များ လျှော့ချနိုင်ခြင်းလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်မှု အခြေအနေများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်ရန် ထုတ်ပြန်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်**

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က စက်မှုဇုန်အတွင်း အခြေခံ အဆောက်အအုံပိုင်းဆိုင်ရာများ ဖြည့်ဆည်းဆောင်ရွက်ပေးမှုနှင့်အတူ စက်မှုဇုန်အတွင်း သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးတို့အတွက် စည်ပင်သာယာအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

လှည်းယဉ်တံဆိပ် ကွန်ပေါင်းဓာတ်မြေဩဇာစက်ရုံကို စွန့်ပစ်ရေဆိုးများ သန့်စင်မှုနှင့်အတူ မြေဆွေးအာဟာရ ဓာတ်မြေဩဇာ ပြောင်းလဲထုတ်လုပ်နိုင်ရန်၊ တောင်သူလယ်သမားများ၏ လူမှုစီးပွား တိုးတက်လာစေရေး အထွက်နှုန်းမြှင့်တင်နိုင်ရန်နှင့် ကမ္ဘာ့အဆင့်မီ စိုက်ပျိုးရေးသွင်းအားစုများ ထုတ်လုပ်ဖြန့်ချိနိုင်ရန် ရည်ရွယ်ချက်များဖြင့် ၂၀၀၂ ခုနှစ်က မန္တလေးစက်မှုဇုန်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ပြည်ပမှ နိုက်ထရိုဂျင်၊ ဖော့စဖိတ်နှင့် ပိုတက်ဆီယံ ကုန်ကြမ်းများ တင်သွင်း၍ ပေါင်းစပ်ထုတ်လုပ်ကာ နိုင်ငံတစ်ဝန်းသို့ ဖြန့်ချိနေကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားကြီးသို့ သွားရောက်ဖူးမြော်ပြီး ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြကာ ဘုရားဖူးပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ဆက်လက်၍ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မဟာလောကမာရဇိန် ကုသိုလ်တော် ဘုရားသို့ သွားရောက်ဖူးမြော်ပြီး စေတီတော်ကြီး၏ ရင်ပြင်တော်ပတ်လည်နှင့် ကျောက်စာပတ်လမ်းတို့တွင် နေပူခံ စကျင်ကျောက်ပြား ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုနှင့် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

**နေပူခံစကျင်ကျောက်ပြားခင်း**

မဟာလောကမာရဇိန် ကုသိုလ်တော် ဘုရားကြီး ရင်ပြင်တော်ပတ်လည်နှင့် ကျောက်စာပတ်လမ်းတို့တွင် နေပူခံ စကျင်ကျောက်ပြားခင်းခြင်းလုပ်ငန်းကို နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်မှုအရ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့ကြောင်း၊ တစ်ပေပတ်လည်၊ ဒုတစ်လက်မ အရွယ်အစားရှိ စကျင်ကျောက်ပြား အချပ်ရေ ၈၁၉၀၀ ကို စေတီတော်ကြီး၏ ရင်ပြင်တော်ပတ်လည်တွင်လည်းကောင်း၊ အချပ်ရေ ၉၀၈၀၀ ကို ကျောက်စာပတ်လမ်းများတွင်လည်းကောင်း ခင်းကျင်းဆောင်ရွက်ခဲ့ရာ လှူဒါန်းမှုနှင့် ကုန်ကျငွေစုစုပေါင်းမှာ ငွေကျပ်သိန်း ၆၅၀၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏ တိုးတက်သုံးစွဲလာမည့် ဓာတ်အားလိုအပ်ချက်များကို တိုးမြှင့်ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂**

နိုင်ငံတော်၏ တိုးတက်သုံးစွဲလာမည့် ဓာတ်အားလိုအပ်ချက်ကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် ဓာတ်အားထုတ်လုပ်မှုကို တိုးမြှင့်ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ဒေသအလိုက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကိုဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါကြောင်း၊ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လိုသည့် တိုင်းဒေသကြီး/ပြည်နယ်များသို့လည်း မိမိတို့၏ စူးစမ်းတိုင်းတာရေးအဖွဲ့များ စေလွှတ်ကာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က ပြောကြားသည်။

ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ် လျှပ်စစ်မန်နေဂျာ/လျှပ်စစ်အင်ဂျင်နီယာများနှင့် ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ယခုအချိန်တွင်လည်း မိမိတို့၏ တမံများတွင် ရေပြည့်ရေလျှံမှုများရှိလာပြီဖြစ်၍ ရေကိုလာမည့်နွေရာသီ လျှပ်စစ်ဓာတ်အားလိုအပ်ချက်တွင် ဖြည့်ဆည်းပေးနိုင်ရန်အတွက် အကျိုးရှိစွာထိန်းသိမ်းမောင်းနှင်သွားကြရန် လိုအပ်ကြောင်း၊ ဝန်အားပြည့်နေသော ဓာတ်အားလိုင်းများကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရေး၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျော့နည်းစေရေးနှင့် ဓာတ်အားစနစ်တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးတို့အတွက် အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဘဏ္ဍာငွေကို အလေအလွင့်မရှိစေရေး အကျိုးရှိစွာ အသုံးချသွားရန် လိုအပ်ကြောင်း သုံးစွဲခဲ့သည့် ဓာတ်အားခကျသင့်ငွေများကို ရာနှုန်းပြည့် အပြည့်အဝကောက်ခံရရှိစေရေးကိုလည်း ခရိုင်/မြို့နယ် လျှပ်စစ်မန်နေဂျာများ၊ လျှပ်စစ်အင်ဂျင်နီယာများ၊ ဘဏ္ဍာရေးတာဝန်ခံများမှ အောက်ခြေအထိကွင်းဆင်းပြီး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် မီတာဖတ်ခြင်း၊ မီတာဘေဝေခြင်းနှင့် ဓာတ်အားခကောက်ခံခြင်း ကိစ္စရပ်များကိုလည်း လုံခြုံရေး ပြည့်ပြည့်ဝဝဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ယခုအခါ ပြည်သူတို့၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တတ်နိုင်သမျှ ဝန်အားလျှော့ချခြင်း မပြုဘဲ ပြည့်မီအောင် ဖြန့်ဖြူးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်ကို အောင်မြင်အောင် စေတနာထား၍ ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။



**ရှင်းလင်းတင်ပြ**

ထို့နောက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အမှုဆောင်အရာရှိချုပ်တို့က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားမှု၊ ဓာတ်အားခကြွေးကျန်များ ကောက်ခံရရှိမှုနှင့် ကျန်ရှိနေသည့် ဓာတ်အားခကြွေးကျန်များကို ရာနှုန်းပြည့်ကောက်ခံရရှိရေး ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လေးစားထိုက်၊ ဂုဏ်ပြုထိုက်၍ သက်ကြီးရွယ်အိုများ၏ဘဝ အမှန်တကယ်လုံခြုံမှုရှိစေရေးနှင့် အခွင့်အလမ်းများဖန်တီးပေးရန် ဆောင်ရွက်သွားမည်

**ဘားအံ အောက်တိုဘာ ၂**

သက်ကြီးရွယ်အိုများကို လေးစားထိုက်၊ ဂုဏ်ပြုထိုက်၍ အခမ်းအနားကျင်းပပေးရုံ သက်သက်မဟုတ်ဘဲ သက်ကြီးရွယ်အိုများ၏ဘဝ အမှန်တကယ်လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ဆောက်ရေးဖြစ်စဉ်တွင် ထည့်သွင်းအသုံးပြုသွားနိုင်ရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယမန်နေ့ မွန်းလွဲ ၁ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည်။

**လက်ဆင့်ကမ်း မျှဝေပေး**

ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်အတွင်း သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများ အပြည့်အဝရရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဘိုးဘွားများ ဖြတ်သန်းကြုံတွေ့လာခဲ့ရသည့် အတွေ့အကြုံများနှင့် ပညာရပ်များသည် အနာဂတ်မျိုးဆက်အတွက် တန်ဖိုးမဖြတ်နိုင်သည့် အရာများဖြစ်ရာ လက်ဆင့်ကမ်းမျှဝေပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ဆက်လက်ပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး ဒေါ်နန်းဘေဘီမြင့်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများက အခမ်းအနားသို့ တက်ရောက်လာသော အသက် ၉၀ နှစ်နှင့်အထက် အဘိုးအဘွား ၂၂ ဦးအား ဂုဏ်ပြုငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

အောက်တိုဘာ ၁ ရက်က ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားတွင် ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများက အသက်အကြီးဆုံး အဘိုးအဘွား သုံးဦးအတွက် တစ်ဦးလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့်လည်းကောင်း၊ ဘားအံမြို့ပေါ် ရပ်ကွက်များက အသက် ၉၀ နှစ်နှင့်အထက် အဘိုးအဘွား ၆၇ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် လည်းကောင်း၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးရုံးက အသက်အကြီးဆုံး အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက အသုံးအဆောင်ပစ္စည်းများ၊ တိုင်းရင်းဆေးပညာဦးစီးဌာနက တိုင်းရင်းဆေးဝါးများ လှူဒါန်းခဲ့ကြပြီး အခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိသော အဘိုးအဘွားများအား အိမ်တိုင်ရာရောက် လှူဒါန်းပေးအပ်သွားမည်ဖြစ်သည်။

အခမ်းအနားအပြီးတွင် အဘိုးအဘွားများအား ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် လိုက်နာရမည့် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာရမည်

**နေပြည်တော် အောက်တိုဘာ ၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ရှိ လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် လမ်းဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံဆွေးနွေးသည်။

**မလွဲမသွေ လိုက်နာကျင့်သုံး**

တွေ့ဆုံပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်ရှိ အရာထမ်း၊ အမှုထမ်းများက ဝန်ထမ်းရေးရာကိစ္စရပ်များကို တစ်ဦးချင်း ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေချိန်တွင် ဝန်ထမ်းများ၏ လူပုဂ္ဂိုလ်လုံခြုံရေး၊ ရုံး/ဌာန အဆောက်အအုံ၊ စက်ယာဉ်ယန္တရားများ လုံခြုံရေး အထူးဂရုပြုရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် လိုက်နာရမည့် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်ပါအတိုင်း ဝန်ထမ်းများအားလုံး ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆)ချက်ကို မလွဲမသွေ လိုက်နာကျင့်သုံးပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိရမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် မော်လိုက်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးတို့က ဝန်ထမ်းရေးရာ ဆွေးနွေးတင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းကုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ငါးများကို ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**ကျောင်းကုန်း အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်မှုဖြင့် ပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် စက်တင်ဘာ ၂၉ ရက်က ကျောင်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရောင်းချပေးသည်။

ထိုသို့ရောင်းချပေးရာတွင် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့် အိမ်ထောင်စု ၁၀၀ အား ငါးမြစ်ချင်း ပိဿာချိန် ၅၀ ရောင်းချပေးခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင် ကုန်သွယ်မှုသတင်းများ”**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၁၀၉ ၈၈၃
လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၄၀၄၃၃၉၉၆၉
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၁၀၉ ၈၈၆
အီးမေးလ်လိပ်စာ - antiillegaltradeinfo@gmail.com

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၁၀၉ ၈၈၁
လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၆၉၉၆၁၁၁၁၆
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၁၀၉ ၈၈၇
အီးမေးလ်လိပ်စာ - antiillegaltradeoffice@gmail.com


# ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကင်ဆာရောဂါလူနာများအတွက် ဓာတ်ရောင်ခြည်ကုသမှု အပတ်စဉ် လူနာ ၁၀၀၀ ခန့် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ခုနစ်ထပ်ဆောင်ကို စီမံကိန်းတန်ဖိုး ငွေကျပ် ၂၁၈၉၇ ဒသမ ၉၈၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး လာမည့် ဘဏ္ဍာရေးနှစ်တွင် ပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ခုနစ်ထပ်ဆောင်တွင် ဓာတ်မှန်ဌာန၊ ဓာတ်ခွဲဌာန၊ ဆေးကုသမှုလူနာဆောင်များနှင့် စာသင်ခန်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတိုးချဲ့ခုနစ်ထပ်ဆောင်တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆေးကုသရေးလုပ်ငန်းများကို ယမန်နေ့ မွန်းလွဲပိုင်းက ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ တိုးချဲ့ ခုနစ်ထပ်ဆောင်တည်ဆောက်ရေးလုပ်ငန်း အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ အဆောက်အဦဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သန်းက တည်ဆောက်ရေးအခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေစဉ် ဆေးရုံအုပ်ကြီးနှင့် ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများက မိမိတို့ဆေးကုသဆောင်အလိုက် ပါဝင်သင့်သည့် အခန်းဖွဲ့စည်းပုံများ ကျန်ခဲ့ခြင်းမရှိစေရေးပူးပေါင်းဆောင်ရွက်ကြရန်၊ ခုနစ်ထပ်ဆောင်ဖြစ်သည့်အလျောက် လူနာ၊ ကျန်းမာရေးဝန်ထမ်း၊ အဆောက်အအုံ လုံခြုံရေးအတွက် လိုအပ်သောကာကွယ်ရေးပစ္စည်းများ ပါဝင်တပ်ဆင်ဖွဲ့စည်းထားရှိရန်၊ မသန်စွမ်းလူနာများအတွက် ထည့်သွင်းစီစဉ်ဆောင်ရွက်ရန်တို့ကို လမ်းညွှန်မှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လုပ်ငန်းခွင်အတွင်းသို့သွားရောက်ကာ လူနာခန်းများ ဖွဲ့စည်းနေမှု၊ ရေပိုက်လိုင်းနှင့် လျှပ်စစ်မီးသွယ်တန်းနေမှုတို့ကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံကြံ့ခိုင်မှုရှိစေရေး၊ စံချိန်စံညွှန်းပြည့်မီစေရေးနှင့် လေဝင်လေထွက်ကောင်းမွန်စေရေးတို့ကို အလေးထားဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေရေးဆိုင်ရာ စက်ပစ္စည်းများဖြစ်သည့် SPECT/CT၊ PET CT နှင့် Cyclotron စက်လုပ်ငန်းများ ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဓာတ်ရောင်ခြည်ဆေးကုဌာနတွင် အိန္ဒိယသမ္မတနိုင်ငံအစိုးရမှ လှူဒါန်းထားရှိသော Bhabhatron II Cobalt စက်တပ်ဆင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကင်ဆာရောဂါလူနာများအနေဖြင့် ဓာတ်ရောင်ခြည်ဖြင့် ကုသမှုခံယူရန် စောင့်ဆိုင်းရသည့် အချိန်လျှော့ချပေးနိုင်ရေးအတွက် Bhabhatron စက်အမြန်ဆုံးတပ်ဆင်ပြီးစီးရေး ကြီးကြပ်ဆောင်ရွက်ပေးကြရန်၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် Linear Accelerator စက်နှစ်လုံး၏ လုပ်ငန်းဆောင်ရွက်မှုများ နှောင့်နှေးခြင်းမရှိစေရေး စက်ပစ္စည်းကြံ့ခိုင်မှုအတွက် အလေးထားဆောင်ရွက်ပေးကြရန်၊ ဆေးကုသရေးလုပ်ငန်းများ ပိုမိုတိုးတက်ရေး ဆောင်ရွက်ကြရန်နှင့် လူနာများ အားကိုးအားထားရသည့် ပြည်သူ့ဆေးရုံကြီးအဖြစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကင်ဆာရောဂါလူနာများအတွက် ဓာတ်ရောင်ခြည် ကုသမှု အပတ်စဉ် လူနာ ၁၀၀၀ ခန့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပ



**တောင်ကြီး အောက်တိုဘာ ၂**

၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို အောက်တိုဘာ ၁ ရက် ညနေ ၃ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့တွင် တောင်ကြီးမြို့ ဖရဲငွေတောင်လမ်း ကျောင်းကြီးစုရပ်ကွက် အိမ်အမှတ်(၁၉၃)နယ်မြေ (၁၂)တွင် နေထိုင်သော မြန်မာတစ်နိုင်ငံလုံးတွင် အသက်အကြီးဆုံး ၁၂၈ နှစ်ရှိ အဘိုး ဦးကိုကိုကြီး အိမ်သို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူတို့က သွားရောက်ကာ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းနှင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုကန်တော့ငွေကျပ် ငါးသိန်းချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့တော်ခန်းမတွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာတစ်နိုင်ငံလုံး အသက်အကြီးဆုံး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးကို ယခင်နှစ်များကဲ့သို့ ဂုဏ်ပြုချီးမြှင့်ငွေ တစ်ဦးလျှင် ကျပ် ၁၀ သိန်းစီကို ဂုဏ်ပြုထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် နေထိုင်သည့် အဘိုး ဦးကိုကိုကြီး အသက် ၁၂၈ နှစ်သည် ယနေ့ ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့တွင် မြန်မာတစ်နိုင်ငံလုံး အသက်အကြီးဆုံး အဘိုးတစ်ဦးအနေဖြင့် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ် ၁၀ သိန်းကို သုံးနှစ်ဆက်တိုက် ဂုဏ်ပြုထောက်ပံ့ငွေရရှိခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ဘိုးဘွားများသည် မိသားစု၊ ရပ်ရွာ၊ နိုင်ငံအတွက်နှင့် လူ့အဖွဲ့အစည်း တစ်ခုလုံးအတွက် အားကိုးနေရသူများဖြစ်ပြီး မိမိတို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သက်ကြီးရွယ်အိုအခွင့်အရေးနှင့် ပတ်သက်၍ အစိုးရအပါအဝင် လူ့အဖွဲ့အစည်းတစ်ခုလုံးက ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့သည် သက်ကြီးရွယ်အိုများကို လေးစားထိုက် ဂုဏ်ပြုထိုက်သူများဖြစ်၍ အခမ်းအနားကျင်းပပေးရုံ သက်သက်မဟုတ်ဘဲ သက်ကြီးရွယ်အိုများ၏ ဘဝအမှန်တကယ်လုံခြုံမှုရှိစေရေးနှင့် သက်ကြီးရွယ်အိုများ၏ စွမ်းအားကို နိုင်ငံတော်တည်ဆောက်ရေးဖြစ်စဉ်တွင် ထည့်သွင်းအသုံးပြုသွားနိုင်ရေးအတွက် အခွင့်အလမ်းဖန်တီးပေးရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဂုဏ်ပြုချီးမြှင့်**
**ငွေကျပ် ၁၀ သိန်း ပေးအပ်**

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက မြန်မာတစ်နိုင်ငံလုံးတွင် အသက်အကြီးဆုံး အဘိုး ဦးကိုကိုကြီး အသက် ၁၂၈ နှစ်ကို ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းပေးအပ်ရာ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအောင်မြင့်က လက်ခံရယူသည်။ ရှမ်းပြည်နယ်အတွင်းရှိ အသက်အကြီးဆုံး ဘိုးဘွားသုံးဦးအတွက် ကျပ်တစ်သိန်း ငါးသောင်း ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရာ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းရိုးမဘိုးဘွားရိပ်သာအတွက် ထောက်ပံ့ကြေးငွေကျပ် နှစ်ဆယ့်ကိုးသိန်းလေးသောင်း ထောက်ပံ့ပေးအပ်ရာ ရှမ်းရိုးမဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးထွန်းဦးက လက်ခံရယူသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဘိုးဘွားများအား ပူဇော်ကန်တော့ငွေနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းပေးကြကာ အဘိုးအဘွားများကိုယ်စား ရှမ်းရိုးမဘိုးဘွားရိပ်သာမှ အဘွားဒေါ်သင်းမြိုင်က ဆုတောင်းမေတ္တာပို့သပေးသည်။

ထို့နောက် အဘိုးအဘွားများအား စဝ်စံထွန်းဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစစ်ဆေးပေးနေမှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ကြည့်ရှုအားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

တောင်ကြီးမြို့ပေါ် ၂၂ ရပ်ကွက်အတွင်းရှိ အသက် ၈၇ နှစ်နှင့်အထက်စာရင်းရှိ အဘိုး ၁၅၄ ဦး၊ အဘွား ၃၀၁ ဦး စုစုပေါင်း ၄၅၅ ဦးရှိပြီး အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားသို့ အဘိုး ၂၄ ဦး၊ အဘွား ၁၇ ဦး စုစုပေါင်း ၄၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နှလုံးသားထဲကမြို့

မြင့်ထွေး (ဟိုတယ်/ ခရီး)

**မည်သည့်မြို့က အလှဆုံးလဲဟု ကျွန်တော့်ကိုမေးလာခဲ့လျှင် တောင်ကြီးမြို့ဟု ဖြေမိမှာဖြစ်သလို အပန်းဖြေရန် မည်သည့်မြို့ကိုသွားမလဲမေးလျှင် ပြင်ဦးလွင်မြို့ကို ရွေးချယ်မည်ဖြစ်ပါသည်။ ရက်ရှည် အနားယူမည်ဆိုလျှင်တော့ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့အနီးမှ ညောင်ဦးဖီးကျွန်းကို သွားမည်ဟုဖြေမည်။ အလားတူ..မည်သည့်မြို့ကို အနှစ်သက်ဆုံးလဲဟု မေးလာခဲ့လျှင်တော့ ထင်းရှူးမြို့တော်ဖြစ်သည့် ကလောမြို့ဟု မဆိုင်းမတွဖြေပါမည်။**



အဘယ်ကြောင့်ဆိုသော် ကလောမြို့တွင် ကျွန်တော်ချစ်သော ရှမ်း၊ ဓနု၊ ပအိုဝ်း၊ တောင်ရိုး၊ ပလောင်တိုင်းရင်းသားများရှိသည်။ ကျွန်တော်နှစ်သက်သည့် စိမ်းညို့သော တောင်တန်းများ၊ တသွင်သွင်စီးဆင်းနေသော စမ်းချောင်းများ၊ သန့်ရှင်းလတ်ဆတ်သော အသီးအနှံများ၊ တစ်မူကွဲပြားထူးခြားသည့် ရိုးရာပွဲတော်များရှိသည်။ ကျွန်တော်မြတ်နိုးသည့် ထင်းရှူးတောများ၊ ဝက်သစ်ချပင်များ၊ ရောင်စုံပွင့်သော ပန်းမန်များနှင့် စိန်ပန်းပြာများ၊ ချယ်ရီပန်းများ၊ အေးမြသော နှင်းပွင့်နှင်းစက်များ၊ ဖြူလွသည့် တိမ်စိုင်၊ တိမ်လိပ်များ၊ တိမ်ပင်လယ်များလည်းရှိသည်။

ထို့အပြင် ခရီးသွားလုပ်ငန်းတွင် လူ့ဘဝသက်တမ်း လေးပုံသုံးပုံခန့်အထိ နှစ်မြှုပ်ထားခဲ့သဖြင့် မိမိဘဝဟုခေါ်ဆိုနိုင်လောက်သည့် ခရီးသွားလုပ်ငန်း အခွင့်အလမ်းများစွာရှိသော ထင်းရှူးမြို့တော်တွင် အငြိမ်းစားယူသည့်အချိန်၌ အခြေချနေထိုင်ပြီး ဤမြို့လေး၏ ခရီးသွားလုပ်ငန်းများအပေါ် အထောက်အပံ့ပြုရင်း စာရေးခြင်း၊ ဂေါက်ရိုက်ခြင်းများဖြင့်ပြီးဆုံးရန် ရည်ရွယ်ထားသောကြောင့်လည်းဖြစ်သည်။

### မောမြေသဘာဝ

ကလောမြို့သည် တစ်နှစ်ပတ်လုံး အေးမြသည့် ရာသီဥတုရှိသဖြင့် အသက်အရွယ်မရွေး၊ ဆင်းရဲ၊ ချမ်းသာမရွေး ကြိုက်နှစ်သက်ကြသည်။ ထင်းရှူးပင်များကြားမှ ဖြတ်သန်းလာသော သန့်ရှင်းလတ်ဆတ်သည့် လေများက ကျန်းမာရေးကို အထောက်အကူဖြစ်စေသည်။ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်နယ်စပ်ဖြစ်သည့် နမ့်ပန်တက်ရွာမရောက်မီကပင် အကွေ့အကောက် အတက်အဆင်းများ၊ လမ်းဘေးတစ်လျှောက် အုပ်ဆိုင်းသော သစ်တောများက ခရီးသွားသူများနှင့် အကြောင်းအမျိုးမျိုးဖြင့် လာရောက်သူအပေါင်းကို စွဲလမ်းမှုဖြစ်စေသည်။ ကားလမ်းဘေးတစ်လျှောက်တွင် ဝါးရေတံလျှောက်များဖြင့် သွယ်တန်းကာ ရာသီမပြတ် ရေပေးဝေထားသဖြင့် တောင်ပေါ်ဒေသ တိုင်းရင်းသားတို့၏ စေတနာနှင့် ရိုးရာဓလေ့ပုံရိပ်ကို ပေါ်လွင်စေသည်။

မြေပြန့်လွင်ပြင်မှ ရှမ်းကုန်းပြင်မြင့်သို့ အချိုး၊ အကွေ့၊ အတက်၊ အဆင်းများဖြင့် ဖောက်လုပ်ထားသောလမ်းဖြစ်၍ ကုန်စည်ပို့ဆောင်သောယာဉ်များ၊ ခရီးသည်ပို့ဆောင်သည့် Express ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များ၏ စည်းကမ်းရှိစွာ စီတန်းမောင်းနှင်နေသည့် ယာဉ်တန်းရှည်ကို View Point များမှကြည့်လျှင် လှပသည့်ရှုခင်းအဖြစ် တွေ့မြင်ရသည်။

ရာသီဥတုအေးမြပြီး ထင်းရှူးပင်ပေါက်ရောက်တတ်သော အခြားဒေသ၊ မြို့များတွင် လူဦးရေ ထူထပ်လာမှု၊ မြို့ပြဆန်လာမှု၊ မြို့ဧရိယာတိုးချဲ့မှု၊ သစ်တောများကို ခုတ်ထွင်ရှင်းလင်း၍ စိုက်ပျိုးမြေအဖြစ် ပြောင်းလဲမှု၊ သစ်တောမြေအတွင်း အိမ်ရာအဆောက်အအုံများ ဆောက်လုပ်လာမှုများကြောင့် ထင်းရှူးပင်များ ပြုန်းတီးပျောက်ကွယ်ကုန်သည့်အပြင် ရာသီဥတုပြောင်းလဲသည်အထိ တွေ့ရှိရသော်လည်း ကလောမြို့လေးအနေဖြင့်မူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှု၊ ဒေသအာဏာပိုင်တို့၏ ထိန်းကျောင်းမှု၊ ကလောချစ်သူများက ဝိုင်းဝန်းကြိုးပမ်းထိန်းသိမ်းမှုများကြောင့် ကလောမြို့မရောက်မီ ရေယားကျေးရွာမှစတင်၍ ထင်းရှူးပင်များကို တွေ့ရှိရပြီး ဝန်းကျင်တစ်ခုလုံး ၃၆၀ ဒီဂရီ မျက်စိမြင်မြင်ရာတွင် ထင်းရှူးပင်များအပြည့် စိမ်းညို့လျက်ရှိသည်။

### ထင်းရှူးမြို့အလှ

ကလောမြို့လေးသည် သေးငယ်လှသော်လည်း အေးချမ်းသာယာလှပမှုနှင့် ပြည့်စုံသောမြို့လေးဖြစ်၍ လာရောက်အပန်းဖြေသူများဖြင့် အမြဲစည်ကားလျက်ရှိသည်။ ငါးရက်တစ်ဈေးသည် ကလောမြို့၏ ထင်ရှားသော ဒေသဓလေ့ ပုံရိပ်တစ်ခုဖြစ်သည်။ ဈေးနေ့တွင် ပတ်ဝန်းကျင်၊ မြို့၊ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားများက ဒေသထွက်အသီးအနှံများ၊ အစားအစာများ၊ ပန်းမန်များ၊ လာရောက်ရောင်းချကြသလို ကလောမြို့ဒေသခံများကလည်း စားသောက်ဆိုင်များ၊ ကုန်မာဆိုင်များ၊ ကုန်စို၊ ကုန်ခြောက်ဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ ဒေသထွက် အမှတ်တရပစ္စည်း အရောင်းဆိုင်များဖြင့် စုံလင်စွာ ဖွင့်လှစ်ရောင်းချကြသဖြင့် အလွန်စည်ကားလှသည်။ ကလောဈေးနေ့တွင် ဒေသခံတိုင်းရင်းသားများ၏ ဝတ်စားဆင်ယင်မှု၊ ဓလေ့စရိုက်များကို စုံလင်စွာတွေ့ရသည်။ တိုင်းရင်းသားများက ကတ်ဆက်ကြီးများကို ပခုံးပေါ်ထမ်း၍လမ်းလျှောက်ရင်း သီချင်းများကို အတန်ငယ်ကျယ်လောင်စွာ ဖွင့်ကြသည်။ ၎င်းတို့စိုက်ပျိုးသော အသီးအနှံများကို ရောင်းချကြသည်။ အသီးအနှံရောင်းချရရှိသောငွေများဖြင့် လိုအပ်သော ကုန်ပစ္စည်းများကို ဝယ်ယူကြသလို လာရောက်ရောင်းချသူ အချင်းချင်းလည်း ကုန်ပစ္စည်းဖလှယ်တတ်ကြသည်။

ကိုဗစ်-၁၉ မတိုင်မီကာလ ၂၀၁၈၊ ၂၀၁၉ ခုနှစ်များသည် ကလောမြို့လေးသို့ မရောက်ဖူးသော လူစိမ်းများအတွက် နိုင်ငံခြားသားများ နေထိုင်သောမြို့လားဟု အမေးခံရသည်အထိ ကမ္ဘာလှည့်ခရီးသည်များ များပြားခဲ့သည်။ ကမ္ဘာလှည့်ခရီးသည်များ၊ ပြည်တွင်းခရီးသွားဧည့်သည်များဖြင့် စည်ကားလှသည့် ထင်းရှူးမြို့တော်အဖြစ် မှတ်ကျောက်တင်ထားနိုင်ခဲ့သည်။ ခရီးသွား ဧည့်သည်များအနေဖြင့် ကလောမြို့တွင်း လည်ပတ်ခြင်း၊ ကလောမြို့အနီးဝန်းကျင် Trekking ခရီးစဉ်များဖြင့် တိုင်းရင်းသားများ၏ ရိုးရာဓလေ့များ လေ့လာခြင်းများကို ဆောင်ရွက်ကြသကဲ့သို့ ကလောမြို့ကို ဗဟိုပြု၍ မင်္ဂလာဆင်စခန်း၊ ဖျိုက်တောင်၊ အိုးစည်တောင်၊ မှိုင်းလုံးတောင်၊ ရေယောင်းမ View Point၊ ပင်းတယ၊ ရွာငံ၊ ညောင်ရွှေ၊ အင်းလေး၊ တောင်ကြီး၊ ကျောက်တစ်လုံး(ကက္ကူ)၊ ဟိုပုံးမြို့များသို့ လည်ပတ်ကြသည်။

အထူးသဖြင့် ကလောမြို့မှ ခြေကျင်ခရီးဖြင့်လည်ပတ်သော Trekking ခရီးစဉ်များကို ဥရောပနိုင်ငံသားများ အလွန်ကြိုက်နှစ်သက်ကြသည်။ ၂၀၁၈၊ ၂၀၁၉ ခုနှစ်များက တစ်ရက်လျှင် ကမ္ဘာလှည့်ခရီးသည် ၂၀၀ ခန့် ကွန်ရက်သဖွယ် လွှမ်းထိုးသွားလာခဲ့သော Trekking ခရီးစဉ်များကြောင့် ဒေသနေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းမွန်ခဲ့သလို တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝအခြေအနေများလည်း တိုးတက်ခဲ့သည်။

### ကမ္ဘာလှည့်ခရီးသည်များအကြိုက်

ကလောမြို့မှ ဓနု၊ ပလောင်၊ တောင်ရိုးကျေးရွာများသို့ သွားရောက်မှုများသော Trekking လမ်းကြောင်း ခြောက်ခုရှိကြောင်း လေ့လာသိရှိရသည်။ ပထမလမ်းကြောင်းမှာ ကလော-ကလောဗျူးပွိုင့်- ကလော ခြောက်နာရီခန့်ကြာခရီးစဉ်ဖြစ်သည်။

ဒုတိယ Trekking လမ်းကြောင်းမှာ ကလော- မြင်းက- ပိန္နဲပင်- ကလော လမ်းကြောင်းဖြစ်သည်။ ဤခရီးစဉ်မှာ ခရီးစဉ်အစမှ အဆုံးအထိ ခုနစ်နာရီခန့် ကြာမြင့်သည်။

တတိယ ခရီးစဉ်လမ်းကြောင်းမှာ ကလောဝန်းကျင်တစ်ပတ် တစ်နေ့တာ ခြေကျင်ခရီးဖြစ်သည့် ကလော- လူ့ပြင်ကျေးရွာ- တောင်ကြီးချေ -မြင်းမထိ- မှိုင်းလုံးတောင် - ကလောခရီးစဉ်ဖြစ်သည်။

စတုတ္ထခရီးစဉ်မှာ ကလောမြို့မှ အင်းလေးကန်သို့ နှစ်ညအိပ်သုံးရက် Trekking ခရီးစဉ်ဖြစ်သည်။ ခရီးစဉ် ပထမရက်တွင် ကလောမြို့မှ ခြောက်နာရီကြာ လမ်းလျှောက်ခရီးဖြစ်သည့် ကလော View Point- ရေအေးကန်- မြင်းတိုက်ဘူတာ- ရွာပုရွာခရီးစဉ်ဖြစ်ပြီး ရွာပုရွာ၌ ညအိပ်ရပ်နားသည်။

ဒုတိယရက်တွင် ရွာပုရွာမှ ဓနုတိုင်းရင်းသားကျေးရွာ သုံးရွာကို တောင်စဉ်တောင်ကြားများမှ ဖြတ်သန်းပြီး နောက်ဆုံး ကုန်းလှကျေးရွာ၌ ညအိပ်ရပ်နားသည့် ခုနစ်နာရီကြာခရီးစဉ်ဖြစ်သည်။

တတိယရက်တွင် ကုန်းလှရွာ-ကျောက်စုရွာ- နန်းယုတ်ရွာ- တုန်းလယ်ရွာ၊ ထိုရွာမှတစ်ဆင့် အင်းလေးကန်ကို စက်လှေဖြင့် ဖြတ်ကျော်၍ ညောင်ရွှေတွင် ညအိပ်ရပ်နားကာ အခြားမြို့များသို့ ထွက်ခွာခြင်း (သို့မဟုတ်) ကလောသို့ ပြန်လည်ဝင်ရောက်ခြင်းဖြစ်သည်။

ပဉ္စမ Trekking ခရီးစဉ်မှာ နှစ်ညအိပ် သုံးရက်ခရီးစဉ်ဖြစ်သည်။ ပထမရက်တွင် အချိန်ခြောက်နာရီခွဲကြာမြင့်ပြီး စတုတ္ထခရီးစဉ်လမ်းကြောင်း၏ ပထမနေ့ရက် Trekking ခရီးစဉ်ကဲ့သို့ပင် ကလောဗျူးပွိုင့်- ရေအေးကန်- မြင်းတိုက်ဘူတာ- ရွာပုရွာ- စကြာကုန်းကျေးရွာ- (သို့မဟုတ်) တောင်လားဓနုကျေးရွာများသို့သွားရောက်ခြင်းဖြစ်သည်။

ဒုတိယရက်တွင် တောတွင်းခရီး ခုနစ်နာရီကြာမြင့်သည့် လင်းပန်းရွာ-ကျောက်စုရွာ- နန်းတိုင်းရွာ - ပတ္တူပေါက်ရွာခရီးစဉ်ဖြစ်ပြီး ပါတုရွာတွင် ညအိပ်ရပ်နားခြင်းဖြစ်သည်။

တတိယရက်တွင် စတုတ္ထခရီးစဉ်လမ်းကြောင်း၏ တတိယရက်ခရီးစဉ်အတိုင်း ညောင်ရွှေသို့ ရောက်ရှိရပ်နားပြီး အခြားမြို့များသို့ ထွက်ခွာခြင်း (သို့မဟုတ်) ကလောသို့ ပြန်လည်ဝင်ရောက်ခြင်းဖြစ်သည်။

ဆဋ္ဌမ Trekking ခရီးစဉ်မှာ တစ်ညအိပ် နှစ်ရက်ခရီးစဉ်ဖြစ်ပြီး ကလော-အင်းလေးခရီးစဉ်ဖြစ်သည်။ ပထမရက်တွင် ကလော- လမိုင်း- ပင်နွယ်- ပေါကီ- ကုန်းလကျေးရွာများသို့ သွားရောက်ကာ တိုင်းရင်းသားအိမ်များတွင် တည်းခိုရပ်နားကြသည်။ **စာမျက်နှာ ၇ သို့** ✡





✡ စာမျက်နှာ ၆ မှ

ဒုတိယရက်ခရီးစဉ်မှာ ကျောက်စု-နန်းရုတ်-တုန်းလယ်ကျေးရွာမှတစ်ဆင့် စက်လှေဖြင့် ညောင်ရွှေသို့ သွားရောက်ကာ ညောင်ရွှေတွင် ရပ်နားပြီး အခြားမြို့များသို့ ထွက်ခွာခြင်း (သို့မဟုတ်) ကလောသို့ ပြန်လည်ဝင်ရောက်ခြင်းဖြစ်သည်။

ကမ္ဘာလှည့်ခရီးသည်များနှင့် ခရီးသွားခြင်းကို မြတ်နိုးကြသော ပြည်တွင်းခရီးသွားများက ဤ Trekking ခရီးစဉ်များကို စဉ်ဆက်မပြတ်သွားလာမှုများကြောင့် ခရီးစဉ်လမ်းကြောင်းကွန်ရက်များအတွင်း အသွား/ အပြန်များဖြင့် လူးလာခေါက်တုံ့ သွားလာခဲ့ကြသော်လည်း ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှစတင်သော ကိုဗစ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့၏ ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းသွားသကဲ့သို့ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းလည်း ရပ်ဆိုင်းသွားခဲ့ရသည်။ ကိုဗစ်ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်းများ ဆက်တိုက်ခံစားခဲ့ရသည့် ကပ်ရောဂါသက်တမ်းကာလ နှစ်နှစ်ကျော်အတွင်း လုပ်ငန်းများ၊ ကုမ္ပဏီများ ရှင်သန်ရပ်တည်နိုင်ရေးအတွက် နှစ်ပေါင်းများစွာ ရင်းနှီးမြှုပ်နှံလာခဲ့သော Tourism Industry Professional ဘဝမှ အခြားသင့်လျော်ရာ စီးပွားရေးလုပ်ငန်းများသို့ ပြောင်းလဲလုပ်ကိုင်ခဲ့ကြရသည်ကို တွေ့ရှိရသည်။

**ကိုဗစ်အလွန်ပြန်လည်သက်ဝင်စေရန်**

ကျွန်တော်ချစ်သော၊ နှစ်သက်သော ကမ္ဘာလှည့်ခရီးသည်များမြို့ (တစ်နည်းအားဖြင့်) ခရီးသွားမြို့ဖြစ်သည့် ကလောမြို့လေးသည် ကမ္ဘာလှည့်ခရီးသည်များ၊ ပြည်တွင်းခရီးသွား ဧည့်သည်များ လာရောက်မှု ရပ်တန့်သွားသည့်အတွက် သင်္ကြန်ကာလ ကလောမြို့သို့ ရောက်ရှိစဉ် ခရီးသွားမိတ်ဆွေများကို ကလော Trekking ခရီးစဉ် သွားရောက်နိုင်ပြီဖြစ်ကြောင်း ဖိတ်ခေါ်ပြသလိုစိတ်ဖြင့် နာမည်ကြီးလှသည့် ကလော Trekking ခရီးစဉ်ကို ကွင်းဆင်းလေ့လာတင်ပြရန် စီစဉ်ဖြစ်ခဲ့သည်။

ခရီးစဉ်မှာ မိမိတစ်ယောက်တည်းဖြစ်နေ၍ စိတ်တူကိုယ်တူ အတွဲညီကြသည့် ငယ်ပေါင်းမိတ်ဆွေ ကိုမျိုးသန့်နိုင်က အတူလိုက်ပါပေးသည်။ အခြေအနေအချိန်အခါအရ လိုက်လံပို့ဆောင်ပေးမည့် Regional Guide ကိုလည်း နေထိုင်ရာလိပ်စာ၊ ကိုယ်ရေးအချက်အလက်၊ လုပ်ငန်းအတွေ့အကြုံများ သေသေချာချာမေးမြန်းစိစစ်၍ ရွေးချယ်ခဲ့ရသည်။ နှစ်နှစ်ကျော် ရပ်ဆိုင်းသွားသော Trekking ခရီးစဉ်လမ်းကြောင်းတွင် မည်သူမျှမရှိဘဲ ကျွန်တော်တို့သုံးဦးသာ တောတိုးလမ်းလျှောက်သွားကြမည်ဖြစ်၍ ဧည့်လမ်းညွှန်ကလေးက ခရီးစဉ်အသေးစိတ်ကို မသွားရောက်မီ ကျွန်တော့်အား ကြိုတင်ရှင်းပြသည်။ နှစ်ဦးဆွေးနွေးညှိနှိုင်းမှု ပြီးသည်နှင့် လမ်းခရီးတစ်လျှောက် လိုအပ်သော စားနပ်ရိက္ခာ၊ ပစ္စည်းအစုံအလင်ဖြင့် ဧည့်လမ်းညွှန်က စီစဉ်သလို ကျွန်တော်နှင့် ကိုမျိုးသန့်နိုင်တို့နှစ်ဦးကလည်း ခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်ကြသည်။ ကျွန်တော်က ကလောကို သွားမည်ဆိုကတည်းက Trekking ခရီးစဉ်သွားရောက်ရန် ကြိုတင်စီစဉ်ထား၍ အခက်အခဲမရှိလှသော်လည်း မိတ်ဆွေမှာ ကလောသို့ အလည်ရောက်ရှိချိန်ဖြစ်၍ ခရီးရှည်အတွက် လိုအပ်သောပစ္စည်းများကို သီးခြားထပ်ဝယ်ရသည်။

ကျွန်တော်တို့သုံးဦး နံနက် ၆ နာရီခွဲတွင် စုရပ်ဖြစ်သော ကလောဘူတာ၌ဆုံကြသည်။ ထို့နောက် အရှေ့ဗိုလ်ကုန်းရှိ တောင်စောင်း၊ တောင်ကြောများတွင် ဆောက်လုပ်ထားသည့် ဥရောပဆန်ဆန် အဆောက်အအုံများ၊ သက်တမ်းရှည် အဆောက်အအုံများ၊ ထင်းရှူးပင်များ၊ ဝက်သစ်ချပင်များကြားမှ စတင်လျှောက်လှမ်းကြသည်။ နံနက်စောစော အအေးဓာတ်နှင့် တောင်ကြားမှပတ်၍ တိုးဝင်လာသောလေကြောင့် ဝတ်ဆင်လာသောအနွေးထည်က အအေးဒဏ်ကို ကာကွယ်နိုင်သော်လည်း မျက်နှာသို့ ထိတွေ့လာသည့် နှင်းမှုန်များကတော့ သူစိမ်းဆန်လှသည်။ နှင်းမှုန်များ ထူထဲမှုကြောင့် မျက်စိရှေ့ ပေ ၅၀ ခန့်ကို မမြင်ရသော်လည်း နှစ်ပေခန့်သာ ကျယ်သော လူသွားလမ်း မြေနီနီကို အာရုံစိုက်ကြည့်ပြီး တစ်ဦးနှင့်တစ်ဦး အသံပေးကာ လျှောက်ခဲ့ကြသည်။ ခြေချော်ပါက တောင်စောင်းအတိုင်း လိမ့်ဆင်းသွားနိုင်ပြီး လိမ့်ဆင်းသွားလျှင်လည်း ပြန်တက်ရမည့်အခြေအနေမှာ မလွယ်လှ။

**လက်တွေ့ခရီးကြမ်းခရီးစဉ်**

တောင်ပတ်လမ်း၊ တောင်ကြော၊ တောင်ဆင်း၊ တောင်တက်ခရီးကြမ်းဖြင့် တစ်နာရီကျော် ခရီးပေါက်သည့်အချိန်တွင် ချွေးအနည်းငယ်ထွက်လာသည်။ နေရောင်က တောင်ကို မကျော်နိုင်သေး၍ အနွေးဓာတ်ကို မခံစားရသေးသော်လည်း ချွေးဖြင့်ကပ်နေသည့် အနွေးထည်ကို ချွတ်ကာ ကျောပိုးအိတ်ထဲသို့ ပြောင်းထည့်ပြီး ရေတစ်ငုံသောက်ဖြစ်သည်။ ဧည့်လမ်းညွှန်က ကျောပိုးအိတ်အတွင်း ကြိုတင်စီစဉ်လာသည့် ပေါင်မုန့်နှင့် ငှက်ပျောသီးကို နံနက်စာအဖြစ် ကျွေးသဖြင့် လမ်းလျှောက်ရင်းနှင့်ပင် စားဖြစ်သည်။ ကလော Trekking ခရီးစဉ်ကို ပထမဦးဆုံးအကြိမ် သွားရောက်ခြင်းဖြစ်၍ ဧည့်လမ်းညွှန်နှင့် Trekking ခရီးစဉ်အတွေ့အကြုံ၊ လာရောက်သည့် ကမ္ဘာလှည့် ခရီးသည်အမျိုးအစားနှင့် ၎င်းတို့၏ အလေ့အထများအကြောင်းကို စူးစမ်းမေးမြန်းရင်း မှတ်တမ်းလည်းတင်၊ ဗီဒီယိုလည်းရိုက်၊ Live လည်း လွှင့်ရင်း ခရီးသွားမိတ်ဆွေများအား ခရီးစဉ်အခြေအနေများကို အသိပေးဝေငှခဲ့သည်။

ခရီးစဉ်တစ်လျှောက်ရှိ ရွာများမှာ လူ့ပြင်ရွာ၊ ရှားပင်ရွာ၊ ရွာပုရွာ၊ ပြင်သာရွာ၊ မြင်းတိုက်ရွာ၊ မြင်းစိုင်းကုန်းရွာများဖြစ်ပြီး ဓနုတိုင်းရင်းသားကျေးရွာများဖြစ်သည်။ ဟင်းစားကုန်းရွာမှာ ပလောင်တိုင်းရင်းသား ကျေးရွာဖြစ်သည်။ တိုင်းရင်းသားများဖြစ်၍ ရိုးသားကြသည်။ ဖော်ရွေကြသည်။ ဖြူစင်ကြသည်။ ရောက်ရှိသည့်ရွာတိုင်းက ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှုအတွေ့အကြုံရှိပြီးဖြစ်၍ အပြုံးဖြင့်နှုတ်ဆက်ကြသည်။

လမ်းလျှောက်ချိန် လေးနာရီခန့်အကြာ နံနက် ၁၁ နာရီတွင် ရှားပင်ရွာသို့ရောက်ရှိပြီး ဓနုရိုးရာအိမ်တွင် ခေတ္တရပ်နားကာ အမောဖြေကြသည်။ ဧည့်လမ်းညွှန်က အသင့်ဝယ်ယူလာသော ခေါက်ဆွဲ၊ အသား၊ ဟင်းသီးဟင်းရွက်များဖြင့် နေ့လယ်စာကို ကိုယ်တိုင်ချက်ပြုတ်နေချိန်တွင် အိမ်ရှင်တို့က ရေနွေးကြမ်း၊ နေကြာစေ့တို့ဖြင့် ဧည့်ခံသည်။ နေ့လယ်စာကို ဖွယ်ဖွယ်ရာရာ မဟုတ်သည့်တိုင် လိုအပ်သည်ထက် ပိုမိုစုံလင်ကာ ချိုမြိန်လှသည်။

ထို့နောက် ဆက်လက်၍ တစ်ရွာပြီး တစ်ရွာ ခရီးဆက်ခဲ့ကြပြီး တွေ့သမျှ တိုင်းရင်းသားများနှင့် စကားပြောဖြစ်သည်။ ဓနုတိုင်းရင်းသားများမှာ အသက်အရွယ်ကြီးရင့်သော်လည်း အပင်ပန်းခံနိုင်ကြသည်။ နေ့စဉ်လှုပ်ရှားရုန်းကန်မှုနှင့်အတူ ဆိုးဆေးနှင့် ဓာတ်မြေသြဇာများ ပါဝင်မှုမရှိသော လတ်ဆတ်သည့် အသီးအနှံများ စားသုံးခြင်းနှင့် ရာသီဥတုမျှတကောင်းမွန်ခြင်းကြောင့် အသက်ရှည်စွာ နေထိုင်နိုင်ကြသည်ကို တွေ့ရသည်။ ကလေးငယ်များကို ကျောပိုး၍ ခုနစ်မိုင်ခန့်ဝေးသော ကလောမြို့သို့ သွားရောက်ကာ ဒေသထွက်အသီးအနှံများကို ရောင်းချခြင်း၊ လိုအပ်သောကုန်ပစ္စည်းများ ဝယ်ယူခြင်းတို့ကို ပြုလုပ်နိုင်ကြသည်။

မြင်းတိုက်ဘူတာသို့ ရောက်ရှိစဉ် ၁၉၈၇ ခုနှစ်က မီးရထားလမ်းလုံခြုံရေးအတွက် စခန်းထိုင်နေခဲ့ရသည်ကို ပြန်ပြောင်းအမှတ်ရစေသည်။ သာစည်မှ ကလော၊ ရွှေညောင်သို့ မီးရထားဖြင့် ခရီးသွားရောက်သူများအဖို့ နာမည်ကြီးထင်ရှားသော မြင်းတိုက်၊ ဆင်တောင်၊ ခွေးရုပ်ဘူတာများနှင့် ပထမလွန်းထိုး၊ ဒုတိယလွန်းထိုး၊ တတိယလွန်းထိုး၊ စတုတ္ထလွန်းထိုးနေရာများကို ကြုံတွေ့ရမည်ဖြစ်သည်။ ခရီးစဉ်အတွင်း တောင်ထိပ်မှမြင်တွေ့ရသော လှေကားထစ်စိုက်ခင်းများ၊ မြေပြန့်လွင်ပြင်နှင့် လွင်ပြင်အဆုံးသတ်ရှိ နောက်ခံတောင်စဉ်တောင်တန်းများ၏ ရှုခင်းများက ကြည့်မြင်ရသူကို မှင်သက်စေသည်။ လမ်းတစ်လျှောက်ရှိ ထင်ရှူးရနံ့၊ ခံပန်းရနံ့များက အမောပြေစေသည်။ မိုးရွာထား၍ မိုးကြိုပန်းလေးများနှင့် စွယ်တော်ပန်းလေးများကိုလည်း လမ်းဘေးဘယ်ညာ တစ်ဖက်တစ်ချက်တွင် လှပစွာအစီအရီရောင်စုံတွေ့ရသည်။

**ပလောင်တောင်သို့**

လျှောက်ခဲ့သည့် ခရီးစဉ်က ၁၀ မိုင်ကျော်ပြီဖြစ်၍ အသက်အရွယ်အရ ခြေကုန်လက်ပန်းကျ အတော်မောဟိုက်နေပြီဖြစ်သော်လည်း အလွန်သွားရောက်လိုသည့် ပလောင်တောင်သို့ မရောက်သေးသဖြင့် နောက်ထပ် သုံးမိုင်ခန့်ဝေးသည့် ဟင်းစားကုန်းကျေးရွာ (ပလောင်တောင်) သို့ တက်မည့်လမ်းကို ရွေးချယ်တက်ရောက်ခဲ့ကြသည်။ ဟင်းစားကုန်းကျေးရွာကို တောင်ထိပ်တွင် တည်ထားသဖြင့် အလွန်သာယာလှပသည်။ နှစ်နှစ်ခန့် ခရီးသည်များလာရောက်မှုမရှိတော့၍ ရောက်ရှိလာသော ကျွန်တော်တို့ကို ပလောင်တိုင်းရင်းသားများက အထူးအဆန်းသဖွယ် ကြိုဆိုကြသည်။ ကျွန်တော်တို့နှင့် စကားလာပြောကြသည်။ ပလောင်တိုင်းရင်းသားများ၏ အဓိက အသက်မွေးဝမ်းကျောင်းမှာ လက်ဖက်စိုက်ပျိုး ရောင်းချခြင်းဖြစ်သည်။ ပလောင်တိုင်းရင်းသူများမှာ အသက် (၁၅)၊ (၁၆) နှစ်အရွယ်တွင် ဓလေ့ထုံးတမ်းစဉ်လာအရ အိမ်ထောင်ပြုကြသည်။ တော၊ တောင်ထဲတွင်နေကြသော်လည်း အသားအရေဖြူဖွေးပြီး ချောမောလှပကြသဖြင့် နိုင်ငံခြားသူနှင့်ပင် မှားနိုင်လောက်သည်။

ခရီးသွား ခေတ်ကောင်းစဉ်က ပလောင်ရိုးရာအကများ ဖျော်ဖြေခြင်း၊ ပလောင်အစားအစာများ ဧည့်ခံခြင်း၊ ပလောင်ဂျပ်ခုတ်လုပ်ငန်းများ ပြသခြင်း၊ လက်ဖက်လုပ်ငန်း ပြသခြင်းတို့ဖြင့် ဧည့်သည်များကို ဆွဲဆောင်နိုင်ခဲ့ကြသည်။ ပလောင်တောင်မှအဆင်း တောင်ကြောအကွေ့တွင် Trekking သမားများ စွဲမက်နှစ်သက်ကြသည့် ပလောင်တောင် View Point ကို ရောက်သည်။ ပလောင်တောင် View Point မှာ ကိုဗစ်ကာလ နှစ်နှစ်ကျော် စွန့်ပစ်ထားကြသည်ဖြစ်၍ ၇၀ ရာခိုင်နှုန်းခန့် ပျက်စီးနေပြီဖြစ်သည်။ ခြောက်ကပ်နေသော View Point အဆောက်အအုံများကို ကြည့်ရင်း စိတ်မချမ်းမြေ့စွာ ခံစားမိသည်။ ဧည့်လမ်းညွှန်၏ ပြောပြချက်အရ ယခင်က ဤနေရာတွင် ကမ္ဘာလှည့်ခရီးသည်များဖြင့် စည်ကားစွာဖြစ်တည်နေမှုကို အတွေးနှင့် မြင်ယောင်ကြည့်နူးမိသည်။

ပလောင်တောင် View Point အဆင်း ကလောရောက်ရှိရန် သုံးမိုင်ခန့်အလိုတွင် Kalaw View Point ကို ရောက်သည်။ သင်္ကြန်ပိတ်ရက်ဖြစ်၍ နယ်အသီးသီးမှ ကလောမြို့သို့ လာရောက်ကြသော ပြည်တွင်းခရီးသည်များက ညနေဆည်းဆာနေဝင်အလှကို ကြည့်ရှုခံစားရင်း အပန်းဖြေရန် Kalaw View Point သို့ ရောက်ရှိနေကြသဖြင့် ခရီးသွားသက်ဝင်မှုကို တွေ့ရှိရသည်။

ကလောဘူတာလမ်း နေအိမ်ပြန်ရောက်တော့ မိုးစုပ်စုပ်ချုပ်ပြီဖြစ်သည်။ လက်ကိုင်ဖုန်းမျက်နှာပြင်ရှိ All Health Data က ယနေ့လျှောက်ခဲ့သောခြေလှမ်းပေါင်း ၄၄၄၇၃ လှမ်းနှင့် ညီမျှသည့် မိုင်ပေါင်း ၂၈ ဒသမ ၉ ကီလိုမီတာကို ပြသနေသည်။ ခဏအနားယူပြီး တစ်နေ့တာလမ်းလျှောက်ခဲ့မှုကို ရေနွေးနှင့်ရေချိုး၍ အကြောပြေလျှော့စေကာ ညစာထမင်းစားအပြီး အိပ်ရာဝင်ခဲ့သော်လည်း Trekking လမ်းကြောင်းများ ဖွံ့ဖြိုးရေးအတွက် ပြင်ဆင်ဆောင်ရွက်သင့်သည်များကို တွေးတောစဉ်းစားရင်း ကလောမြို့လေးနှင့်အတူ ကလော Trekking လမ်းကြောင်းများတွင် ကမ္ဘာလှည့်ခရီးသည်များ၊ ပြည်တွင်းခရီးသွားများ စည်ကားစေချင်လှသည့် စိတ်က တော်တော်နှင့်အိပ်မပျော်ခဲ့။

**ခရီးသွားမြို့**

ထင်းရှူးမြို့တော် ကလောမြို့လေးအား သန့်ရှင်းသာယာလှပပြီး အပန်းဖြေတောင်ပေါ် ခရီးသွားမြို့ (Smart Tourism City) ဖြစ်စေရန်အတွက် ဌာနဆိုင်ရာများနှင့် ဒေသခံများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကလည်း ကလောမြို့အား ခရီးသွားမြို့ အကောင်အထည်ဖော်ရေးကော်မတီဖွဲ့စည်းပြီး ကလောမြို့ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းရေးဆွဲရေး လုပ်ငန်းစဉ်အတွက် ပဏာမစိတ်ဝင်စားမှုအဆိုပြုလွှာ (EOI) ခေါ်ယူဆောင်ရွက်ခဲ့ရာ EOI အောင်မြင်သော ကုမ္ပဏီက ပင်မစီမံကိန်းရေးဆွဲလျက်ရှိသည်။ ပင်မစီမံကိန်းတွင် ပါဝင်သောလုပ်ငန်းစဉ်များအတိုင်း အဆင့်လိုက်ဆောင်ရွက်သွားမည်ဖြစ်၍ မကြာသောကာလများတွင် ကလောမြို့လေးသည် ခရီးသွားလုပ်ငန်းဖြင့် ထင်ရှားကျော်ကြားကာ နိုင်ငံတကာအလယ်တွင် ပွင့်လန်းလာဦးမည်ကို မြင်ယောင်နေမိပါတော့သည်။ ။

**❝ ကိုဗစ်-၁၉ မတိုင်မီကာလ ၂၀၁၈၊ ၂၀၁၉ ခုနှစ်များသည် ကလောမြို့လေးသို့ မရောက်ဖူးသောလူစိမ်းများအတွက် နိုင်ငံခြားသားများ နေထိုင်သောမြို့လားဟု အမေးခံရသည်အထိ ကမ္ဘာလှည့်ခရီးသည်များ များပြားခဲ့သည်။ ကမ္ဘာလှည့်ခရီးသည်များ၊ ပြည်တွင်းခရီးသွားဧည့်သည်များဖြင့် စည်ကားလှသည့် ထင်းရှူးမြို့တော်အဖြစ် မှတ်ကျောက်တင်ထားနိုင်ခဲ့သည်။ ခရီးသွားဧည့်သည်များအနေဖြင့် ကလောမြို့တွင်း လည်ပတ်ခြင်း၊ ကလောမြို့အနီးဝန်းကျင် Trekking ခရီးစဉ်များဖြင့် တိုင်းရင်းသားများ၏ ရိုးရာဓလေ့များ လေ့လာခြင်းများကို ဆောင်ရွက်ကြသကဲ့သို့ ကလောမြို့ကို ဗဟိုပြု၍ မဂ္ဂေဆင်စခန်း၊ ဗျိုက်တောင်၊ အိုးစည်တောင်၊ မှိုင်းလုံးတောင်၊ ရေယောင်းမ View Point၊ ပင်းတယ၊ ရွာငံ၊ ညောင်ရွှေ၊ အင်းလေး၊ တောင်ကြီး၊ ကျောက်တစ်လုံး(ကက္ကူ)၊ ဟိုပုံးမြို့များသို့ လည်ပတ်ကြ ❞**



# သက်ကြီးဘိုးဘွားများ၏ဘဝ လုံခြုံမှုရှိစေရေးနှင့် သက်ကြီးရွယ်အိုများ၏စွမ်းအားကို နိုင်ငံတော်တည်ဆောက်ရေးဖြစ်စဉ်များတွင် အသုံးပြု

မြစ်ကြီးနား အောက်တိုဘာ ၂

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီက မြစ်ကြီးနားမြို့တော်ခန်းမ၌ ကျင်းပပြီး ပြည်နယ်အတွင်းရှိ အသက် ၁၀၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ဂါဝရပြုပူဇော်ကန်တော့ခဲ့ကြသည်။



**လေးစားထိုက်၊ ဂုဏ်ပြုထိုက်**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ဘိုးဘွားများ ဖြတ်သန်းကြုံတွေ့လာခဲ့ရသည့် အတွေ့အကြုံ ပညာရပ်နှင့် ဗဟုသုတများသည် တန်ဖိုးမဖြတ်နိုင်သည့် အရာများဖြစ်သည့်အတွက် အနာဂတ်မျိုးဆက်သစ်များကို လက်ဆင့်ကမ်း မျှဝေပေးနိုင်ရန်နှင့် ထိုအတွေ့အကြုံ ပညာရပ်များကို အသုံးချနိုင်ရန် အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးရမှာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် သက်ကြီးဘိုးဘွားများကို လေးစားထိုက်၊ ဂုဏ်ပြုထိုက်သူများဖြစ်သည့်အတွက် အခမ်းအနားကျင်းပပေးရုံသာမက သက်ကြီးဘိုးဘွားများ၏ဘဝ လုံခြုံမှုရှိစေရေးနှင့် သက်ကြီးရွယ်အိုများ၏စွမ်းအားကို နိုင်ငံတော်တည်ဆောက်ရေးဖြစ်စဉ်များတွင် ထည့်သွင်းအသုံးပြုသွားနိုင်ရေးအတွက် အခွင့်အလမ်းများကို ဖန်တီးဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်နန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသည့် လူမှုကူညီရေးအသင်းအဖွဲ့များက အသက် ၁၀၀ နှင့်အထက် သက်ကြီးဘိုးဘွား ၅၀ တို့အတွက် ပြည်နယ်အစိုးရအဖွဲ့မှ တစ်ဦးလျှင် လှူဒါန်းငွေကျပ် တစ်သိန်းစီနှင့် ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများဖြင့် စုစုပေါင်းငွေသားနှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၇၅ သိန်းကို ဘိုးဘွားများထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် ဘိုးဘွား ၅၀ အပြင်အခမ်းအနား တက်ရောက်လာနိုင်ခြင်းမရှိသည့် ပြည်နယ်အတွင်းမှ အသက် ၁၀၀ နှင့်အထက် ဘိုးဘွား ၁၄၅ ဦးတို့ကိုလည်း လှူဒါန်းပေးအပ်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အနက်မှ အသက်အကြီးဆုံးဖြစ်သည့် တနိုင်းမြို့နယ်မှ အသက် ၁၂၁ နှစ်ရှိ အဘွားတစ်ဦးအတွက် လှူဒါန်းငွေကျပ် ၂၅၀၀၀၀၊ ဒုတိယအသက်အကြီးဆုံးဖြစ်သည့် မြစ်ကြီးနားမြို့နယ်မှ အသက် ၁၁၂ နှစ်ရှိ အဘွားတစ်ဦးနှင့် မိုးညှင်းမြို့နယ်မှ အသက် ၁၁၀ ရှိပြီဖြစ်သည့် အဘိုးတစ်ဦးတို့အတွက် တစ်ဦးလျှင်ငွေကျပ် ၂၀၀၀၀၀ စီ ထောက်ပံ့လှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## သံတွဲခရိုင် လူထုအခြေပြုဗဟိုဌာန၌ Digital Library Management System သင်တန်းဖွင့်လှစ်

သံတွဲ အောက်တိုဘာ ၂

ရခိုင်ပြည်နယ် သံတွဲခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဝန်ထမ်းများ တစ်ဦးချင်း အရည်အသွေးတိုးတက်မြင့်မားပြီး ဌာနလုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ Digital Library Management System သင်တန်းကို ယမန်နေ့နံနက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်မေမွန်ထွဋ်က သံတွဲခရိုင် ပြည်သူ့စာကြည့်တိုက်တွင် Digital Library Management System ဖြင့်စာအုပ်စာရင်းရေးသွင်းနေမှုအား စာတွေ့လက်တွေ့ သင်ကြားပြသပေးသည်။

အဆိုပါသင်တန်းသို့ ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများရှိ ဝန်ထမ်း ၁၂ ဦး တက်ရောက်လျက်ရှိပြီး အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မန်းချောင်းအပန်းဖြေ ဆင်စခန်းတွင် ဆင်များစီးပြီး သဘာဝအလှတရားများကို ကြည့်ရှုခံစားနိုင်

မင်းဘူး အောက်တိုဘာ ၂

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်ရှိ ရွှေစက်တော် မန်းချောင်း အပန်းဖြေဆင်စခန်းတွင် ဆင်များစီးပြီး တောတောင်ရေမြေနှင့် သဘာဝအလှတရားများကို ကြည့်ရှုခံစားနိုင်ကြောင်း မန်းချောင်း အပန်းဖြေဆင်စခန်း တာဝန်ခံများထံမှ သိရသည်။



**ပို့ဆောင်ပေးလျက်ရှိ**

ရွှေစက်တော် ဘုရားဖူးရာသီတွင် ပြည်တွင်းပြည်ပမှ ဘုရားဖူးဧည့်သည်များ လာရောက်လည်ပတ်ကာ ဆင်စီးပြီး မန်းချောင်းနှင့် ဆင်စခန်းဝန်းကျင်ရှိ တောတောင် စိမ့်စမ်းများနှင့် ကျေးငှက် သာရကာများ၏ အရောင်အသွေး စုံလင်လှသည့် သဘာဝရှုခင်းများကို ကြည့်ရှုလိုပါက ဝန်ဆောင်မှုဈေးနှုန်းများမှာ ပြည်တွင်းဧည့်သည် ငွေကျပ် ၅၀၀၀ နှင့် ပြည်ပခရီးသွားဧည့်သည် ကျပ် ၁၀၀၀၀ နှုန်းဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

ရွှေစက်တော် မန်းချောင်း အပန်းဖြေဆင်စခန်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ဆင်အကောင်ရေ ၁၁ ကောင်ရှိကာ မြန်မာပြည်အရပ်ရပ်ရှိ ခရီးသွားပြည်သူများအနေဖြင့် ဆင်စီးရင်း မန်းချောင်းဘေးရှိ သဘာဝရှုခင်းများ လေ့လာနိုင်ရန်အတွက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ဆင်ထိန်းသိမ်းရေးစခန်းကို ရွှေစက်တော် ဘုရားကြီးအနီး မန်းချောင်းဘေး မြေဧရိယာ ဧက ၆၀ ပေါ်တွင် တည်ဆောက်ထားပြီး ကြိုးပြင်ကာကွယ်တော ဧက ၅၀ နှင့် ဆင်စားကျက်မြေဧရိယာ ဧက ၇၀၀ သတ်မှတ်ထားသည်။ အဆိုပါဆင်စခန်းသည် ၈ မိုင် ကားလမ်းဘေးတွင် တည်ရှိပြီး ရွှေစက်တော် ပါဒစေတီတော်များနှင့် နှစ်မိုင်သာ ဝေးကွာသောကြောင့် ဘုရားဖူးလာရောက်ရင်း တောတောင်ရေမြေနှင့် သဘာဝအလှတရားများကို ခံစားကာ ဆင်စခန်းသို့ လေ့လာလည်ပတ်နိုင်ကြောင်း သိရသည်။

ဇေယျာထက်(မင်းဘူး)



ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ ခုတင်(၁၀၀) ဆေးရုံဝင်းအတွင်း ချုံနွယ်များနှင့် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များကောက်ယူသိမ်းဆည်းခြင်းတို့ကို အောက်တိုဘာ ၁ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးမင်းထက်မှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဇော်တို့ ဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများ ပူးပေါင်းကာ အပတ်စဉ် စနေနေ့တိုင်း သန့်ရှင်းရေးဆောင်ရွက်စဉ်။

သတင်းစဉ်

○ ရှေ့ဖုံးမှ

ယနေ့ နိုင်ငံတော်အစိုးရအဖွဲ့သည် နိုင်ငံ့စီးပွားရေးနှင့် အဓိကဆက်စပ်နေသော ကမ္ဘာ့ခရီးသွားလုပ်ငန်းများ ပုံမှန်ပြန်လည်၍ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းလာစေရန် ပြည်တွင်းပြည်ပ လေကြောင်းလိုင်းများကို ပုံမှန်ပြန်လည် ခွင့်ပြုထားပြီဖြစ်၍ ရန်ကုန်မြို့တော်အတွင်း ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ အဓိကဝင်ထွက်ရာ ပြည်လမ်းတစ်လျှောက် သန့်ရှင်းသာယာသပ်ရပ်ရေး လုပ်ငန်းများ ကတ္တရာ၊ ကွန်ကရစ် (AC) ထပ်ပိုးခင်းခြင်း၊ ယာဉ်ကြောပြဆေးများရေးဆွဲခြင်း၊ လမ်းဘေးဝဲယာရှိ သစ်ကိုင်းများရှင်းလင်းဖယ်ရှားခြင်း၊ အလင်းဖွင့်ခြင်း၊ လမ်းဘေး ကတ်တုံးများ သစ်လွင်တောက်ပစေရေး တိုက်ချွတ်ဆေးကြောခြင်း၊လမ်းဆုံနေရာများ၌ လမ်းညွှန်ဆိုင်းဘုတ်များ ပြုပြင်ထိန်းသိမ်းခြင်း၊ လူသွားစင်္ကြံနှင့် ခြံစည်းရိုးအုတ်နံရံများ သစ်လွင်လှပရေးလုပ်ငန်းများကို ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ မြင်တွေ့နိုင်စေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မိုးတွင်းကာလ မြို့တွင်းလမ်းများပေါ်တွင် ရေကြီးရေလျှံမှုမဖြစ်စေရန် ကိုဗစ်ကာလအခက်အခဲကြားကပင် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအောက်ရှိ သက်ဆိုင်ရာဌာနအသီးသီးက အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းအားထုတ်မှုများကြောင့် မြို့တွင်းလမ်းများ ရေကြီးရေလျှံခြင်းများကင်းဝေးခဲ့ရာ နှစ်နှစ်ပင်ရှိခဲ့ပြီဖြစ်ကြောင်း အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သတင်းနှင့် ဓာတ်ပုံ – စောရွှေဝွန်း

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တမာလင်္ကာရာဘိဝံသအား ဂုဏာပူဇာကျောင်းပပြုလုပ်၍ ကျောင်းတိုက်အတွင်း ဝါဆိုဝါကပ်တော်မူကြသောသံဃာတော်များအား သင်္ကန်းများဆက်ကပ်လှူဒါန်းပြီး အစိုးရစာမေးပွဲများတွင် အောင်မြင်တော်မူကြသော စာအောင်သံဃာလေးပါးတို့အား အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီက မြို့နယ်ဥပဋ္ဌာကအဖွဲ့ဝင်များ၊ သာသနာ့နုဂ္ဂဟအသင်း အဖွဲ့ဝင်များ၊ အလှူရှင်များက သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ တင်ဝင်းတင်

# ပဲခူးမြို့၌ (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့နှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနား ကျင်းပ

**ပဲခူး အောက်တိုဘာ ၂**

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပပြီး ရဲသူရဘွဲ့တံဆိပ် ရရှိသူများနှင့် ရဲဗလဘွဲ့တံဆိပ် ရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။




**ပေးအပ်ချီးမြှင့်**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်မှ ချီးမြှင့်သည့် ရဲသူရဘွဲ့တံဆိပ် ရရှိသူနှစ်ဦးကို လည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်၊ ဒုတိယတပ်မမှူးနှင့် အမှတ်(၉၀၁) အမြောက်စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် အမြောက်စစ်ဆင်ရေးကွပ်ကဲရေးမှူးတို့က ရဲဗလဘွဲ့တံဆိပ်ရရှိသူရှစ်ဦးကို လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်း ပြောကြားပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှ ပေးပို့သည့် (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ သဝဏ်လွှာကို ဖတ်ကြားကာ (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနား ဂုဏ်ပြုဗီဒီယိုမှတ်တမ်း၊ အထိမ်းအမှတ်ပြခန်းများနှင့် ပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့ပြင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဗုဒ္ဓအသံမွေ့ဗိမာန်၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားသို့ တက်ရောက်ပြီး ဂုဏ်ပြုအမှာစကားပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာသည့် အသက် ၈၅ နှစ်အထက် ဘိုးဘွား ၈၀ ကို ဂုဏ်ပြု လှူဒါန်းပစ္စည်းများ ပေးအပ်ကန်တော့ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## လားရှိုးမြို့၌ (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**လားရှိုး အောက်တိုဘာ ၂**

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးရုံး(လားရှိုး)ရှိ ရဲရန်အောင်ခန်းမ၌ အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်မှပေးပို့သော သဝဏ်လွှာကို ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး(လားရှိုး) ရဲမှူးကြီး အောင်မြင့်နိုင်က ဖတ်ကြားခဲ့ပြီး မှုခင်းဖော်ထုတ်ဖမ်းဆီးရာတွင် ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များအား ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်း/မြောက်)ဥက္ကဋ္ဌ ဦးမျိုးကျော်က လည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့်အတူ တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့ကြသူများအား ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး (လားရှိုး)မှ ရဲမှူးကြီးအောင်မြင့်နိုင်က လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသူများအား (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် Video Clip ကို ပြသခဲ့ကြောင်း သိရသည်။ **စိုင်းထွန်း (လားရှိုး)**

## သီပေါမြို့နယ်လုံးဆိုင်ရာ သံဃဒါနဆွမ်းကြီးလောင်းလှူပွဲ ကျင်းပမည်

**သီပေါ အောက်တိုဘာ ၂**

သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် မြို့နယ်လုံးဆိုင်ရာ သံဃဒါန ဆွမ်းကြီးလောင်းလှူပွဲတော်ကို ကျောင်းပေါင်း ၃၁ ကျောင်းမှ ရဟန်း ၃၀၃ ပါး၊ သာမဏေ ၁၄၉၆ ပါး စုစုပေါင်းသံဃာ ၁၇၉၉ ပါးတို့အတွက် ဦးစီးပဓာနနာယကဆရာတော် ၃၁ ပါးတို့အား ပင့်ဖိတ်ပြီး အောက်တိုဘာ ၁၂ ရက် နံနက် ၅ နာရီတွင် မဟာမြတ်မုနိဘုရားကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ခြင်း၊ နံနက် ၇ နာရီတွင် ကျောင်းပေါင်း ၃၁ ကျောင်းမှ ဆရာတော်အရှင်သူမြတ်တို့အား လောင်းလှူပူဇော်ခြင်းနှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများ စီစဉ်ကျင်းပသွားမည်ဖြစ်သည်။

လှူဒါန်းဖွယ်ရာများအဖြစ် နဝကမ္မအလှူငွေကို ကျောင်းစဉ်တစ်ကျောင်းလျှင် ငွေကျပ် ၃၀၀၀၀၊ ရဟန်းတစ်ပါးလျှင် ငွေကျပ် ၅၀၀၀၊ သာမဏေတစ်ပါးလျှင် ငွေကျပ် ၃၀၀၀၊ ဆွမ်း၊ ဆွမ်းဟင်းနှင့် လှူဖွယ်ဝတ္ထုများအတွက် သံဃာတစ်ပါးလျှင် ငွေကျပ် ၅၀၀၀ ဖြင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။ ၂၁၀

## မိုးနဲမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ် ဘိုးဘွားကန်တော့ပွဲကျင်းပ

**မိုးနဲ အောက်တိုဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို မြို့နယ်ကမ္ဘောဇခန်းမ၌ ယမန်နေ့ နံနက် ၈ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး အခမ်းအနားသို့တက်ရောက်လာကြသည့်သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြသည်။ ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်သွယ်သွယ်ဇင်နှင့်အဖွဲ့ဝင်များက ဘိုးဘွားများအား ပူဇော်ကန်တော့ငွေများ လှူဒါန်းပေးအပ်ရာ ဘိုးဘွားများ၏ကိုယ်စား အဘိုးတစ်ဦးက ဆုတောင်းမေတ္တာပြန်လည်ပို့သပေးသည်။

မိုးနဲမြို့နယ် မြို့ပေါ်(၅)ရပ်ကွက်မှ အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၂၀ အား အာဟာရကျွေးမွေးခြင်းနှင့် ပူဇော်ကန်တော့ လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

**✻ မန္တလေးတိုင်းမှ**

လျှာထားဧက ၁၂၆၁၉၈ ဧကကို ယခု အောက်တိုဘာလဆန်းမှစ၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံများ စိုက်ပျိုးနေခြင်းသည် ပြည်တွင်းရှိ စားသုံးသူပြည်သူများ ဆီဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရာတွင်လည်း ခရိုင်အလိုက် ဆောင်းဆီထွက်သီးနှံမြေပဲများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြန့်ဖြူးပေးလျက်ရှိ**

"တိုင်းဒေသကြီးအတွင်းမှာ စိုက်ပျိုးရေးဦးစီးဌာနကနေပြီးတော့ ဆီထွက်သီးနှံတွေကို ပြည်တွင်းစားသုံးမှုဖူလုံစေရေးအတွက် ဘဏ္ဍာနှစ်အလိုက် ပိုမိုတိုးချဲ့စိုက်ပျိုးဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံ စိုက်ပျိုးတာက ဒေသတွင်းမှာ ဆီဖူလုံမှုအတွက်ကို အဓိကရည်မှန်းချက်ထားပြီးမှ စိုက်ပျိုးနေတာပါ။ တိုင်းဒေသကြီးအတွင်းမှာတော့ ဆီဖူလုံမှုရှိပါတယ်။ ဆီထွက်သီးနှံများကို နှစ်စဉ်စိုက်ပျိုးပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တိုင်းဒေသကြီးအတွင်း စားသုံးဆီဖူလုံစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဘဏ္ဍာနှစ်အလိုက် ဆီထွက်သီးနှံအမျိုးအစားအလိုက် မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်ပျိုးရေးနည်းပညာများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများကို ဖြန့်ဖြူးပေးလျက်ရှိပါတယ်" ဟု ၎င်းကရှင်းပြသည်။

အဆိုပါဆောင်းမြေပဲသီးနှံကိုတိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် စိုက်ပျိုးမည့်ဧကများမှာ ကျောက်ဆည်ခရိုင်တွင် ၁၀၈၇ ဧက၊ ညောင်ဦးခရိုင်တွင် ၂၂၀၅ ဧက၊ တံတားဦးခရိုင်တွင် ၁၃၁၁၁ ဧက၊ မိတ္ထီလာခရိုင်တွင် ၅၉၈၈ ဧက၊ မြင်းခြံခရိုင်တွင် ၃၂၅၅၈ ဧက၊ ရမည်းသင်းခရိုင်တွင် ဧက ၁၆၀၅၀၊ သပိတ်ကျင်းခရိုင်တွင် ၃၄၆၆၂ ဧက၊ အမရပူရခရိုင်တွင် ၅၆၆ ဧက၊ အောင်မြေသာစံခရိုင်တွင် ၁၉၉၇၁ ဧကစသည်ဖြင့် ဆောင်းဆီထွက်သီးနှံဖြစ်သော ဆောင်းမြေပဲလျာထားစိုက်ဧက စုစုပေါင်း ၁၂၆၁၉၈ ဧကကို စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

■

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

**နေပြည်တော် အောက်တိုဘာ ၂**

ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ မိုး/ဇလ

ကမ္ဘာ့ဆရာများနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ဘဝပွဲကိုင် ဆီမီးတိုင်များသို့...

အောင်ကြည်ညွန့် (တက္ကသိုလ်)

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့သည် (၂၈) ကြိမ်မြောက် ကမ္ဘာ့ဆရာများနေ့ဖြစ်ပြီး ကမ္ဘာတစ်ဝန်းလုံးတွင် အခမ်းအနားများကျင်းပလျက်ရှိပါသည်။ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ဆောင်ပုဒ်မှာ "ပညာရေးပြုပြင်ပြောင်းလဲမှု ဆရာများနှင့်အစပြု"ဟူ၍ဖြစ်သည်။ ဆရာ ဆရာမများသည် ကျွန်ုပ်တို့အား လှူဒါန်းပေးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ပညာပေးခြင်း၊ လမ်းညွှန်ပေးခြင်းတို့ကို နေ့စဉ်ကြိုးပမ်းလုပ်ဆောင်နေကြပါသည်။

## ကမ္ဘာ့ဆရာများနေ့ နောက်ခံသမိုင်း

International Teachers' Day (ထိုစဉ်က World Teachers' Day ဟု မသုံးသေး) ကို ၁၉၆၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ စတင်ကျင်းပခဲ့ပါသည်။ သိပ္ပံပညာရှင်ကြီးလည်းဖြစ်၊ ဆရာကြီးလည်းဖြစ်သည့် အိန္ဒိယနိုင်ငံ ဒုတိယသမ္မတကြီး Dr. Swarva -palli Radha Krishnan၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ၅-၉-၁၉၆၂ ရက်နေ့တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

UNESCO အဖွဲ့ကြီးက ကျောင်းဆရာများအားဂုဏ်ပြုသောအားဖြင့် အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။

၁၉၆၆ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ယူနက်စကို ဗဟိုဌာနချုပ်တည်ရှိရာ ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကမ္ဘာ့ပညာရေး ညီလာခံကြီးတစ်ရပ် ကျင်းပခဲ့သည်။ ဆရာများ၏ဂုဏ်သိက္ခာကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့ဆရာများနေ့ကျင်းပခြင်းကို ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် (ILO) ကပါ ပူးပေါင်းပါဝင်လာပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက အောက်တိုဘာလ ၅ ရက်နေ့ကို "ကမ္ဘာ့ဆရာများနေ့" အဖြစ် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည့် ၁၉၉၄ ခုနှစ်သည် ကမ္ဘာ့ပညာရေးသမိုင်းတွင် ထူးခြားသော နှစ်တစ်နှစ်ဟု ဆိုလောက်ပါသည်။ ၁၉၉၄ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သည့် UNESCO၊ UNICEF၊ ILOနှင့် UNDPတို့က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ စုပေါင်းသဝဏ်လွှာပေးပို့ပြီး ဆရာများကို ဂုဏ်ပြုချီးကျူးရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးသော ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ၂၀၀၂ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်း စိန်ရတုခန်းမ၌ နိုင်ငံတော်အဆင့်အနေဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ဆရာများကို ဂုဏ်ပြုခဲ့ပါသည်။ ၂၀၀၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိဆိုပါလျှင် ကမ္ဘာ့ဆရာများနေ့ကျင်းပမှုသည် အကြိမ် (၂၀) ပြည့်မြောက်ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အလွန်မွန်မြတ်သော ရည်ရွယ်ချက်များချမှတ်ထားရှိကာ ကမ္ဘာ့ဆရာများနေ့ကို ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

ရည်ရွယ်ချက်များမှာ -

- မြန်မာ့ယဉ်ကျေးမှုအစဉ်အလာအရ အနန္တော အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မြတ်ဆရာများအပေါ် အစဉ်လေးစားတန်ဖိုးထားလာစေရန်။
- အာစရိယဆရာများနှင့် ဥပဇ္ဈာယ်ဆရာ အရည်အသွေးပြည့်ဝသည့်ဆရာများ ပိုမိုပေါ်ထွန်းလာစေရန်။
- ဆရာများနေ့အခမ်းအနားများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ပြန့်စွာကျင်းပ၍ ဆရာများ၏ဂုဏ်ကျေးဇူးကို ဖော်ထုတ်ဂုဏ်ပြုရန် စသည့်အချက်များဖြစ်ပါသည်။




ကမ္ဘာ့ဆရာများနေ့ကျင်းပသည့် အခါသမယသည် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာအရ ဆရာများအပေါ် အမိအဘသဖွယ် မြတ်နိုးလေးစားတတ်သည့် မြန်မာလူမျိုးတို့၏ ဓလေ့စရိုက်နှင့်အညီ ဆရာများကို ပူဇော်သည့် သီတင်းကျွတ်ချိန်နှင့်လည်း တိုက်ဆိုင်လျက်ရှိပါသည်။ ထို့ပြင် ပညာရေးမြှင့်တင်မှု အစီအစဉ်အရ ကျောင်းလုပ်ငန်းဆိုင်ရာ ပညာရေးပြက္ခဒိန်ရေးဆွဲထားသည့် အချိန်ဇယားတွင်လည်း ဆရာကန်တော့ပွဲများ၊ အာစရိယပူဇော်ပွဲများ ကျင်းပရန် စီစဉ်ထားရှိပြီး နှစ်စဉ်နှစ်တိုင်း ပူဇော်ကန်တော့ကြသည်ကို တွေ့ရှိရပါသည်။

ကမ္ဘာ့ဆရာများနေ့ကို ကမ္ဘာတစ်ဝန်း ယခုကဲ့သို့ ကျင်းပကြခြင်းမှာ နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးဖြစ်သည့် လူသားအရင်းအမြစ် ပြုစုပျိုးထောင်ပေးရာတွင် ပဓာနကျသော အခန်းကဏ္ဍမှ ပါဝင်နေသည့် ဆရာ ဆရာမများ၏ တန်ဖိုးကြီးမားမှုကို ပိုမိုထင်ရှားပေါ်လွင်အောင် ဖော်ဆောင်ပေးခြင်းဖြစ်သကဲ့သို့ ဆရာ ဆရာမများ၏ ဂုဏ်ရည်၊ ကျင့်ဝတ်သိက္ခာနှင့် ဂုဏ်ကျေးဇူးတို့ကို ဖော်ကျူးဂုဏ်ပြုခြင်းလည်း ဖြစ်ပါသည်။

တစ်မျိုးသားလုံးပညာရည်မြင့်မားရေးအတွက် ပညာရေးမြှင့်တင်မှုအစီအစဉ်များ စနစ်တကျချမှတ်ပြီး အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်နေသည့် ယခုကဲ့သို့ အချိန်အခါမျိုးတွင် "ကမ္ဘာ့ဆရာများနေ့" သတ်မှတ်ပေါ်ထွန်းလာခြင်းမှာ နိုင်ငံတော်၏ လူမှုစီးပွားရေးဆိုင်ရာ ဗိသုကာများဟု ခေါ်ဆိုရမည့် ဆရာ ဆရာမများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့် ပြည်သူများက ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးရမည့်လုပ်ငန်းဆောင်တာများကို လေးလေးနက်နက် စဉ်းစားဆောင်ရွက်ပေးရန် လိုအပ်လာပြီဆိုသည့် အကြောင်းအချက်တစ်ရပ် ပေါ်ထွန်းလာသည်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတွင် ဆရာ၏ဂုဏ်ကျေးဇူးကို အလွန်တန်ဖိုးထားပါသည်။ အမိအဘနှစ်ပါးကဲ့သို့ ဆရာဆိုသည်မှာလည်း မလွဲမသွေရှိရမည်ဟု ခံယူထားကြပါသည်။ ကျွန်ုပ်တို့သည် မွေးဖွားလာခြင်း၌ပင် ဆရာနှင့်တွေ့ကြရသည်။ ထိုဆရာမှာ "လက်ဦးဆရာ" ပင်ဖြစ်သည်။ လက်ဦးဆရာမှာ "မိဘ" ဖြစ်သည်။ မြန်မာမှုတွင် "လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ" ဟုဆိုထားသည်။ လက်ဦးဆရာကောင်းလျှင် သားသမီးများ ထွန်းပေါက်အောင်မြင် ယဉ်ကျေးလိမ္မာကြပါသည်။

မြတ်စွာဘုရားမှတစ်ပါး လူသားမှန်သမျှ ဆရာကူမှ လူဖြစ်ကြရပါသည်။ ဆရာမကူလျှင် လူမဖြစ်နိုင်ကြပါ။ ဘုရားရှင်သည် ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် အလိုလိုသိတော်မူတတ်သောဆိုသည့်ဂုဏ်နှင့် ပြည့်စုံပြီးဖြစ်သောကြောင့် ဆရာမလိုအပ်ခြင်းဖြစ်ပါသည်။

မဃဒေဝလင်္ကာသစ်၌လည်း "အတတ်ပညာ" ဟူသည်မှာကား-

**ဆရာတို့ထံ**
**နည်းခံတိုးဝင်**
**မသင်မမေး**
**အရေးမထား**
**မတတ်ငြားဘူး**

ဟူ၍ ပညာသင်ကြားရေးတွင် ဆရာထံ၌ နည်းနာခံသင့်ပုံကို ဖော်ပြထားသည်ကိုတွေ့ရ၏။

တပည့်တို့သည် ဆရာရှိသောကြောင့် သက်သာလွယ်ကူစွာ ပညာတတ်မြောက်ကြရပါသည်။ ဆရာ၏ အဆုံးအမခံယူခွင့်ရရှိသည့်အတွက် ထူးခြားလိမ္မာဖြစ်လာရပါသည်။ ဆရာကောင်းထံ နည်းခံသဖြင့် ပန်းကောင်းပန်ကာ တင့်တယ်ခြင်းဖြစ်ရပါသည်။ ဘဝတစ်ခုတင့်တယ်ခြင်းသည် ဆရာများ၏ကျေးဇူး အများအပြားပါဝင်သည်။ မိမိကိုယ်တိုင်ကြိုးစားအားထုတ်မှု၊ ဉာဏ်ရှိမှုတို့သည် အရေးပါသော်လည်း ဆရာ၏ပဲ့ကိုင်မှုက အလွန်အရေးပါလှပါသည်။

ဆရာကို ရိုသေမြတ်နိုးတန်ဖိုးထားတတ်သော မြန်မာတို့သည် မိမိအား ကိုယ်ထိလက်ရောက်သင်ကြားပေးသော ဆရာသာမက သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူ၍ မိမိအားပညာတစ်စုံတစ်ရာပေးနိုင်သူတိုင်းကို ကျေးဇူးရှင်ဆရာအဖြစ် အသိအမှတ်ပြုကြသည့် ဓလေ့တစ်ရပ်လည်းရှိပါသည်။

ဆရာဆိုသည့်ဝေါဟာရနှင့်ပတ်သက်၍ မြန်မာအယူအဆများနှင့် အနောက်တိုင်းအယူအဆကွာဟသည်ကို တွေ့ရပါသည်။ ကျွန်ုပ်တို့သည် "ဆရာ" ဟူသောစကားကို ကြားလိုက်ရလျှင် မိမိကိုယ်ကိုမိမိ မသိလိုက်ဘဲ စိတ်ထဲ၌ခံစားလိုက်မိသော စိတ်အစဉ်ကို ပြန်လည်သုံးသပ်ကြည့်မိသောအခါ "ဆရာ"သည် ကျေးဇူးတင်အပ်သော၊ ရိုသေအပ်သော၊ ကျိုးနွံအပ်သောပုဂ္ဂိုလ်မြတ်ဟု စိတ်အစဉ်တွင် ပေါ်ထွန်းလာပါသည်။

ဆရာနှင့်စပ်လျဉ်းပြီး ဤသို့အဓိပ္ပာယ်မျိုး ပေါ်ထွန်းနိုင်သည်ကို ပြန်လည်စဉ်းစားမိသောအခါ "ဆရာ" ကို ဘုရားနှင့်တစ်ဂိုဏ်းတည်းထား၍ ရိုသေလေးစား မြတ်နိုးကြည်ညိုရသောကြောင့်ဟု မြင်လာပါသည်။ မိဘနှင့် ရတနာမြတ်သုံးပါးကို တစ်တန်းတည်းထားသည့် ယဉ်ကျေးမှုအယူအဆသည် ကမ္ဘာပေါ်တွင် မြန်မာသာရှိလိမ့်မည်ဟု ထင်ပါသည်။ မြန်မာ့ယဉ်ကျေးမှုအရ ဆရာအပေါ်ထားရှိသော ရိုသေလေးစားမှုသည် အမြင့်မားဆုံးဖြစ်ကြောင်း သက်သေသာဓကပြခြင်းဖြစ်သည်။ ထို့ကြောင့် -

**ဆရာ**
**"ဆရာ" ဟူသည်**
**တူညီနှိုင်းဆို**
**မြင်းမိုရ်တောင်ဦး**
**မကကျူးသည့်**
**ကျေးဇူးတရား**
**ဘုရားနှင့်နှိုင်း**
**တစ်ဂိုဏ်းတည်းပြ**
**အနန္တဂိုဏ်းဝင်**
**ကျေးဇူးရှင်**

ဟု ပညာရှင်များက ဂုဏ်ပြုစပ်ဆိုကြပါသည်။

မြန်မာစာပေကို လေ့လာကြည့်လျှင် ပညာ၏တန်ဖိုးနှင့်တကွ ဆရာ့ကျင့်ဝတ်၊ ဆရာ့ဝတ္တရား၊ ဆရာ့ဂုဏ်ရည်၊ ဆရာ့တန်ဖိုးတို့ကို ညွှန်ပြဆိုထားသည့် ကဗျာ၊ လင်္ကာ၊ ဆုံးမစာ စသောစာပေများစွာကို တွေ့ရှိရပြီး ယင်းသွန်သင်ဆုံးမမှုများကိုလည်း တပည့်များနှင့်တကွ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း တစ်ရပ်လုံးကပါ ယနေ့တိုင် လက်ခံကျင့်သုံးလျက်ရှိပါသည်။

ဤကမ္ဘာတွင် ဆရာနှင့်ကင်းသောနိုင်ငံဟူ၍ မရှိသကဲ့သို့ ဆရာကင်းမဲ့ခဲ့သော ကမ္ဘာ့အကျော်အမော်ပုဂ္ဂိုလ်များလည်းရှိမည်မဟုတ်ဟု ဆိုချင်ပါသည်။ ဆရာ့တာဝန်မှာ ကြီးမားများပြားလှသည်ဟု ဆိုလျှင်လည်း

စာမျက်နှာ ၁၁ သို့ ✳

> ဤကမ္ဘာတွင် ဆရာနှင့်ကင်းသောနိုင်ငံဟူ၍ မရှိသကဲ့သို့ ဆရာကင်းမဲ့ခဲ့သော ကမ္ဘာ့အကျော်အမော် ပုဂ္ဂိုလ်များလည်းရှိမည်မဟုတ်ဟု ဆိုချင်ပါသည်။ ဆရာ့တာဝန်မှာ ကြီးမားများပြားလှသည်ဟုဆိုလျှင်လည်း ငြင်းဖွယ်ရာမရှိ၊ အနာဂတ်နိုင်ငံ့အကျိုးသယ်ပိုးနိုင်ကြမည့် နိုင်ငံ့သားကောင်းသမီးမွန်များ မွေးထုတ်ပေးရေးတာဝန်ယူရသူမှာ ဆရာ၊ မိမိနိုင်ငံပညာရည်မြင့်မားရေးနှင့် နိုင်ငံတကာကို ရင်ပေါင်တန်းနိုင်ရေးအတွက် ခေတ်မီအတတ်ပညာများ၊ နည်းပညာသစ်များကို အစဉ်လေ့လာဆည်းပူးနေသူများမှာလည်း ဆရာ၊ ထိုအတတ်ပညာနည်းနာအသစ်အဆန်းတို့ကို တပည့်တို့အား ပြန်လည်ဖြန့်ဖြူးရေးတာဝန်ယူရသူမှာလည်း ဆရာပင်ဖြစ်

✳ စာမျက်နှာ ၁၀ မှ
ငြင်းဖွယ်ရာမရှိ၊ အနာဂတ်နိုင်ငံ့အကျိုးသယ်ပိုးနိုင်ကြမည့် နိုင်ငံ့သားကောင်းသမီးမွန်များ မွေးထုတ်ပေးရေးတာဝန်ယူရသူမှာ ဆရာ၊ မိမိနိုင်ငံပညာရည်မြင့်မားရေးနှင့် နိုင်ငံတကာကို ရင်ပေါင်တန်းနိုင်ရေးအတွက် ခေတ်မီအတတ်ပညာများ၊ နည်းပညာသစ်များကို အစဉ်လေ့လာဆည်းပူးနေသူများမှာလည်း ဆရာ၊ ထိုအတတ်ပညာနည်းနာအသစ်အဆန်းတို့ကို တပည့်တို့အား ပြန်လည်ဖြန့်ဖြူးရေး တာဝန်ယူရသူမှာလည်း ဆရာပင်ဖြစ်သည်။

ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ကပေးပို့သော ပထမဆုံး သဝဏ်လွှာတွင် ခေတ်မီပညာကိရိယာများ မည်မျှပင်ဆန်းသစ်ထွန်းကားနေစေကာမူ လူသားနှင့် ဆက်သွယ်ရေး၌ ဆရာလောက်မစွမ်းဆောင်နိုင်သေးပုံကို ဤသို့ဖော်ညွှန်းထားသည်ကို တွေ့ရှိရပါသည်။

ကျောင်းတွင်း(သို့မဟုတ်)ကျောင်းပြင်ပပညာရေးတွင် တစ်ဦးတစ်ယောက်တည်းက ထိရောက်စွာ မစွမ်းဆောင်နိုင်ပါ။ ဤလုပ်ငန်းတွင် မည်မျှခေတ်မီဆန်းပြားသောကိရိယာများ ပေါ်ထွန်းလာပါစေ လူသားနှင့် ဆက်သွယ်မှုကို အစားမထိုးနိုင်သေးပါ။ ဆရာအတတ်ပညာလေ့ကျင့်သင်ယူထားသော နားလည်မှုဆုံးဖြတ်ချက်မျိုးကိုလည်း ထိုခေတ်မီကိရိယာများက မဆောင်ရွက်နိုင်သေးဟု ဆိုလိုပါသည်။

ကျောင်းသားလူငယ်များနှင့် မိဘများသည် ICT ခေတ်ကြီးတွင် အရာရာကို ကွန်ပျူတာက ဖြေရှင်းပေးနိုင်သည့်အတွက် ဆရာမလိုဟူသော အယူအဆသည် ရှေ့တန်းသို့ရောက်ရှိလာသည်။ TV Screen တစ်ခုရှိလျှင် ကျောင်းသား ၁၀၀၀ လောက် အခန်းထဲသွင်း၍ သင်နိုင်သည်။ Data Broadcastion System နှင့် အဝေးရောက်သင်ကြားနိုင်သည်။ အင်တာနက်မှာ ဆရာမလို၊ သိချင်တာမေး၍ရသည်ဟု ဆိုလာကြသည်။ Computer၊ Internet၊ TeachingMachine တို့နှင့် သင်၍ရသော်လည်း "ဆရာ" ထံမှ မေတ္တာကိုမရနိုင်တော့။ စက်ကိရိယာများသည် ကျောင်းသားများကို မေတ္တာမပေးနိုင်ပါ။ စက်သည် ရုပ်ဝတ္ထုပစ္စည်းဖြစ်သည့်အတွက် အချက်အလက်ကိုပေးပါသည်။ ဗဟုသုတကိုပေးနိုင်ပါသည်။ သို့သော် ဆရာ့ရင်တွင်း၌ တည်ရှိသော စေတနာနှင့်မေတ္တာတရားကိုမူ ကွန်ပျူတာက ထုတ်ပေးနိုင်မည်မဟုတ်ပါချေ။ စက်များသည် "စာ" ကိုတော့ သင်ပြနိုင်ကောင်းသင်ပြနိုင်မည်ဖြစ်သော်လည်း လူကိုပြင်နိုင်မည်မဟုတ်ပါ။ "ဆရာ" သည် အစားထိုးမရသော အနန္တကျေးဇူးရှင်ဖြစ်ပါသည်။

ကရုဏာတရား၊ အကြင်နာတရား၊ မေတ္တာတရားများကို လူသားဖြစ်သည့် ဆရာကသာ ပေးစွမ်းနိုင်မည်ဖြစ်ပါသည်။ ဆရာသည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလသုံးပါးစလုံးမှာ ရှိနေမည်ဖြစ်ပြီး ထာဝရဟုဆိုနိုင်ပါသည်။ လူ့ဘဝတွင် မြင့်မြတ်သောဘဝကိုပိုင်ဆိုင်ပြီး ကောင်းမြတ်သော တာဝန်ဝတ္တရားများကို ဆောင်ရွက်ကြသူများမှာ ဆရာများပင်ဖြစ်ကြပါသည်။ ဆရာအဖြစ် အသက်မွေးမှုကိုပင် မွန်မြတ်သော အသက်မွေးမှုဟု ရှေးဆရာတို့က ဆိုပါသည်။ ဆရာဘဝသည် ကြီးကျယ်မွန်မြတ်လှပြီး ခံ့ညားထည်ဝါလှ၏။ ဆရာဘဝကို "ဂုဏ်ရည်အမြင့်ဆုံးသော ဘဝသခင်ကျေးဇူးရှင် ဥယျာဉ်မှူး"၊ "ဘဝလမ်းကြောင်း မတိမ်းစောင်းရအောင် အမှောင်ခွင်းသည့် အလင်းရှင်"၊ "ဘဝပဲ့ကိုင် ဆီမီးတိုင်"၊ "ပန်းကိုမြတ်နိုး ပန်းပျိုးသောလက်" စသည်ဖြင့် တင်စားခေါ်ဆိုကြပါသည်။ ဆရာ့ဂုဏ်၊ ဆရာ့ကျေးဇူးများကို ဖော်ကျူးမကုန်နိုင်ပါ။

မိမိဝါသနာအလျောက် ဆရာလောကသို့ဝင်လာပြီး တပည့်များအပေါ် မေတ္တာစေတနာထားလျက် ကိုယ်ကျိုးမဖက် တပည့်တို့အတွက် အနစ်နာခံကာ တပည့်တို့ တတ်သိလိမ္မာသည့်တိုင် သွန်သင်ပြီး ကြီးလေးသည့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြသော ဆရာကောင်း၊ ဆရာမွန်၊ "မြတ်ဆရာ" တို့၏ အရှိန်အဝါကား မည်သည့်အခါမျှမမှိန်၊ ကမ္ဘာတည်သရွေ့၊ လူ့လောကကြီးတည်ရှိနေသရွေ့ ဆရာ့ဂုဏ်ရောင် တောက်ပြောင်နေမည်သာဖြစ်ကြောင်းနှင့် ဆရာ့ဆရာအပေါင်းတို့အား ဂါရဝရှေ့ထားပြီး ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုကြိုဆိုလိုက်ပါသည်။ ။

## ဦးညွှတ်ပါသည် မြတ်ဆရာ

✦ အနန္တမေတ္တာ ဝေမျှကာဖြင့်
ချော့ကာ ခြောက်ကာ သင်ပေးပါသည်
ဆရာသခင် ကျေးဇူးရှင်။
✦ လျှောက်ရမည့်လမ်း မကြမ်းတမ်းအောင်
လမ်းထွင်ညွှန်ပြ ပဲ့ပြင်ကြသည်
ဘဝသခင် ကျေးဇူးရှင်။
✦ ပုံဖော်သွန်းပြု အလှစုအောင်
ထုဆစ်သူများ ညွှန်းတင်စားသည်
လူသားပန်းပု ဆရာသခင်။
✦ ရနံ့သင်းထုံ ပန်းမျိုးစုံတို့
ဖူးငုံပွင့်လန်း ဤမြေနန်း၏
ပန်းပျိုးလက်များ ညွှန်းဆိုထားသည်
လူသားဥယျာဉ်မှူးများပင်။
✦ ဆရာသည်သာ ဤလူ့ရွာဝယ်
ဖန်ဝါနေမင်း နေ့မှာလင်း၏။
ဆရာသည်သာ လစန္ဒာနှယ်
လျှမ်းဖြာရောင်လင်း ညမှောင်ခွင်း၏။
✦ အရှင့်ကျေးဇူး မြင်းမိုရ်ဦးမို့
သီကျူးဖွဲ့ကာ ဦးညွှတ်ကာဖြင့်
ကမ္ဘာတစ်လွှား သက်သေတည်လေပြီ
ဆရာများနေ့ကို ကြိုဆိုသည်။ ။

ခင်ယုသွေး

## ကျိုက်လတ်မြို့တွင်း ရေမြောင်းကွန်ရက်စနစ် ပိုမိုကောင်းမွန်စေရေးဆောင်ရွက်

ကျိုက်လတ် အောက်တိုဘာ ၂

ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းရှိရေမြောင်းများ မြောင်းကွန်ရက်စနစ် ပိုမိုကောင်းမွန်စေရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက အဆိုပါ မြို့တွင်းမြောင်းတူးဖော်နေမှုအခြေအနေကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်းသိရသည်။



အဆိုပါ ကျိုက်လတ်မြို့ အမှတ်(၄)ရပ်ကွက်၊ (၈)ဖြတ်လမ်းရှိ ရေမြောင်းအပါအဝင် မြို့တွင်းမြောင်းအလျားပေ သုံးသောင်းကို ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် သာမန်အသုံးစရိတ်ခေါင်းစဉ်မှ ရန်ပုံငွေ ခြောက်သန်းဖြင့် ကျခံသုံးစွဲခြင်းဖြစ်ကြောင်း သိရသည်။

၂၀၇

## မယ်ဆိုင်မြစ်ရေ တာချီလိတ်မြို့ (လွယ်တော်ခမ်းရပ်ကွက်)၌ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့် ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂

ယနေ့နံနက် ၇ နာရီခွဲအချိန် တိုင်းထွာချက်အရ မယ်ဆိုင်မြစ်ရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းရပ်ကွက်)၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ဘားအံမြို့၌ မြို့တွင်းလမ်းသစ်ဖောက်လုပ်ခြင်းနှင့် လမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂

ဘားအံမြို့ရှိ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ယာဉ်ကြောပိတ်ဆို့မှု၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်မတော်တဆမှုလျှော့ချရေး၊ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ကောင်းမွန်စေရေးအတွက် အမှတ်(၁)ရပ်ကွက် ကန်သာယာပတ်လမ်း ကျော်ဇေယျလမ်းနှင့် အမှတ်(၆)ရပ်ကွက် မြို့ပတ်လမ်းတို့ကို ဆက်သွယ်သည့် ဖြတ်လမ်းဖြစ်သည့် အရှည် ၁၃၄၇ ပေ၊ အကျယ် ပေ ၅၀ မန်းနဲစံလမ်းသစ်ကို ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

"ဘားအံမြို့မှာရှိတဲ့ ဒေသခံပြည်သူတွေနဲ့ အများပြည်သူတွေ မြို့တွင်းသွားလာမှု လွယ်ကူချောမွေ့စေဖို့နဲ့ မြို့တွင်းလမ်းများ တိုးတက်ရေးကို အလေးထားပြီး ဦးစားပေးဆောင်ရွက်နေပါတယ်။ ပေ ၅၀ အကျယ်ရှိတဲ့ အမှတ်(၁)ရပ်ကွက် ကန်သာယာပတ်လမ်း ကျော်ဇေယျလမ်းနဲ့ အမှတ်(၆)ရပ်ကွက် မြို့ပတ်လမ်းတို့ကို ဆက်သွယ်တဲ့ ဖြတ်လမ်းဖြစ်တဲ့ မန်းနဲစံလမ်းသစ်ကြီးကို ဖောက်လုပ်နေပါတယ်။ ဖောက်လုပ်ပြီးတဲ့ အမာခံမြေသားလမ်းပေါ်မှာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရဦးမြင့်သူက ပြောသည်။



### ဆောင်ရွက်ပြီးစီး

ထို့ပြင် ဘားအံမြို့တွင်း ၈ မိုင် ၅ ဖာလုံရှိလမ်းများကို အဆင့်မြှင့်တင်မှုအနေဖြင့် AC လမ်းခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ကျောက်ချောလမ်းခင်းခြင်းနှင့် ကတ္တရာလမ်းခင်းခြင်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အလားတူ မြို့တွင်းလမ်းများကို ယခုဘဏ္ဍာနှစ်တွင် AC လမ်းခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ကတ္တရာလမ်းခင်းခြင်းတို့ကို အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိသည့် လမ်းပိုင်းများကို ဘဏ္ဍာနှစ်အလိုက် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ပြစနစ် ကောင်းမွန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သန်းမင်းအောင်(သတင်းစဉ်)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၁၉၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇၅ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၀,၁၉၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၇၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၇) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၀၉၁,၆၅၅ ) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၂၃,၉၁၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၉၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၈,၅၀၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၆၁) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁-၁၀-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၅၈၅,၉၃၄) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၆၃၃,၃၆၆) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၁-၁၀-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၅၈၅,၉၃၄ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၆၃၃,၃၆၆ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၂၆-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါစသည့် နာတာရှည်ရောဂါ ရောဂါအခံတစ်ခုခု ရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူများဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိသူများ နှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများအတွင်း နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံမှုအခြေအနေကို လေ့လာသုံးသပ်ချက်အရ အဆိုပါပုဂ္ဂိုလ်များ အနက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားသူများနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုကို သိသာစွာလျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည်တို့ ကဲ့သို့သော နာတာရှည်ရောဂါ အခံတစ်ခုခုရှိသူ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းတို့အပြင် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၈၂၄၈၆၂၃ | ၉၅၁၁၃၃၂၇ | ၁၀၈၄၈၉၁ |
| ၂။ | အိန္ဒိယ | ၄၄၅၉၄၄၈၇ | ၄၄၀၂၈၃၇၀ | ၅၂၈၆၇၃ |
| ၃။ | ပြင်သစ် | ၃၅၄၃၇၈၀၇ | ၃၄၅၆၃၀၂၀ | ၁၅၅၁၁၂ |
| ၄။ | ဘရာဇီး | ၃၄၇၂၀၄၃၇ | ၃၃၈၅၃၆၉၃ | ၆၈၆၃၀၄ |
| ၅။ | ဂျာမနီ | ၃၃၃၈၆၂၂၉ | ၃၂၃၃၆၈၀၀ | ၁၅၀၀၆၄ |
| ၆။ | တောင်ကိုရီးယား | ၂၄၈၁၉၆၁၁ | ၂၄၁၆၄၅၉၃ | ၂၈၄၈၉ |
| ၇။ | ဗြိတိန် | ၂၃၆၇၂၈၅၅ | ၂၃၃၅၅၆၀၃ | ၁၉၀၃၁၇ |
| ၈။ | အီတလီ | ၂၂၅၀၀၃၄၆ | ၂၁၈၆၇၀၆၇ | ၁၇၇၁၃၀ |
| ၉။ | ဂျပန် | ၂၁၃၃၀၇၇၂ | ၂၀၃၉၈၂၉၆ | ၄၄၉၆၅ |
| ၁၀။ | ရုရှား | ၂၁၀၄၉၀၂၇ | ၂၀၁၄၀၆၀၈ | ၃၈၇၄၆၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၈၀၅၁၈ | ၁၀၅၉၂၉၁၁ | ၄၃၁၄၉ |
| ၂။ | အင်ဒိုနီးရှား | ၆၄၃၃၂၆၃ | ၆၂၅၇၄၄၄ | ၁၅၈၁၂၂ |
| ၃။ | မလေးရှား | ၄၈၄၀၈၇၉ | ၄၇၇၈၇၃၆ | ၃၆၃၇၄ |
| ၄။ | ထိုင်း | ၄၆၈၂၁၃၂ | ၄၆၄၂၈၉၄ | ၃၂၇၇၁ |
| ၅။ | ဖိလစ်ပိုင် | ၃၉၅၃၈၈၆ | ၃၈၆၂၀၀၁ | ၆၃၀၁၃ |
| ၆။ | စင်ကာပူ | ၁၉၁၁၄၁၇ | ၁၈၂၈၇၉၅ | ၁၆၁၉ |
| ၇။ | မြန်မာ | ၆၂၃၉၁၄ | ၅၉၈၅၀၆ | ၁၉၄၆၁ |
| ၈။ | ဘရူနိုင်း | ၂၂၇၇၅၆ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၅၈၇၆ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၈၈၅ | ၁၃၄၇၅၇ | ၃၀၅၆ |

## ညောင်တုန်းမြို့နယ်၌ ငါးသယံဇာတတိုးပွားရေးအတွက် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

**ညောင်တုန်း အောက်တိုဘာ ၂**

ညောင်တုန်းမြို့နယ်တွင် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနက ဦးစီး၍ ငါးမျိုးစိုက်ထည့်ခြင်းကို စက်တင်ဘာ ၃၀ ရက်နံနက် ၉ နာရီက မဲဇလီ အမှတ် (၂)ရေထိန်းတံခါးနှင့် ဆက်စပ်သည့် သဘာဝရေပြင် အတွင်း၌ ဆောင်ရွက်ခဲ့သည်။

**ကောင်ရေ ၄၀၀၀၀၀ ငါးမျိုးစိုက်ထည့်**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းဝင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အောင်ဟိတ်ငါးစခန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးလက်နေပြည်သူများ တက်ရောက်ကြပြီး ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၄၀၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အင်ဒိုနီးရှားနိုင်ငံ၌ ဘောလုံးပွဲတစ်ခုတွင် အဓိကရုဏ်းဖြစ်ပွားပြီး လူအုပ်ပြိုကျမှုကြောင့် ၁၂၅ ဦးသေဆုံး

ဂျကာတာ အောက်တိုဘာ ၂

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်၌ ဘောလုံးပွဲတစ်ခုတွင် အဓိကရုဏ်းဖြစ်ပွားပြီး လူအုပ်ပြိုကျမှုကြောင့် အနည်းဆုံး ၁၂၅ ဦး သေဆုံးခဲ့ကြောင်း အင်ဒိုနီးရှားအာဏာပိုင်များက ပြောကြားသည်။

ကစားပွဲတွင် ရှုံးနိမ့်နေသည့် အိမ်ရှင်အသင်း၏ ပရိသတ်များက ကွင်းအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့သည့်အတွက် တာဝန်ရှိသူများက မျက်ရည်ယိုဗုံးများဖြင့် ပစ်ခတ်ခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ပရိသတ်အချို့မှာ အသက်ရှူကျပ်ပြီး အချို့မှာ တစ်ဦးနှင့်တစ်ဦး တွန်းတိုက်ကာ နင်းမိသွားခဲ့သည့်အတွက် ပရိသတ်များနှင့် ရဲအရာရှိ ၁၂၅ ဦးထက်မနည်း သေဆုံးကြောင်းနှင့် ၁၈၀ ခန့် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ရဲအရာရှိများက ဆိုသည်။

အရှေ့ဂျာဗားပြည်နယ် မာလန်းမြို့ခံဖြစ်သည့် Arema FC ဘောလုံးအသင်းသည် ၎င်း၏ပြိုင်ဘက် Persebaya Surabaya ဘောလုံးအသင်းအား နှစ်ဂိုး- သုံးဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် ပရိသတ်အချို့က ဘောလုံးကွင်းအတွင်းဝင်ရောက်ကာ မင်းမဲ့စရိုက်ဆန်စွာ ပြုမူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရဲအရာရှိများက ပရိသတ်များကို တားဆီးရန် မျက်ရည်ယိုဗုံးများ အသုံးပြုသည့်အတွက် ပရိသတ်များက ထွက်ပေါက်ရှိရာသို့ ထွက်ပြေးစဉ် လူအုပ်ပြိုမှုဖြစ်ပွားခဲ့သည့်အတွက် လူအများအပြား သေဆုံးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Arema FC ပိုင်ဆိုင်သည့် အင်ဒိုနီးရှားထိပ်သီးလိဂ် BRI Liga 1 သည် အဆိုပါဖြစ်ရပ်ဖြစ်ပွားပြီးနောက် တစ်ပတ်ကြာ ပွဲစဉ်အားလုံးကို ရပ်နားထားခဲ့သည်။

စုံစမ်းစစ်ဆေးမှုများ စတင်လုပ်ဆောင်လျက်ရှိကြောင်း အင်ဒိုနီးရှား ဘောလုံးအဖွဲ့ချုပ်က ပြောကြားသည်။



အင်ဒိုနီးရှားနိုင်ငံရှိ ဘောလုံးပွဲများတွင် ယင်းကဲ့သို့သော ဖြစ်ရပ်များသည် အသစ်အဆန်းမဟုတ်တော့ကြောင်းနှင့် Arema FC နှင့် Persebaya Surabaya တို့သည် ကာလရှည်ကြာ ပြိုင်ဘက်များဖြစ်ကြောင်း သိရသည်။

နှစ်ဖက်ပရိသတ်များ ဘောလုံးကွင်းအတွင်း ထိပ်တိုက်တွေ့မည်ကို စိုးရိမ်သည့်အတွက် တာဝန်ရှိသူများက Persebaya Surabaya ပရိသတ်များကို လက်မှတ်ရောင်းချခြင်းမပြုခဲ့ကြောင်း သိရသည်။

စုံစမ်းစစ်ဆေးမှုများဆောင်ရွက်နေစဉ် Liga 1 ဘောလုံးပွဲအားလုံးကို ခေတ္တရပ်ထားရန် သမ္မတ ဝီဒိုဒိုက ညွှန်ကြားထားကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အောင်ကျော်ကျော်



# အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူမတြား၌ ပြင်းအား ၆ ဒသမ သုညအဆင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် တစ်ဦးသေဆုံးပြီး ၂၅ ဦးဒဏ်ရာရရှိ

ဂျကာတာ အောက်တိုဘာ ၂

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူမတြား၌ အောက်တိုဘာ ၁ ရက်က ဖြစ်ပွားခဲ့သည့် ပြင်းအား ၆ ဒသမ သုညအဆင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် တစ်ဦး သေဆုံးပြီး ၂၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရ အစိုးရတာဝန်ရှိသူများက အောက်တိုဘာ ၂ ရက်တွင် ပြောကြားသည်။

ဒဏ်ရာရရှိသူများကို ဆေးရုံများသို့ တင်ပို့ထားကြောင်းနှင့် မြေငလျင်လှုပ်ခတ်မှုကြောင့် ရွှေ့ပြောင်း ရမည့်သူများအတွက် ရွှေ့ပြောင်းရေးစခန်းများ ပြင်ဆင်ထားခဲ့သော်လည်း ၎င်းတို့၏ နေအိမ်များရှေ့၌ သာ တဲများထိုး၍ နေထိုင်လျက်ရှိကြောင်း မြောက်ဆူမတြားပြည်နယ် သဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီ အကြီးအကဲ အဗ္ဗဒူလ်ဟဲရစ်လူဘစ်က အောက်တိုဘာ ၂ ရက်တွင် ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါ ပြင်းအား ၆ ဒသမ သုညအဆင့်ရှိ မြေငလျင်သည် အောက်တိုဘာ ၁ ရက် ဒေသစံတော်ချိန် နံနက် ၂ နာရီ ၂၈ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူလ်မူဟာရီက ပြောကြားသည်။

ယင်းမြေငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံများ၊ လမ်းများ၊ တံတားများနှင့် ဆည်မြောင်းများ ပျက်စီးမှုရှိခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၂ ဦး ထပ်မံသေဆုံး

မနီလာ အောက်တိုဘာ ၂

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၂ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါ ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၃၀၁၃ ဦး ရှိကြောင်း ဖိလစ်ပိုင် နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီ အတွင်း ရောဂါကူးစက်ခံရသူ ၂၁၁၇ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါ ကူးစက်ခံရသူပေါင်း ၃၉၅၃၈၈၆ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၈၈၇၂ ဦး ရှိသည်။



ရောဂါထပ်မံကူးစက်ခံရသူများ အနက် ၉၀၈ ဦးသည် မြို့တော် မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေ အတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင် ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ သန်းကျော်အား ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပေးပြီးဖြစ် ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိ သည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ် ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၇၅ ဦး ထပ်မံတွေ့ရှိ

နယူးဒေလီ အောက်တိုဘာ ၂

အိန္ဒိယနိုင်ငံ၏ လွန်ခဲ့သည့်တစ် ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၇၅ ဦးထပ်မံတွေ့ ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၄၅၉၄၄၈၇ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာ ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ သည့် အချက်အလက်များအရ သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူပေါင်း ၃၇၄၄၄ ဦးရှိကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံး သူ ၁၈ ဦးထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၈၆၇၃ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ



မှ ပြန်လည်ကျန်းမာလာသူ ၄၂၀၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာ သူပေါင်း ၄၄၀၂၈၃၇၀ ရှိလာ ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၁၈၇၅၃၆၀၄၁ အသုံးပြုပြီးဖြစ် ကြောင်းနှင့် အောက်တိုဘာ ၁ ရက်အထိ ပြည်သူ ၉၈၅၆၁၄၀၄၆ ဦးကို ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ မှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးဖြစ် ကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်

❖

# ဒန်းကျွတ်ဘိမျှောပွဲ (သို့မဟုတ်) ထားဝယ်ရိုးရာ သပိတ်မျှောပွဲ

ရွှေပင်လယ်(ထားဝယ်)



၂၀၁၉ ခုနှစ် ထားဝယ်ရိုးရာသပိတ်မျှောပွဲတော်ကျင်းပနေစဉ်။

သီတင်းကျွတ်မီးထွန်းပွဲတော်သည် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များအတွက် သင်္ကြန်ပွဲတော်ပြီးလျှင် ဒုတိယမြောက်အစည်ကားဆုံး ကျင်းပသော ပွဲတော်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များအတွက် စိတ်အားထက်သန်စွာဖြင့် ကျင်းပလေ့ရှိသော ရိုးရာ ပွဲတော်များအနက်တစ်ခုပင်ဖြစ်သည်။ မြန်မာနိုင်ငံ တွင် သီတင်းကျွတ်မီးထွန်းပွဲတော်ကို နှစ်စဉ် နှစ်တိုင်းကျင်းပလေ့ရှိပြီး သီတင်းကျွတ်လပြည့် မတိုင်မီတစ်ရက်၊ သီတင်းကျွတ်လပြည့်နေ့နှင့် သီတင်းကျွတ်လပြည့်ကျော်တစ်ရက်ဟူ၍ သုံးရက် တိုင်တိုင် ကျင်းပဆင်နွှဲလေ့ရှိပါသည်။ ၂၀၂၂ ခုနှစ် အတွက် အောက်တိုဘာလ ၉ ရက်နေ့သည် သီတင်း ကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ပင်ဖြစ်ပါသည်။

**သီတင်းကျွတ်လပြည့်နေ့သည်**
**တရားစခန်းသိမ်းသောနေ့**

သီတင်းကျွတ်ပွဲတော် ပေါ်ပေါက်လာပုံတွင် ဂေါတမမြတ်စွာဘုရားသည် မယ်တော်ဖြစ်ခဲ့ဖူးသူ အမိဂေါတမိ (သန္တုနတ်သား) အား မွေးကျေးဖူးဆပ် သောအားဖြင့် တာဝတိံသာနတ်ပြည်တွင် မယ်တော် မိနတ်သားအပါအဝင် နတ်၊ ဗြဟ္မာအပေါင်းတို့ကို တစ်နေ့နှင့် တစ်ရက် (လူ့သက်တမ်း၌ ဝါတွင်းသုံးလ ပတ်လုံး) အဘိဓမ္မာတရားတော်ကို နေ့ညမစဲ တရား ဒေသနာတော် ဟောတော်မူခဲ့သည်။ သီတင်းကျွတ် လပြည့်နေ့သည် တရားစခန်းသိမ်းသောနေ့ဖြစ် သည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် အဘိဓမ္မာတရား ဒေသနာတော်ကို ဟောကြားတော်မူခဲ့ပြီး တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ သီတင်းကျွတ်လပြည့်နေ့တွင် ဆင်းသက်တော်မူ ခဲ့သဖြင့် ထူးမြတ်သောနေ့အဖြစ် သတ်မှတ်ခဲ့ကြ သည်။ ထိုသို့ မြတ်စွာဘုရားရှင် နတ်ပြည်မှ လူ့ပြည် သို့ ပြန်လည်ဆင်းသက် ကြွချီတော်မူသည့်အတွက် လူ့ပြည်မှ မင်းနှင့်တကွ လူထုပရိသတ်အပေါင်းတို့က ဆီမီးနံ့သာများဖြင့် ထွန်းညှိပူဇော်ကြိုဆိုခဲ့ကြသည်။

ဘုရားရှင် ဆင်းသက်ကြွမြန်းလာသည်ကို ရည်စူးပြီး ဘုရားရှင်အား ပူဇော်သောအားဖြင့် ဆီမီး ထွန်းကာ မီးထွန်းပွဲကျင်းပသောအစဉ်အလာသည် ရှေးဘိုးဘေးဘီဘင်များ လက်ထက်ကတည်းကပင် ရှိခဲ့ပါသည်။ ထိုအစဉ်အလာကို ထိန်းသိမ်းသောအား ဖြင့် နှစ်စဉ်နှစ်တိုင်း မြတ်စွာဘုရားရှင်ကို ရည်စူး၍ သီတင်းကျွတ်မီးထွန်းပွဲတော်အဖြစ် ကျင်းပလာခဲ့ သည်မှာ ယနေ့ထိတိုင်ပင်ဖြစ်သည်။ မြတ်စွာဘုရား ရှင်သည် အဘိဓမ္မာခုနစ်ကျမ်းကို ဟောကြားတော် မူပြီးနောက် သီတင်းကျွတ်လပြည့်နေ့တွင် လူ့ပြည် သို့ သက်ဆင်းတော်မူသည်ကို အကြောင်းပြုလျက် ထိုနေ့ကို “အဘိဓမ္မာအခါတော်နေ့” ဟု သမုတ်ကာ အဘိဓမ္မာရွတ်ဖတ်သရဇ္ဈာယ် ပူဇော်ပွဲများကိုလည်း ကျင်းပကြသည်။

သီတင်းကျွတ်လပြည့်နေ့တွင် မိမိတို့ထက် ကြီးမြင့်သော သက်ကြီးရွယ်အိုများ၊ မိဘဘိုးဘွားများ၊ ဆရာသမားများကို အပြစ်မှ ခွင့်လွှတ်စေကြောင်း ဝန်ချ၍ ကန်တော့ကြသည်မှာ ချစ်စရာ့မြန်မာ့ ယဉ်ကျေးမှုအစဉ်အလာ သီတင်းကျွတ်ပွဲတော်၏ အနှစ်သာရပင်ဖြစ်သည်။ ကလေးငယ်များကလည်း မီးရှူးမီးပန်းများ ပစ်ဖောက်ကစားကြသည်။ အချို့ ရပ်ကွက်/ ကျေးရွာများတွင် နိဗ္ဗာန်ဈေးများ ဖွင့်လှစ် ကာ လာလာသမျှလူတို့ကို အယုတ်၊ အလတ်၊ အမြတ်မရွေး စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေး လှူဒါန်းကြသည်။ သီတင်းကျွတ်အချိန်အခါသမယ တွင် မြန်မာနိုင်ငံအနှံ့အပြား ပွဲတော်များပြုလုပ် လေ့ရှိကြသည်။

**ဒေသအလိုက်ရိုးရာအစဉ်အလာပွဲတော်များ**

မိုးလေကင်းပြီး သီတင်းကျွတ်ပြီဆိုသည်နှင့် မြန်မာနိုင်ငံတွင် ဒေသအလိုက်ရိုးရာအစဉ်အလာ ပွဲတော်များ ကျင်းပကြမြဲဖြစ်ပါသည်။ သီတင်းကျွတ် ကာလနှင့်အတူ တနင်္သာရီတိုင်းဒေသကြီး ထားဝယ် မြို့တွင် ထင်ရှားသောပွဲတော်တစ်ခုဖြစ်သည့် သီတင်းကျွတ်လရောက်တိုင်း ရှင်ဥပဂုတ္တမထေရ် မြတ်ကို ရည်စူးပြီး သပိတ်မျှောပွဲတော်ကို ကျင်းပ လေ့ရှိသည်။ သပိတ်မျှောပွဲတော်ကို ထားဝယ်မြို့တွင် နှစ်စဉ်နှစ်တိုင်းကျင်းပသည်မှာ တစ်မူထူးခြားသည့် ပွဲတော်တစ်ခုပင်ဖြစ်သည်။ သပိတ်အိုးထဲတွင် ဆွမ်း၊ အသီးအနှံ၊ ရေ၊ ငွေစက္ကူ၊ တံခွန်တိုင်၊ ဖယောင်းတိုင် အစရှိသည်တို့ကို ထည့်သွင်းထားသည်။

ထားဝယ်မြို့သူမြို့သားများသည် သီတင်းကျွတ် လပြည့်နေ့မတိုင်ခင် တစ်ရက်အလိုတွင် ပြင်ဆင် အလှူခံထားသည့် သပိတ်အိုးကြီးများဖြင့် မြို့တွင်း လှည့်လည်အလှူခံထွက်လေ့ရှိပြီး အလှူခံထွက်စဉ် အိုးစည်ဒိုးပတ် တေးသရုပ်ဖော်အကအလှများဖြင့် ကပြဖျော်ဖြေကြသည်။ ညလုံးပေါက်အလှူခံပြီး နံနက်မိုးသောက်သောအခါ အသင့်ယူဆောင်လာ သော သပိတ်အိုးလေးများကို မီးပွင့်လေးများနှင့် အတူ သတ်မှတ်ထားသောနေရာတွင် ထားဝယ်မြစ် ချောင်းအတွင်းသို့ ရေမျှောကုသိုလ်ယူကြသည်။

သပိတ်မျှောမည့်သူများအနေဖြင့်လည်း သပိတ် များကို ကိုယ်စီကိုင်ကာ တိုးဝှေ့သွားရန်မလိုဘဲ စည်းကမ်းရှိရှိသွားလာနိုင်ပြီး ဝါးရာဇမတ်ကာထား သည့် ဝင်္ကပါပတ်လမ်းမှတစ်ဆင့် မြစ်ကမ်း နံဘေးတွင် စနစ်တကျ သပိတ်မျှောကြခြင်းဖြစ်သည်။

ထားဝယ်ဒေသရှိ ထေရဝါဒဗုဒ္ဓဘာသာဝင်များ သည် သံဃာတော်ဖြစ်သော ရဟန္တာမြတ်တစ်ပါး ဖြစ်သည့် ဥပဂုတ္တအရှင်သူမြတ်အား ဆွမ်း၊ မုန့်ပဲ သရေစာ၊ သစ်သီး၊ ဆီမီး၊ အမွှေးတိုင်၊ တံခွန်ကုက္ကား၊ ပန်း စသည်များကို သပိတ်တွင်ထည့်၍ ရည်မှန်း ဆက်ကပ်ပူဇော်လေ့ရှိသည်။ ယင်းသပိတ်တော်ကို ပင်လယ်ထဲသို့မျှော၍ ပူဇော်လေ့ရှိသည်။ ဆွမ်းသွပ် ပြီးသားသပိတ်များကို မဏ္ဍပ်ထိုးကာ ခုံတန်းရှည် ပေါ်တင်ထားပြီး ပြည်သူများ ကုသိုလ်ယူနိုင်ရန် အဆင်သင့်ရောင်းဝယ်ကြသူများနှင့် စည်ကားလျက် ရှိသည်။ သပိတ်မျှောပွဲလာသူများအနေဖြင့် အသင့်ပြင်ဆင်ထားသည့် သပိတ်များကို ဝယ်ယူပြီး ကုသိုလ်ယူနိုင်ရန်ဖြစ်ပါသည်။ ဤသည်မှာ ရှေးအစဉ်ကတည်းကစပြီး နှစ်စဉ်ကျင်းပလာ၍ အစဉ်အလာတစ်ရပ်အနေဖြင့် ထူးခြားစွာရှိနေခြင်း ပင်ဖြစ်သည်။

ထားဝယ်ဒေသရှိ ထေရဝါဒဗုဒ္ဓဘာသာဝင်များသည် သံဃာတော်ဖြစ်သော ရဟန္တာမြတ်တစ်ပါးဖြစ်သည့် ဥပဂုတ္တအရှင်သူမြတ်အား ဆွမ်း၊ မုန့်ပဲသရေစာ၊ သစ်သီး၊ ဆီမီး၊ အမွှေးတိုင်၊ တံခွန်ကုက္ကား၊ ပန်း စသည်များကို သပိတ်တွင်ထည့်၍ ရည်မှန်းဆက်ကပ်ပူဇော်လေ့ရှိသည်။ ယင်းသပိတ်တော်ကို ပင်လယ်ထဲသို့မျှော၍ ပူဇော်လေ့ရှိသည်။ ဆွမ်းသွပ်ပြီးသားသပိတ်များကို မဏ္ဍပ်ထိုးကာ ခုံတန်းရှည် ပေါ်တင်ထားပြီး ပြည်သူများ ကုသိုလ်ယူနိုင်ရန် အဆင်သင့်ရောင်းဝယ်ကြသူများနှင့် စည်ကားလျက်ရှိသည်။ သပိတ်မျှောပွဲလာသူများအနေဖြင့် အသင့်ပြင်ဆင်ထားသည့် သပိတ်များကို ဝယ်ယူပြီး ကုသိုလ်ယူနိုင်ရန်ဖြစ်ပါသည်။ ဤသည်မှာ ရှေးအစဉ်ကတည်းကစပြီး နှစ်စဉ်ကျင်းပလာ၍ အစဉ်အလာတစ်ရပ်အနေဖြင့် ထူးခြားစွာ ရှိနေခြင်းပင်ဖြစ်

တစ်နည်းအားဖြင့် သာယာဝတီမြို့ဟု ခေါ်တွင်ခဲ့ သော ထားဝယ်မင်းများလက်ထက်မှစ၍ လက်ရှိ ထားဝယ်မြို့၏ နှစ်စဉ်နှစ်တိုင်း ပူဇော်ကျင်းပလာ ခဲ့ကြသည့် အစဉ်အလာရိုးရာပွဲတော်တစ်ခုလည်း ဖြစ်ပါသည်။ ဤသည်ကိုအကြောင်းပြု၍ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များသည် ယနေ့တိုင်အလှူမင်္ဂလာပွဲ များ ပြုလုပ်သည့်အခါတိုင်း မိုးရွာခြင်းမှ တားဆီး ကာကွယ်ပေးရန် ရည်သန်၍ ရှင်ဥပဂုတ္တအရှင်မြတ် ကို ပင့်ဖိတ်ပူဇော်ပွဲကျင်းပလေ့ရှိကြသည်။ ဆွမ်း၊ သစ်သီး၊ ပန်း၊ ဆီမီး စသည်များကို သပိတ်တွင်ထည့် ၍ ဆက်ကပ်ကာ ရေတွင်မျှောလိုက်ပြီး ရှိခိုးပူဇော်၍ ဆုတောင်းလေ့လည်းရှိသည်။ အချို့သူများက မိမိအိမ်၊ မိမိရပ်ရွာဒေသတွင် ယာယီကျောင်းဆောင် ဆောက်လုပ်၍ ပင့်ဖိတ်ပြီးပူဇော်ဆုတောင်းလေ့ ရှိကြသည်။

**ထားဝယ်ရိုးရာယဉ်ကျေးမှုဓလေ့တစ်ခု**

ထိုသို့ ပူဇော်ပွဲများသည် ထားဝယ်မင်းများ လက်ထက်ကတည်းကရှိခဲ့ပြီး ယနေ့တိုင် ထားဝယ် ရိုးရာယဉ်ကျေးမှုဓလေ့တစ်ခုအနေဖြင့် တည်ရှိနေ ခြင်းပင်ဖြစ်သည်။ ထိုဓလေ့သည် ယခင်က ထားဝယ် မြို့တော်၌သာ ကျင်းပလေ့ရှိခဲ့ရာ အကြောင်းမှာ ထားဝယ်မင်းများ နေထိုင်ရာမြို့ဖြစ်သောကြောင့် ဖြစ်သည်။ ယခုအခါတွင် သရက်ချောင်း၊ ရေဖြူ၊ လောင်းလုံးမြို့များနှင့် ကျေးရွာများတွင်ပါ ကျင်းပ ပူဇော်လေ့ရှိလာကြသည်ကို ကြည်နူးဖွယ်တွေ့ရ သည်။

ထားဝယ်ဒေသတွင် အလှူ၊ မင်္ဂလာ၊ အခမ်း အနားပွဲများ ပြုလုပ်ရာတွင် မိုးရွာချသည့်အခါနှင့် လည်း ကြုံကြိုက်တတ်သည်။ ကျင်းပသည့်ပွဲကို အဖျက်လုပ်ငန်းသဖွယ် ပြုလုပ်ခြင်းပင်ဖြစ်သည်ဟု ယူဆခဲ့ကြောင်းသိရသည်။ ယင်းသို့ဖြစ်ပေါ်လာလျှင် ရှင်ဥပဂုတ္တရဟန္တာမြတ်က ကာကွယ်တားဆီး ပေးနိုင်သည်ဟုလည်း ယုံကြည်ကြသည်။ ထိုသို့ ယုံကြည်သည့်အတိုင်း မိုးရွာခြင်းမှ တားဆီး ကာကွယ်ပေးရန် ရည်သန်၍ အရှင်မြတ်အား ပင့်ဖိတ်ပြီး ပူဇော်ပွဲကျင်းပသည့်သဘောလည်း ဖြစ်သည်။ ထေရဝါဒဗုဒ္ဓဘာသာဝင်ဟူသမျှသည် အလှူပွဲများ၊ မင်္ဂလာပွဲများ၊ အခမ်းအနားများ ပြုလုပ်သည့်အခါ လေပြင်းမုန်တိုင်းကျရောက်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းများ ဖြစ်ပေါ်လာပါက မာရဒေဝ ဖျက်ဆီးခြင်းဖြစ်နိုင်သည်ဟု ယူဆကြ လေ့ရှိပါသည်။ ထိုသို့ဖြစ်ပေါ်လာပါက ရှင်ဥပဂုတ္တ မထေရ်မြတ်အားရည်စူး၍ ရှိခိုးပူဇော်ခြင်းများပြု လေ့ရှိကြသည်။

ထို့အပြင် ကြည်ညိုသဒ္ဓါပွားများခြင်းကြောင့် ရှင်ဥပဂုတ္တအားရည်စူး၍ ရှိခိုးပူဇော်ပြီး ဆွမ်းတော် ကပ်လှူလေ့လည်းရှိကြသည်။ ဆွမ်းတော်ကပ်လှူ ရာတွင် အထူးသဖြင့် သက်သတ်လွတ် လှူဒါန်းလေ့ ရှိကြသည်။ ဆွမ်း၊ သစ်သီး၊ ဆီမီး စသည်များကို သပိတ်တွင်း၌ထည့်၍ လှူဒါန်းကြသည်။

ထားဝယ်မြို့၌ သပိတ်မျှောပွဲကို နှစ်စဉ် နှစ်တိုင်း သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပလေ့ ရှိပြီး စေတနာရှင်၊ အလှူရှင်များက သပိတ်မျှောပွဲ လာရောက်ကြည့်ရှုသူများကို စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ သပိတ်မျှောပွဲတွင် မီးပုံးပျံ အငယ်လွှတ်တင်ခြင်း၊ တေးဂီတများဖြင့် ဧည့်ခံ ဖျော်ဖြေခြင်း၊ ထားဝယ်ရိုးရာယဉ်ကျေးမှုအကများ ဖြင့် သီဆိုဧည့်ခံဖျော်ဖြေခြင်းများ ဆောင်ရွက် လျက်ရှိရာ ဒေသခံပြည်သူလူထုများက လာရောက် ကြည့်ရှုအားပေးကြပြီး ညလုံးပေါက်စည်ကား သိုက်မြိုက်လျက်ရှိသည်။

**သပိတ်မျှောပွဲတော်**

သပိတ်မျှောပွဲတော်သည် ရှင်ဥပဂုတ္တမထေရ် မြတ်အားရည်စူး၍ ထားဝယ်ရိုးရာမြေသပိတ်အထဲ တွင် ဆွမ်း၊ မုန့်၊ သစ်သီး၊ ပေါက်ပေါက်၊ မုန့်ဆီကြော်၊ ယိုအမျိုးမျိုး စသည့်လှူဖွယ်များကိုထည့်ပြီး တံခွန်၊ ကုက္ကားများစိုက်ထူ၍ ဆီမီးများထွန်းညှိကာ သပိတ်မျှောခဲ့ခြင်းဖြစ်ပြီး ရာသီဥတုမိုးလေဝသ ကောင်းမွန်စေရန်၊ ဆန်ရေစပါး စီးပွားဥစ္စာပေါများ တိုးတက်စေရန်၊ မိုးဒဏ်၊ လေဒဏ်၊ သဘာဝဘေးရန် များနှင့် မကောင်းသော ဘေးဘယာကံကြမ္မာ အပေါင်း ကင်းဝေးလွတ်မြောက်စေရန် ဆုတောင်း ပတ္ထနာပြုသည့်ရည်ရွယ်ချက်ဖြင့် ထားဝယ်မြို့တွင် ရှေးအစဉ်အဆက်မှ ယနေ့တိုင်သပိတ်မျှောပွဲတော် ကို ကျင်းပလာခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

သပိတ်မျှောပွဲတော်ကို နှစ်စဉ်သီတင်းကျွတ် လပြည့်နေ့နံနက် အရုဏ်တက်ချိန်တွင် ဒေသခံ ပြည်သူများ စည်ကားသိုက်မြိုက်စွာဖြင့် ညီညီ ညာညာ သပိတ်မျှောကုသိုလ်ယူလျက်ရှိခဲ့သည်။ နံနက်အရုဏ်အတွက် ပြင်ဆင်မှုများနှင့်အတူ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ညလုံးပေါက် စည်ကားသည့်အတွက် “ထားဝယ်မအိပ်သည့်ည” ဟုပင် တင်စားခေါ်ဝေါ်ခဲ့ကြသည်။ ထားဝယ်ရိုးရာ ယဉ်ကျေးမှုဓလေ့များ များစွာရှိသည့်အနက် ထားဝယ်ရိုးရာသပိတ်မျှောပွဲတော်သည် တစ်မူ ထူးခြားသည့် ပွဲတော်တစ်ခုပင်ဖြစ်သည်။ ထိုရိုးရာ ယဉ်ကျေးမှုဓလေ့မှသည် ထားဝယ်ဒေသအပါအဝင် မြန်မာပြည်အဝှမ်း သာသနာငါးထောင်ပတ်လုံး တည်မြဲစေရန်ရည်စူးပြီး ရာသီဥတုမိုးလေဝသ ကောင်းမွန်စေရန်၊ ဆန်ရေစပါး စီးပွားဥစ္စာပေါများ တိုးတက်စေရန်၊ မိုးဒဏ်၊ လေဒဏ်၊ သဘာဝဘေးရန် များနှင့် မကောင်းသော ဘေးဘယာကံကြမ္မာအပေါင်း ကင်းဝေးလွတ်မြောက်ပါစေကြောင်း ဆုမွန်ကောင်း တောင်း ရေးသားလိုက်ရပါသည်။ ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၅၀ | ၁၉၉၅ | ၁၉၉၀ | ၁၉၆၀ | ၁၉၉၅ | ၂၀၂၀ | ၂၀၀၅ | ၁၉၈၅ | ၂၀၇၅ | ၂၀၉၀ | ၁၉၉၀ | ၁၉၉၅ | ၂၀၃၀ | ၂၀၃၅ | ၂၀၃၅ | ၂၂၅၅ | ၂၇၆၀ |
| 95 Ron | ၂၀၂၀ | ၂၀၆၅ | ၂၀၆၅ | ၂၀၂၅ | ၂၀၆၅ | ၂၀၈၅ | ၂၀၇၀ | ၂၀၅၀ | ၂၁၄၅ | ၂၁၆၀ | ၂၀၅၅ | ၂၀၇၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၅ | ၂၃၂၀ | ၂၈၅၀ |
| HSD (500 ppm) | ၂၃၆၅ | ၂၄၁၀ | ၂၄၀၅ | ၂၃၇၀ | ၂၄၁၀ | ၂၄၃၀ | ၂၄၂၅ | ၂၃၉၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၀၀ | ၂၄၁၀ | ၂၄၄၅ | ၂၄၄၅ | ၂၄၅၀ | ၂၆၆၅ | ၃၄၃၀ |
| HSD (50 ppm) | ၂၄၅၀ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၅ | ၂၅၁၅ | ၂၅၁၀ | ၂၄၈၀ | ၂၅၉၅ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၅၀ | ၃၄၆၀ |
| HSD (10 ppm) | ၂၄၅၀ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၅ | ၂၅၁၅ | ၂၅၁၀ | ၂၄၈၀ | ၂၅၉၅ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၅၀ | ၃၄၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၅၄ | ၁၉၂၅ |
| 95 Ron | ၁၉၁၉ | ၁၉၉၁ |
| HSD (500 ppm) | ၂၂၆၁ | ၂၃၃၅ |
| HSD (50 ppm) | ၂၃၃၂ | ၂၄၀၈ |
| HSD (10 ppm) | ၂၃၃၂ | ၂၄၀၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဗိုလ်တထောင်၊ စဥ့်ကူး၊ မြဝတီနှင့် အုတ်တွင်းမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီခွဲက ဗိုလ်တထောင်မြို့နယ် အမှတ်(၃)ရပ်ကွက် ကမ်းနားလမ်းနှင့် ဗိုလ်တထောင်ဈေးလမ်းဆုံမီးပွိုင့်တွင် ပြည့်စုံအောင်(ခ)စိန်ကြီး မောင်းနှင်ပြီး မျိုးဦးနိုင်(ခ)မျိုးကြီး လိုက်ပါလာသည့် Toyota Corolla အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်နောက်ခန်းရှိ လက်ဆွဲအိတ် နှစ်လုံးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၀ ကိုလည်းကောင်း၊ စက်တင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီက မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စဥ့်ကူးမြို့နယ် ကျောက်အိုးကျေးရွာအနီးရှိ တောင်ယာတဲသို့ ဝင်ရောက်ရှာဖွေရာ အောင်မင်းနှင့် ကျော်ဝင်းတို့အားတွေ့ရှိရပြီး တဲအတွင်းမှ ဆာလာအိတ်ဖြင့်ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၇၇၄၀၀ ကိုလည်းကောင်း။

အလားတူ စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ကားဝင်းဟောင်းရှိ ဇော်မင်းဦး(ခ)အရှည်ကြီး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်နောက်ဘက်ရှိအခန်းအတွင်းမှ



ပြည့်စုံအောင်(ခ)စိန်ကြီးနှင့် မျိုးဦးနိုင်(ခ)မျိုးကြီးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ် ဆေးပြားများနှင့်အတူ တွေ့ရစဥ်။



အောင်မင်းနှင့် ကျော်ဝင်းတို့အားသိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဥ်။

စိတ်ကြွရူးသွပ်ဆေးပြား ၈၈၃၂ ပြားကို လည်းကောင်း၊ အောက်တိုဘာ ၁ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အုတ်တွင်းမြို့ ပဲခူးလမ်းရပ်ကွက် ရန်ကုန်-မန္တလေး လမ်းဟောင်းတွင် စည်သူအောင်(ခ)အငယ်လေးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းကိုင်ဆောင်ထားသည့် ပလတ်စတစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူများအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## မုန်တိုင်းနှင့်ပတ်သက်သော အရောင်အဆင့် သတ်မှတ်ချက်များ

### အဝါရောင်အဆင့်

အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်။

### လိမ္မော်ရောင်အဆင့်

လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ပြောင်းလဲမှုကို အထူးသတိထား စောင့်ကြည့်နိုင်ရန်။

### အနီရောင်အဆင့်

အနီရောင်အဆင့်သည်ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်းမုန်တိုင်းရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့်နေရာများသို့ ပြောင်းရွှေ့နေရာယူရန်။


### အညိုရောင်အဆင့်

အညိုရောင်အဆင့်သည် မုန်တိုင်းအန္တရာယ်ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့်နေရာတွင် ခိုလှုံပြီးစီးရန်။

### အစိမ်းရောင်အဆင့်

အစိမ်းရောင်အဆင့်သည် မုန်တိုင်းအားပျော့ပျက်ပြယ်သွားပြီဖြစ်ပြီး မိမိတို့၏နေအိမ်များသို့ ပြန်နိုင်သောအခြေအနေဖြစ်ကြောင်း သတ်မှတ်ထားပါသည်။

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်တစ်ဦးကို ၎င်း၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်




နေပြည်တော် အောက်တိုဘာ ၂

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့မွန်းလွဲပိုင်းတွင်လည်း ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းအခမ်းအနားကိုပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ကြီးတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူနှင့် ၎င်း၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော အေးသာယာမြို့မှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့ အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်




# စဉ့်ကိုင်မြို့နယ် သဘာဝရေလှောင်ကွင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်

စဉ့်ကိုင် အောက်တိုဘာ ၂

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးကြီးမှူး၏ စဉ့်ကိုင်မြို့နယ် အင်းကုန်းကျေးရွာအနီး သဘာဝရေလှောင်ကွင်းအတွင်းသို့ ကူမဲငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၀၀၀၀၀ အား ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ကျောက်ဆည်တပ်နယ်မှူး အမှတ်(၇) လေကြောင်းရန် ကာကွယ်ရေးတပ်မှ ဗိုလ်မှူးချုပ် သိန်းထွေး၊ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသံချောင်း၊ ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်-၁ ဒုတိယဗိုလ်မှူးကြီး ဇော်နိုင်ဦး၊ အဖွဲ့ဝင် ဦးအောင်သူ၊ ကျောက်ဆည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်တာဝန်ခံ ဒေါ်ခိုင်ခိုင်ဝင်း၊ စဉ့်ကိုင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်-၁ ဗိုလ်မှူး ပြည့်ဖြိုးအောင်၊ စဉ့်ကိုင်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လင်းနှင့် မြို့နယ်အဆင့်ငါးမျိုးစိုက်ထည့်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တိုင်း/ခရိုင် စခန်းငါးလုပ်ငန်းဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရေလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ


သံတွဲမြို့နယ်ရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၆၂၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၈၁၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၁၃၂၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသားကျောင်းသူ ၆၃၀ တို့ကိုတပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နှင့် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြသည်။

၎င်းအပြင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းခတ်မြို့ မိုင်းနွန်းကျေးရွာရှိ ဒေသခံ တိုင်းရင်းသားပြည်သူ ၁၃၂ ဦးတို့ကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့က သွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ ကျောက်ကပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ရာသီတုပ်ကွေးရောဂါ၊ အရေပြားဆိုင်ရာရောဂါ၊ အစာအိမ် အူလမ်းကြောင်းဆိုင်ရာ ရောဂါနှင့် အထွေထွေရောဂါ စသည့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်


ကန်ကြီးထောင့်မြို့၌ နှာခေါင်းစည်းများ အခမဲ့ပေးဝေလှူဒါန်းစဉ်။

# လေးမျက်နှာမြို့နယ်၌ အများပြည်သူသို့ ငါးများဈေးနှုန်းချိုသာစွာ ရောင်းချပေး

ဟင်္သာတ အောက်တိုဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် အင်းလုပ်ငန်းရှင်များမှ စက်တင်ဘာ ၂၂ ရက် နံနက် ၇နာရီခွဲတွင် ပေါက်ကုန်းကျေးရွာနှင့် အိုင်သပြုကျေးရွာများ၌ ငါးများကို ဈေးနှုန်းချိုသာစွာရောင်းချပေးခဲ့ကြောင်း သိရသည်။

အများပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် လေးမျက်နှာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် အင်းလုပ်ငန်းရှင်များ ပူးပေါင်း၍ ဒေသခံပြည်သူများအား ငါးမြစ်ချင်းတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့် ငါးပိဿာချိန် ၂၅ ပိဿာကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# တောင်ငူမြို့ ကေတုမတီငါးကုန်ထုတ်သမဝါယမအသင်းလီမိတက်က ငါးမျိုးစုံ ထုတ်လုပ်ဖြန့်ဖြူး

တောင်ငူ အောက်တိုဘာ ၂

ရေထွက်ကုန်ပစ္စည်းများကို စားသုံးသူပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် သမဝါယမကဏ္ဍမှ ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ ကေတုမတီ ငါးကုန်ထုတ် သမဝါယမအသင်းလီမိတက်သည် အသင်းပိုင်ငါးကန်များ၌ ငါးမျိုးစုံ မွေးမြူထားရှိပြီး ၎င်းငါးကန်များမှ ဖော်ထုတ်ရရှိသည့် ငါးမြစ်ချင်း ပိဿာချိန် ၁၀၇၂၈၊ ငါးမုတ် ပိဿာချိန် ၅၈၀၆၊ ငါးတန်ပိဿာချိန် ၁၁၈၇၆ စုစုပေါင်းငါးမျိုးစုံပိဿာချိန် ၂၈၄၁၀ ကို စားသုံးသူပြည်သူများ ဝယ်ယူစားသုံးနိုင်စေရန် လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်






# သုံးခွမြို့နယ် ကံမြင့်ကျေးရွာ၌ ခေမာဗုဒ္ဓတက္ကသိုလ် ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကံမြင့်ကျေးရွာ၌ ရဟန်း၊ သာမဏေ၊ သီလရှင်၊ လူပုဂ္ဂိုလ်များ ဗုဒ္ဓစာပေများကို ခေတ်နှင့်လျော်ညီစွာ လေ့လာသင်ကြားနိုင်ရန်နှင့် ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားစေရန်ရည်ရွယ်၍ အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီတွင် ခေမာဗုဒ္ဓတက္ကသိုလ် (KHEMA BUDDHA UNIVERSITY ) တည်ထောင်ဖွင့်လှစ်ပွဲ အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ သန်လျင်မင်းကျောင်းဆရာတော်က အဖွင့်ဩဝါဒကထာ မြွက်ကြားသည်။ ထို့နောက် ခေမာဗုဒ္ဓတက္ကသိုလ်၏ အဓိပတိမဟာနာယကချုပ် ဩဝါဒါစရိယ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ မော်ကွန်းထိန်း၊ ကထိကဆရာတော်များအဖြစ် ခန့်အပ်လွှာများကို ဆရာတော်ကြီးများက ဆရာတော်များထံ ဆက်ကပ်သည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရ (မဟာသိမ်တော်ကြီး)ထံမှ ဉဿုံပရိသတ်များက ရှစ်ပါးသီလခံယူ ဆောက်တည်သည်။ ယင်းနောက် အင်းတကော်ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်ကစ္စာယနသာရက ခေမာဗုဒ္ဓတက္ကသိုလ် ဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းမြွက်ကြားပြီး ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ခေမာဗုဒ္ဓတက္ကသိုလ် တည်ထောင်ရာတွင် အဓိကလှူဒါန်းထောက်ပံ့သည့် သာသနာ့ ဒါယကာဦးကျော်ခင်က သီလရှင်ဆရာကြီး ဒေါက်တာဒေါ်စန္ဒာ မဟာသဒ္ဓမ္မဇောတိကဓဇထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇ (ပုဇွန်တောင်) ဆရာတော်က အနုမောဒနာတရားဟောကြားပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**

# ကျိုင်းတုံမြို့ ရပ်တော်မူဘုရားကြီး၌ ဌာနဆိုင်ရာများ စုပေါင်း၍ သံဃာတော်များအား ဆွမ်းဆန်တော်လောင်းလှူ

**နေပြည်တော် အောက်တိုဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ရပ်တော်မူဘုရားကြီး၌ ဌာနဆိုင်ရာများစုပေါင်း၍ သံဃာတော်များအား ဆွမ်းဆန်တော်လောင်းလှူခြင်းကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် အဆိုပါဘုရားကြီး၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ကျိုင်းတုံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၄၁ ကျောင်းမှ သံဃာတော် ၂၇၈ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ၂၉ ပါးတို့ကို ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ လောင်းလှူသည်။

ထို့နောက် အဆိုပါ ဘုရားကြီး၌ ဝါတွင်းကာလ ဆွမ်းဆန်တော်လောင်းလှူပွဲ ပိတ်ပွဲနှင့် ရေစက်ချပွဲကို ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံသရာအေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောသလ္လထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# လောက်ကိုင်မြို့၌ ဆွမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**လောက်ကိုင် အောက်တိုဘာ ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ ကိုးကန့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း ဝါဆိုဝါကပ်တော်မူကြသော ရဟန်း၊ သာမဏေနှင့် သီလရှင်များ ဝါတွင်းကာလအတွင်း ဆွမ်း၊ ကွမ်းများ ပြည့်စုံစွာဖြင့် သီတင်းသုံးနိုင်ရေးအတွက် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူး၍ ဝါတွင်းကာလတနင်္ဂနွေနေ့တိုင်း ဆွမ်းလောင်းလှူပွဲကို ယနေ့ နံနက်၈နာရီကလောက်ကိုင်မြို့ အမှတ်(၂)ရပ်ကွက် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ ဆွမ်းလောင်းလှူပွဲသို့ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စုပေါင်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် လောက်ကိုင်မြို့ မန်ချူးတပ်ဦးကျောင်းတိုက် ပဓာနနာယက မဟာသဒ္ဓမ္မဇောတိကဓဇ သာသနဓဇဓမ္မာစရိယ သာသနတက္ကသီလဓမ္မာစရိယ ဘဒ္ဒန္တဝေပုလ္လ မဟာထေရ်မြတ်ဦးဆောင်သော ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျောင်းတိုက်အသီးသီးမှ ရဟန်း၊ သာမဏေ ၂၈၃ ပါး၊ သီလရှင် ၄၀ ပါး စုစုပေါင်း ၃၂၃ ပါးအား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် ဇော်မင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးချမ်းမြေ့ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးနှင့် ဒေသ/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်တော်၊ ဆွမ်းနှင့်လှူဖွယ်ဝတ္ထု ပစ္စည်းများအား လောင်းလှူခဲ့ကြသည်။

ယနေ့ ဆွမ်းလောင်းလှူပွဲသည် ဝါတွင်းကာလ ဆွမ်းလောင်းပွဲ၏ နောက်ဆုံးအကြိမ် ဖြစ်သဖြင့် စေတနာရှင် အလှူရှင်များက စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် စည်ကားသိုက်မြိုက်စွာ လောင်းလှူခဲ့ကြကြောင်း နှင့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မန်ချူး၊ ဖဟို၊ နားပန်၊ ဆီအော၊ မြတ်ဗုဒ္ဓ၊ ပါစင်ကျော်၊ ညံခွမ်း၊ တာရှန်၊ တာရွှေထန်၊ ချင်စူကျိုင်း၊ ချင်းရွှေဟော်နှင့် ရှောက်တင်းပါးစသည့် ကျောင်းတိုက်အသီးသီးမှ ရဟန်း၊ သာမဏေနှင့် သီလရှင်များက ဆွမ်းခံ ကြွရောက်ခဲ့ကြကြောင်း သိရသည်။

**လောက်ကိုင်(ပြန်/ဆက်)**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီများ ရောင်းချပေး

**ဟိုပုံး အောက်တိုဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မြန်မာနိုင်ငံဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့၏ကြီးကြပ်မှုဖြင့် စားအုန်းဆီများအား သက်သာသောဈေးနှုန်းဖြင့် စားသုံးဆီရောင်းချခြင်းအား ယမန်နေ့က နမ့်ခုတ်ဈေးတွင် ရောင်းချပေးနေကြောင်း သိရသည်။

ဟိုပုံးမြို့နေပြည်သူများ ချက်ပြုတ်စားသောက်မှုကိစ္စများ တစ်ဖက်တစ်လမ်းမှ အဆင်ပြေကြစေရန် မီးဖိုချောင်သုံးစားအုန်းဆီများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းဖြစ်ရာ လူတစ်ဦးလျှင် စားသုံးဆီ တစ်ပိဿာ ငွေကျပ် ၅၃၀၀ နှုန်းဖြင့် မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်ရေး ရှမ်းပြည်နယ် ဆီကုန်သည်များအသင်းဝင် သမာဓိစားသုံးဆီအမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်းရှင်မှ Mobile ကားဖြင့် လိုက်လံရောင်းချလျက်ရှိကြောင်း သိရသည်။ အဆိုပါ Mobile ကားဖြင့် ရပ်ကွက်/ကျေးရွာနေပြည်သူများ လက်ဝယ်အရောက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ စားအုန်းဆီပိဿာချိန် ၆၆၀ ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**



## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၂။ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# ဆုံးဖြတ်ချက်များချမှတ်ရာတွင် သတိပြုဖွယ် လွှမ်းမိုးတတ်မှုများ ...

**နေ့စဉ်ဘဝအတွက် အရေးပါသောအစိတ်အပိုင်း**

လူတစ်ဦးချင်းစီတိုင်းရဲ့ နေ့စဉ်ဘဝတွေမှာ ကိုယ်ရေးကိုယ်တာ၊ အိမ်တွင်းရေး၊ လူမှုပေါင်းသင်းဆက်ဆံရေး၊ စီးပွားရေး၊ ကြီးပွားရေးတွေလို ကိစ္စသေးသေးလေးကစပြီး ဘဝအပြောင်းအလဲဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာတွေလို ဆုံးဖြတ်ချက်အကြီးကြီးတွေအထိ စဉ်းစားမှု၊ ရွေးချယ်မှု၊ ဆုံးဖြတ်မှုတွေ လုပ်ကြရပါတယ်။အဖွဲ့အစည်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှုတွေ၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်တွေကတော့ အများနဲ့ဆိုင်တဲ့ စဉ်းစားဆုံးဖြတ်ချက်တွေ ဖြစ်ပါတယ်။

ကိုယ်ရေးကိုယ်တာကိစ္စပဲဖြစ်ဖြစ်၊ အများနဲ့ဆိုင်တဲ့ရေးရာတွေမှာပဲဖြစ်ဖြစ် စဉ်းစားဆုံးဖြတ်တဲ့ အကြောင်းအရာ၊ စဉ်းစားတဲ့ပုံစံနဲ့ နည်းလမ်းတွေ မတူတတ်ကြပါဘူး။ တစ်ဦးတစ်ယောက်၊ မိသားစုသေးသေးလေးတွေအတွက်က အကြောင်းအရာအားဖြင့်သေးငယ်သလို အကျိုးသက်ရောက်မှုကလည်း ယေဘုယျအားဖြင့် နည်းတတ်တဲ့အတွက် စဉ်းစားဆုံးဖြတ်တဲ့ လုပ်ငန်းစဉ်ကို သမားရိုးကျ စဉ်းစားဆုံးဖြတ်တဲ့ ပုံစံတွေ၊ နည်းလမ်းတွေနဲ့ ဆုံးဖြတ်ကြတာများပါတယ်။ အများဆိုင်ရာ အဖွဲ့အစည်းတွေ၊ စီးပွားရေးအစုအဖွဲ့တွေ၊ နိုင်ငံ့ရေးရာတွေ စတဲ့ကြီးမားတဲ့ကိစ္စရပ်တွေမှာတော့ စဉ်းစားဆုံးဖြတ်မှုနဲ့ဆိုင်တဲ့ သဘောတရား၊ ပုံစံ၊ နည်းလမ်းနဲ့ လုပ်ငန်းစဉ်တွေအတိုင်း လုပ်ကြလေ့ရှိပါတယ်။ ဆုံးဖြတ်ချက်ချခြင်းကို ဆုံးဖြတ်ချက်ချမှတ်သူရဲ့ တန်ဖိုးတွေနဲ့ နှစ်သက်မှုတွေကို အခြေခံပြီး ရွေးချယ်မှုအမျိုးမျိုးကို ခွဲခြားသတ်မှတ်ခြင်းနဲ့ ရွေးချယ်ခြင်းလို့ဆိုပါတယ်။ အဲဒီလိုဆုံးဖြတ်ရာမှာ ထည့်သွင်းစဉ်းစားရမယ့် အခြားရွေးချယ်စရာတွေ ရှိနေတတ်ပြီး အဲဒီလို ရွေးချယ်စရာတွေအနက်က တတ်နိုင်သမျှ ခွဲခြားသတ်မှတ်ရုံသာမကဘဲ မိမိတို့ရဲ့ ဦးတည်ချက်၊ ရည်မှန်းချက်၊ ဆန္ဒ၊ တန်ဖိုးထားမှု စတာတွေနဲ့တိုင်းတာပြီး အသင့်တော်ဆုံးတစ်ခုကို ရွေးချယ်ခြင်းလို့လည်း ဆိုပါတယ်။

စဉ်းစားဆုံးဖြတ်တာတွေနဲ့ပတ်သက်လို့ သိပ္ပံနည်းကျ သုတေသနပြုလေ့လာထားတာတွေ ရှိပါတယ်။ ဆုံးဖြတ်ချက်တစ်ရပ်ကို ဘယ်လိုစဉ်းစားဆုံးဖြတ်ကြမလဲ။ ဘယ်လိုစဉ်းစား ဆုံးဖြတ်လေ့ရှိကြသလဲ၊ အစီအစဉ်တကျ ရေးဆွဲပြီး စဉ်းစားဆုံးဖြတ်တာလား၊ အစီအစဉ်တကျမဟုတ်ဘဲ စဉ်းစားဆုံးဖြတ်တာလား၊ တစ်ဦးတည်းက ဆုံးဖြတ်သလား၊ စုဖွဲ့တိုင်ပင်ပြီး ဆုံးဖြတ်သလားဆိုတာတွေ အများကြီးပါပဲ။ အဲဒီတော့ ဆုံးဖြတ်ချက်ချတဲ့ လုပ်ငန်းစဉ်ဟာ အခြေအနေအလိုက် ကွဲပြားတာတွေ အများကြီးဆိုတာ တွေ့ရပါတယ်။ စဉ်းစားဆုံးဖြတ်တဲ့ အကြောင်းအရာ၊ ပုံစံနဲ့နည်းလမ်းတွေ ဘယ်လိုပဲ ကွဲပြားပါစေ စဉ်းစားဆုံးဖြတ်တဲ့ လုပ်ငန်းစဉ်ဟာ လူတိုင်းနဲ့မကင်းနိုင်သလို နေ့စဉ်လူမှုဘဝရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်နေပါတယ်။

**အရေးပါတဲ့လုပ်ငန်းစဉ်**

လူတစ်ယောက်အတွက် နေ့စဉ်ဘဝရဲ့ ဆုံးဖြတ်ချက်တွေဟာ အရေးပါပါတယ်။ ဥပမာ လူမှုရေးကိစ္စတစ်ခု သွားသင့် မသွားသင့်၊ မေးသင့် မမေးသင့်၊ ကူညီသင့် မကူညီသင့် ဆိုတဲ့ ဆုံးဖြတ်ချက်ဟာ သူ့ရဲ့လူမှုပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ဆုံးဖြတ်ချက်ဖြစ်လို့ ပေါင်းသင်းဆက်ဆံရေးကဏ္ဍအတွက် အရေးပါပါတယ်။ ကျန်တဲ့ကိစ္စတွေမှာလည်း ဒီပုံစံအတိုင်းပါပဲ။ သာမန်အားဖြင့်ကြည့်ရင် ဒီလို ဆုံးဖြတ်ချက်လေးတွေက အရေးမကြီးဘူးလို့ ထင်ရပေမယ့် အဲဒီဆုံးဖြတ်ချက်တွေက လူတစ်ယောက်ရဲ့ တည်ရှိမှု၊ ရပ်တည်မှု၊ တန်ဖိုးနဲ့ ပတ်ဝန်းကျင်ဆက်ဆံရေးဆိုင်ရာ အပြုအမူ၊ အပြောအဆို၊ အကျင့်စရိုက်ဆိုတာတွေကို ပုံဖော်ဖန်တီးနေတာပဲ ဖြစ်ပါတယ်။

ဆိုရရင် လူတစ်ယောက်ရဲ့ ဆုံးဖြတ်ချက်တွေဆိုတာက သူ့ဘဝကို ပုံဖော်နေတဲ့ အစိတ်အပိုင်းတွေဖြစ်လို့ အရေးပါတဲ့ကိစ္စရပ်လို့ ဆိုရမှာပါ။ အကြောင်းအရာတစ်ခုကို စဉ်းစားဆုံးဖြတ်လိုက်ပြီးရင် အဲဒီအကြောင်းအရာရဲ့ အရေးပါမှုနဲ့ ကျယ်ပြန့်မှုအတိုင်းအတာအလိုက် ကောင်းကျိုး/ ဆိုးကျိုးအကျိုးဆက်တွေ ရှိလာမှာ ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်မှန်ရင် မှန်သလို ကောင်းကျိုးတွေရရှိမှာ ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်မှားခဲ့ရင်တော့ ဆိုးကျိုးမဖြစ်တောင် အနည်းဆုံး အကျိုးမရှိဘူးပေါ့။ အရေးပါတဲ့ အကြောင်းကိစ္စဆိုရင်တော့ ဆုံးဖြတ်ချက်ချတဲ့သူကိုယ်တိုင်အပြင် ပတ်ဝန်းကျင်ကိုပါ ထိခိုက်ဆုံးရှုံးမှုတွေ ဖြစ်စေတတ်ပါတယ်။

ဒီတော့ ဆုံးဖြတ်ချက်တစ်ခုချဖို့ဆိုရင် ထည့်သွင်းစဉ်းစားစရာတွေ၊ ချိန်ဆစရာတွေ၊ ဖြစ်လာနိုင်တဲ့ အကျိုးဆက်တွေကို တွက်ဆရပါတယ်။ စဉ်းစားဆုံးဖြတ်တဲ့ လုပ်ငန်းစဉ်အတိုင်း ဆုံးဖြတ်နိုင်ရင်

> **❛ စဉ်းစားဆုံးဖြတ်ရတဲ့ အခြေအနေ၊ ပုံစံနဲ့ နည်းလမ်းတွေ အမျိုးမျိုးကြားမှာ စဉ်းစားဆုံးဖြတ်ချက်တွေ တတ်နိုင်သမျှမှန်ဖို့ဆိုရင် လုံလောက်တဲ့ အချက်အလက်တွေ၊ သတင်းတွေ လိုအပ်ပါတယ်။ သတင်းအချက်အလက် ခိုင်မာတိကျမှ ဆုံးဖြတ်ချက်ရဲ့ အရည်အသွေးပိုကောင်းဖို့ အထောက်အကူဖြစ်စေမှာပါ။ တစ်ဖက်မှာလည်း လူတစ်ယောက်ရဲ့ ဆုံးဖြတ်ချက် အရည်အသွေးကို ထိခိုက်စေတဲ့ စိတ်ပိုင်းဆိုင်ရာလွှမ်းမိုးမှုတွေ ရှိနေတတ်ကြပါတယ်။ ဥပမာ စိတ်စွဲလမ်းမှုနဲ့ ဘက်လိုက်မှုတွေကြောင့် ဆုံးဖြတ်ချက်တွေကို ဖြစ်သင့်တာထက် ဖြစ်ချင်တဲ့စိတ်ခံစားချက်အတိုင်း ဆုံးဖြတ်တတ်ကြပါတယ် ❜**

တော့ ပိုကောင်းတဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်မှာပါ။ ဆုံးဖြတ်ချက် ချမှတ်တဲ့အလုပ်ဟာ သာမန်လူတစ်ယောက်အတွက်တောင် အရေးပါနေရင် အဖွဲ့အစည်းကို ဦးဆောင်နေသူတွေ၊ လုပ်ငန်းရှင်ကြီးတွေ၊ စီမံခန့်ခွဲသူတွေနဲ့ မန်နေဂျာတို့လို ဆုံးဖြတ်ချက်ချသူတွေအတွက်ဆို ပိုပြီးအရေးကြီးပါတယ်။ ဆုံးဖြတ်ချက်မှန်ကန်လေ အောင်မြင်မှုတွေ၊ ကောင်းမွန်တဲ့ရလဒ်တွေနဲ့ အကျိုးကျေးဇူးတွေ ပိုမျှော်မှန်းနိုင်လေ ဖြစ်မှာပါ။

**တစ်ဦးချင်းစီ၏ စရိုက်လက္ခဏာ လွှမ်းမိုးမှု**

အထက်မှာဆိုခဲ့သလို လူတစ်ယောက်ရဲ့နေ့စဉ်ဆုံးဖြတ်ချက်တွေက သူ့ရဲ့လုပ်ငန်း ဒါမှမဟုတ် သူ့ဘဝအတွက် အနည်းနဲ့အများ အရေးပါတဲ့ အစိတ်အပိုင်းဖြစ်လို့ တစ်ခုခု ဆုံးဖြတ်တော့မယ်ဆိုရင် သတိပြုသင့်တဲ့အချက်တွေ ရှိပါတယ်။ သတိပြုသင့်တဲ့အချက်တွေအပြင် စဉ်းစားဆုံးဖြတ်တဲ့ လုပ်ငန်းစဉ်တစ်ခုလုံးကို သိထားရင်တော့ အကောင်းဆုံးပဲပေါ့။ ဒါပေမဲ့လည်း သူလိုကိုယ်လို အများစုကတော့ သမားရိုးကျအတိုင်းပဲ စဉ်းစားဆုံးဖြတ်တတ်ကြတာဆိုတော့ ဆုံးဖြတ်ချက်ချတဲ့ လုပ်ငန်းစဉ်တွေကို ထည့်မစဉ်းစားမိတတ်ကြပါဘူး။

သမားရိုးကျစဉ်းစားတာတွေထဲမှာမှ အပေါ်ယံစဉ်းစားဆုံးဖြတ်တာနဲ့ ထဲထဲဝင်ဝင် စဉ်းစားဆုံးဖြတ်တာတော့ ကွာတတ်ကြပါတယ်။ နေ့စဉ် နိစ္စဓူဝ လုပ်နေကျ ကိစ္စတွေမှာဆို ထူးထွေစဉ်းစားနေစရာတောင် မလိုဘူး။ အလိုလို သိနေကြတာကိုး။ ဒါပေမဲ့ ကြိုတင်သိမြင်နေတဲ့ ကိစ္စတွေကို ဆုံးဖြတ်တာနဲ့ ကြိုတင်မသိနိုင်တဲ့ကိစ္စတွေ စဉ်းစားဆုံးဖြတ်ရတာ မတူပြန်ပါဘူး။ ဆုံးဖြတ်ရတဲ့ အခြေအနေနဲ့အကြောင်းအရာ အတိမ်အနက်အလိုက် စဉ်းစားဆုံးဖြတ်ကြရပါတယ်။

အဲဒီလို စဉ်းစားဆုံးဖြတ်ရတဲ့ အခြေအနေ၊ ပုံစံနဲ့ နည်းလမ်းတွေ အမျိုးမျိုးကြားမှာ စဉ်းစားဆုံးဖြတ်ချက်တွေ တတ်နိုင်သမျှမှန်ဖို့ဆိုရင် လုံလောက်တဲ့ အချက်အလက်တွေ၊ သတင်းတွေ လိုအပ်ပါတယ်။ သတင်းအချက်အလက် ခိုင်မာတိကျမှ ဆုံးဖြတ်ချက်ရဲ့ အရည်အသွေးပိုကောင်းဖို့ အထောက်အကူဖြစ်စေမှာပါ။ တစ်ဖက်မှာလည်း လူတစ်ယောက်ရဲ့ ဆုံးဖြတ်ချက် အရည်အသွေးကို ထိခိုက်စေတဲ့ စိတ်ပိုင်းဆိုင်ရာလွှမ်းမိုးမှုတွေ ရှိနေတတ်ကြပါတယ်။ ဥပမာ စိတ်စွဲလမ်းမှုနဲ့ ဘက်လိုက်မှုတွေကြောင့် ဆုံးဖြတ်ချက်တွေကို ဖြစ်သင့်တာထက် ဖြစ်ချင်တဲ့ စိတ်ခံစားချက်အတိုင်း ဆုံးဖြတ်တတ်ကြပါတယ်။

စိတ်ရဲ့ခံစားချက်၊ စွဲလမ်းမှုနဲ့ ဘက်လိုက်မှုတွေကြောင့် မိမိတို့ဟာ ကိုယ်လက်ခံလိုတဲ့ ကိစ္စတွေပဲ လက်ခံတတ်ကြတဲ့ သဘောပါ။ တစ်ခါတစ်ရံ ယုံကြည်မှုနဲ့ ဆုံးဖြတ်တဲ့ ဆုံးဖြတ်ချက်တွေလည်း ရှိကြပါတယ်။ အဲဒါကတော့ ယုံကြည်မှုအရ ဆုံးဖြတ်တာဖြစ်လို့ အချက်အလက်နဲ့ ကျိုးကြောင်းစဉ်းစားမှုအပိုင်းမှာ လျော့နည်းတတ်ပါတယ်။ ယုံကြည်မှုဆိုရာမှာလည်း ဝိဝါဒကွဲစရာတွေ ရှိပါတယ်။ ကိုယ်တိုင်က ယုံကြည်တာလား၊ အခြားသူတွေ ယုံကြည်လို့ ယုံကြည်တာလား၊ တစ်သမတ်တည်းရော ယုံကြည်ရရဲ့လားဆိုတဲ့ ဝိဝါဒတွေဖြစ်ပါတယ်။ ဆုံးဖြတ်ချက်တွေကို လွှမ်းမိုးတတ်တဲ့ နောက်တစ်ချက်ကတော့ ခံယူချက်သဘောထားပဲ ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်ချရာမှာ သတင်းအချက်အလက်တွေ၊ ကျိုးကြောင်းဆင်ခြင်မှုတွေထက် မိမိတို့ အစဉ်အဆက် လက်ခံလာခဲ့တဲ့ စိတ်သဘောထားနဲ့ တန်ဖိုးထားမှုဆိုတာတွေနဲ့ ဆုံးဖြတ်ကြတာပဲ ဖြစ်ပါတယ်။ အကြောင်းအရာတစ်ရပ်ကို ဓမ္မဓိဋ္ဌာန်ကျကျ မစဉ်းစားတော့ဘဲ မိမိယခင်က လက်ခံထားခဲ့တဲ့ အယူအဆအတိုင်း ဆုံးဖြတ်တတ်ကြပါတယ်။ အဲဒီအတွက် ပြောင်းလဲနေတဲ့ အခြေအနေ၊ မမျှော်လင့်ဘဲဖြစ်လာတဲ့ အခြေအနေနဲ့ မသေချာမရေရာတဲ့ အခြေအနေတွေမှာ ဆုံးဖြတ်ချက်တွေကို အံလွဲစေတတ်ပါတယ်။ ဒါ့အပြင် လူတစ်ယောက်ရဲ့ ဆုံးဖြတ်ချက်တွေအပေါ် လွှမ်းမိုးစေတတ်တဲ့ အခြားအချက်တွေထဲမှာဆိုရင် ဆုံးဖြတ်ချက်ချတဲ့သူရဲ့ ဉာဏ်ရည် ဉာဏ်သွေး၊ တစ်ဦးချင်းရဲ့ အကျင့်စရိုက် ကွဲပြားမှု၊ ပညာ၊ အသက်အရွယ်၊ အတိတ်ကာလ အတွေ့အကြုံ၊ သိမြင်မှုဆိုင်ရာ ဘက်လိုက်မှု၊ အချိန်ကန့်သတ်ချက်၊ လူမှုရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ လွှမ်းမိုးမှုတွေ ဖြစ်ကြပါတယ်။

**သိန်းထွန်း (IR)**

ဒီအချက်တွေက လူတစ်ယောက် စဉ်းစားဆုံးဖြတ်ရာမှာ သိသိသာသာဖြစ်ဖြစ်၊ မသိမသာဖြစ်ဖြစ် လွှမ်းမိုးနေတတ်ကြပါတယ်။ တစ်ခါတစ်ရံ ဒီလိုလွှမ်းမိုးမှုတွေက မိမိတို့ရဲ့ဆုံးဖြတ်ချက်တွေကို ပြောင်းလဲစေပြီး ကြီးကြီးမားမား အကျိုးဆက်တွေကိုလည်း ဖြစ်စေတတ်ပါတယ်။

**ပြင်ပမှလွှမ်းမိုးနိုင်မှု**

ပြင်ပမှလွှမ်းမိုးနိုင်မှုကတော့ မိမိတို့ရဲ့ ဆုံးဖြတ်ချက်တွေအပေါ် လူမှုအဖွဲ့အစည်းရဲ့ စရိုက်လက္ခဏာတွေက လွှမ်းမိုးစေတတ်ခြင်း ဖြစ်ပါတယ်။ သဘောကတော့ ပတ်ဝန်းကျင်ရဲ့ ဓလေ့စရိုက်၊ စံနှုန်း၊ ယဉ်ကျေးမှု၊ တန်ဖိုးထားမှုတွေက မိမိတို့အပေါ် လွှမ်းမိုးလာတဲ့အခါ ပတ်ဝန်းကျင်ရဲ့ သက်ရောက်မှုတွေအတိုင်း ဆုံးဖြတ်ကြခြင်း ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ရဲ့လွှမ်းမိုးမှုတွေကြောင့် ကိုယ့်ရဲ့လိုလားချက်၊ ဖြစ်နေတဲ့အခြေအနေအပေါ် နားလည်မှု၊ သတင်းအချက်အလက်ရယူမှု၊ ကျိုးကြောင်းဆင်ခြင်စဉ်းစားမှု၊ ရွေးချယ်မှုဆိုတာတွေနဲ့ အံလွဲသွားတတ်ကြပါတယ်။ လူ့သဘာဝအရ ဖြစ်တတ်တဲ့ အခြေအနေလို့ဆိုနိုင်ပေမယ့် အဲဒီအခြေအနေတွေက ကိုယ့်ရဲ့ဆုံးဖြတ်ချက်တွေကို လွှမ်းမိုးတတ်လို့ သတိပြုသင့်တဲ့အထဲက အရေးကြီးတဲ့ အချက်တစ်ချက်လို့ ဆိုနိုင်ပါတယ်။

သာမန်လူတစ်ယောက်အတွက် ဆုံးဖြတ်ချက်ချတဲ့ လုပ်ငန်းစဉ်ဟာ ရှုပ်ထွေးမှုမရှိဘူးလို့ ဆိုနိုင်ပေမယ့် အဲဒီလိုကျယ်ပြန့်တဲ့ ပတ်ဝန်းကျင်အခြေအနေနဲ့ ဆုံးဖြတ်ရမယ့်ကိစ္စရဲ့ အတိမ်အနက်လိုက်ပြီး စဉ်းစားဆုံးဖြတ်တဲ့လုပ်ငန်းကလည်း နက်နဲတတ်ပါတယ်။ အဲဒီလိုအခြေအနေမျိုးမှာ ထည့်သွင်းစဉ်းစားရမယ့် အမျိုးမျိုးသောအကြောင်းအရာတွေ ဆုံးဖြတ်ရာမှာ လွှမ်းမိုးနိုင်တဲ့ အချက်တွေကြောင့် စဉ်းစားဆုံးဖြတ်တဲ့အလုပ်ဟာ လူတွေရဲ့ စဉ်းစားတွေးခေါ်မှုဆိုင်ရာ ရှုပ်ထွေးတဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်နေပြီး မတူညီတဲ့ ဆုံးဖြတ်ချက်တွေကို ဖြစ်စေပါတယ်။ ပတ်ဝန်းကျင်ဆိုင်ရာ လွှမ်းမိုးမှုတွေဟာလည်း လူတစ်ဦးချင်းစီရဲ့ ဆုံးဖြတ်ချက်တွေအပေါ် များစွာ သက်ရောက်မှု ကြီးတတ်တာကြောင့် ပြောင်းလဲသွားတဲ့ ဆုံးဖြတ်ချက်တွေ၊ ပြောင်းလဲသွားတဲ့ဘဝတွေကို မိမိတို့ပတ်ဝန်းကျင်မှာ များစွာတွေ့နိုင်ပါတယ်။

**အကောင်းဆုံး ဆုံးဖြတ်ချက်အတွက် အထောက်အကူဖြစ်စေ**

ဆုံးဖြတ်ချက်ချတဲ့လုပ်ငန်းစဉ်တွေကို လူတိုင်းက နေ့စဉ်လိုလို လုပ်ဆောင်နေကြလို့ ထူးခြားတဲ့အလုပ်လို့တောင် အချို့က မထင်မိတတ်ကြပါဘူး။ ဒါပေမဲ့လည်း မိမိတို့ရဲ့ ဆုံးဖြတ်ချက်တွေဟာ ဆုံးဖြတ်ချက်ချတဲ့သူရဲ့ ဘဝကို ပုံဖော်နေတာဖြစ်လို့ လူတိုင်းအတွက် အရေးပါတဲ့ အစိတ်အပိုင်းတွေ ဖြစ်ပါတယ်။ ဒီလိုအရေးပါတဲ့ ဆုံးဖြတ်ချက်တွေ မှန်မှန်ကန်ကန်ချမှတ်နိုင်လေ ဘဝရည်မှန်းချက်တွေအတွက် ပိုမိုအထောက်အကူရလေ ဖြစ်ပါတယ်။ တစ်ဖက်မှာဆိုရင်လည်း မိမိတို့ရဲ့ဆုံးဖြတ်ချက်ဆိုင်ရာ စဉ်းစားမှုတွေမှာ လွှမ်းမိုးနိုင်တဲ့ အခြေအနေတွေနဲ့ အချက်တွေ ရှိနေမယ်ဆိုရင် ဆုံးဖြတ်ချက် အရည်အသွေးကို ထိခိုက်စေနိုင်ပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ စဉ်းစားဆုံးဖြတ်မှုတွေ၊ ရွေးချယ်မှုတွေအပေါ် ဘယ်လိုအချက်တွေနဲ့ အခြေအနေတွေက လွှမ်းမိုးနေတတ်သလဲဆိုတာ သိရှိထားပြီး သတိထားနိုင်မယ်ဆိုရင် အကောင်းဆုံး ဆုံးဖြတ်ချက်ချဖို့ ပိုမိုအခွင့်သာစေမှာ ဖြစ်ပါတယ်။ ။

ပုံပြင်

# သူကြွယ်နှင့် သူဆင်းရဲ

မင်းယုဝေ

(၂၆-၉-၂၀၂၂ ရက်နေ့မှအဆက်)

သူက ယမန်နေ့က ခရီးသည်အား တည်းခိုခွင့်ပေးရန် ရည်ရွယ်ပါကြောင်း၊ သူသည် တံခါးဖွင့်ရန် သော့သွားယူခိုက် ခရီးသည် အဘယ်သို့ ထွက်သွားသည်မသိ ဖြစ်ရပါကြောင်း စသည်ဖြင့်ပြောဆို၏။ ထို့နောက် အကယ်၍ ခရီးသည်သည် အပြန်တွင် ဤလမ်းအတိုင်း ပြန်လာပါက သူ့အိမ်တွင် တည်းခိုရန်လည်း ဖိတ်ကြားလေသည်။ ခရီးသည်ကလည်း ဤလမ်းက ပြန်လာဖြစ်က တည်းခိုပါမည်ဟု ပြောကြားလေသည်။

ထိုအခါ သူကြွယ်သည် သူ့အား ဆုပေးရန် တောင်းဆိုလေတော့၏။ ခရီးသည်ကလည်း ဆုပေးရသည်မှာ မခဲယဉ်းကြောင်း၊ သို့ရာတွင် သူကြွယ်အဖို့ အကျိုးထူးလိမ့်မည်မဟုတ်သဖြင့် ဆုမပေးလိုကြောင်း ပြောဆိုငြင်းပယ်လေသည်။ သို့သော် သူကြွယ်က အမျိုးမျိုးပူဆာသောကြောင့် နောက်ဆုံးတွင် ခရီးသည်က သူကြွယ်အား...

“အိမ်သို့သာပြန်သွားပါလေ၊ သင်အလိုရှိရာ တောင်းသည့်ဆုသုံးခုသည် မုချပြည့်ဝပါလိမ့်မည်” ဟုဆိုကာ အိမ်ပြန်လွှတ်လိုက်လေ၏။

သူကြွယ်လည်း မည်သည့်ဆုကို တောင်းရပါအံ့နည်းဟု တစ်လမ်းလုံး စဉ်းစားသွားလေသည်။ သို့စိတ်ကူးတွင် နစ်မျောနေသဖြင့် သတိလစ်ကာ မြင်းဇက်ကြိုးကို လွှတ်ချမိလေ၏။ မြင်းသည် ဇက်ကြိုးလွှတ်သွားလျှင်ပင် ကဆုန်ပေါက်ကာ ပြေးလေ၏။ သူကြွယ်လည်း မြင်းကိုသာနိုင်အောင်ထိန်းနေရသဖြင့် ဆုတောင်းရန်ကို မစဉ်းစားဘဲ ရှိလေ၏။ သူသည် မြင်း၏လည်ပင်းကိုပုတ်ကာ ငြိမ်သက်အောင် ချော့မော့သော်လည်း အချည်းနှီးသာရှိသည်။ မြင်းသည် ဆိုးသည်ထက်ဆိုးလာ၏။ နောက်ဆုံးတွင် သူကြွယ်သည် စိတ်မရှည်နိုင်ဘဲ မြင်းအား “ဇက်ကျိုး၍သေပါစေ” ဟု ကျိန်ဆဲလိုက်လေ၏။ သူ့နှုတ်မှ ထိုစကားဆုံးသည်နှင့် တစ်ပြိုင်နက် မြင်းသည် မြေပေါ်သို့လဲကျကာ ဇက်ကျိုးသေဆုံးသွားလေ၏။

မြင်းသေဆုံးသော် စေးနဲလှသောသူကြွယ်သည် မြင်းကုန်းနှီးကို မထားခဲ့နိုင်။ ယင်းကို ကျောတွင်ပိုးလျက် အိမ်သို့ခြေကျင်ပြန်ခဲ့လေ၏။ သူသည် ဆုတောင်းရန် နှစ်ခုကျန်သေးသဖြင့် စိတ်မပျက်လှချေ။ သို့သော် ပူပြင်းသောနေရောင်အောက်၌ အတန်ကြာသွားမိသောအခါ မောပန်းလာလေ၏။ ထို့ပြင် ကျောထက်သယ်ဆောင်လာသော ကုန်းနှီးကြီးကလည်း လေးလံလှသည်။ ယင်းသို့မောပန်းနေသော်လည်း သူသည် ဆုကောင်းကောင်းတောင်းရန် စဉ်းစားနေမိပြန်သည်။ သူသည် လောဘကြီးလွန်းသဖြင့် မည်သည့်ဆုကိုမျှ ကျေနပ်ခြင်းမရှိနိုင်ဖြစ်နေ၏။ ပင်ကလည်းပင်ပန်းသောကြောင့် သူသည် စိတ်တို၍လာလေ၏။

ထိုခဏတွင် သူသည် အိမ်၌ကျန်ရစ်သော သူ့ဇနီးသည်ကိုသွား၍ သတိရမိလေသည်။ ထိုအချိန်ဆိုလျှင် ဇနီးဖြစ်သူသည် အေးချမ်းသော အခန်းထဲ၌ လှပသပ်ရပ်စွာဝတ်စားလျက် အေးငြိမ်းစွာထိုင်လျက် ရှိနေပေလိမ့်မည်။ ထိုအတွေးသည် သူ့ဦးခေါင်းထဲသို့ဝင်လာသည်နှင့် တစ်ပြိုင်နက် သူကြွယ်သည် အလွန်စိတ်ဆိုးလေတော့၏။ ထို့ကြောင့်...

“မိန်းမမိုက်သည် ဤကုန်းနှီးပေါ်၌ ကပ်နေပါစေ၊ ခွာမရပါစေနှင့်။ ဤကုန်းနှီးကြီးလည်း ငါ့ကျောပေါ်မှ ပျောက်ကွယ်သွားပါစေ” ဟု ဒေါသဖြင့် ဆိုလိုက်မိလေသည်။ ချက်ချင်းပင် ကုန်းနှီးသည် သူ၏ ကျောပေါ်မှ ကွယ်ပျောက်သွားလေ၏။ သူကြွယ်လည်း သူ့တွင် ဆုတောင်းရန်တစ်ချက်သာ ကျန်တော့သည်ကို သတိပြုမိလေ၏။ ထို့ကြောင့် ထိုအခွင့်အရေးမဆုံးရှုံးစေရန် အိမ်သို့အမြန်ဆုံးပြေးသွားလေ၏။ သို့မှသာ သူသည် အခန်းထဲတွင် တံခါးပိတ်၍ အနှောင့်အယှက်ကင်းစွာ စဉ်းစားနိုင်မည်ဖြစ်လေသည်။ သို့သော် အိမ်တွင်းသို့ဝင်မိသည်နှင့် တစ်ပြိုင်နက် သူသည် အံ့ဩတုန်လှုပ်သွားလေသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ဇနီးသည် အခန်းအလယ်ရှိ မြင်းကုန်းနှီးပေါ်၌ ထိုင်လျက်ရှိသောကြောင့်တည်း။ သူ့ဇနီးသည် ကုန်းနှီးမှ ကိုယ်ကိုခွာ၍မရသောကြောင့် ထိတ်လန့်စွာငိုယိုလျက်ရှိလေသည်။

သူကြွယ်ကမူ... “ရှင်မ မစိုးရိမ်လင့်၊ တစ်လောကလုံးရှိ ပစ္စည်း၊ ရွှေငွေအားလုံး သင်ရစေရန် ငါဆုတောင်းပေးမည်” ဟု နှစ်သိမ့်၏။ သို့ရာတွင် သူကြွယ်၏ဇနီးသည်က ဦးခေါင်းကိုယမ်းကာ... “ကျွန်မမှာ ဤသို့ တစ်သက်ပတ်လုံး ကုန်းနှီးပေါ်တွင် ထိုင်နေရပါက ထိုရွှေငွေတို့သည် အသို့လျှင် အသုံးဝင်နိုင်ပါမည်နည်း” ဟု ပြောဆိုလေ၏။ ထို့ပြင် သူသည် သူကြွယ်ကြောင့် ထိုကဲ့သို့ဖြစ်ရသည်ဟု အပြစ်တင်ကာ သူ့အား ထိုဒုက္ခမှ အမြန်ဆုံးလွတ်အောင် ပြုလုပ်ရန်သာတိုက်တွန်းလေ၏။ ဤတွင် သူကြွယ်သည်လည်း သူ၏ဇနီးအား ထိုဒုက္ခမှ လွတ်မြောက်အောင် စိတ်မပါဘဲ ဆုတောင်းပေးရ၏။ သူ့ဆုတောင်းဆုံးသည်နှင့် တစ်ပြိုင်နက် သူ့ဇနီးသည် ခံစားနေရသော ဒုက္ခမှ လွတ်ကင်းသွားလေ၏။ ဤသို့အားဖြင့် သူကြွယ်သည် ဆုသုံးခုကို ရပင်ရငြားသော်လည်း အကျိုးမထူးဘဲရှိလေ၏။ ထိုမျှသာမက သူ့မှာ မြင်းတစ်စီးလည်း ဆုံးရှုံးရသည်။ ပင်ပန်းခြင်း၊ ဒုက္ခရောက်ခြင်း၊ ဆင်းရဲခြင်းတို့နှင့်လည်း ရင်ဆိုင်ခဲ့ရပေသည်။ ။

**သူကြွယ်သည် ဆုသုံးခုကို ရပင်ရငြားသော်လည်း အကျိုးမထူးဘဲရှိလေ၏။ ထိုမျှသာမက သူ့မှာ မြင်းတစ်စီးလည်း ဆုံးရှုံးရသည်။ ပင်ပန်းခြင်း၊ ဒုက္ခရောက်ခြင်း၊ ဆင်းရဲခြင်းတို့နှင့်လည်း ရင်ဆိုင်ခဲ့ရ**

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။





ကဗျာ

## မီးထွန်းရအောင်ဆွေ

✧ ဝါကျွတ်ချိန် သီတင်းမို့
ချစ်ရင်းတဲ့ ဆွေသဟာ
လာပါကြလေး။

✧ ဆီမီးဖုံဖုံနဲ့
ထိန်ညီး ရောင်စုံပ
ဓမ္မာရုံ သည်ပတ်ဝန်းကို
သွန်းကြစို့လေး။

✧ မီးရောင်စုံ ထိန်လင်းနဲ့
လမင်းကို ဂုဏ်ပြိုင်မယ်
နိုင်ပါစေ့လေး။

✧ မီးပုံးတွေ ပြာဝါနီလို့
စီရရီ ကျောင်းမြေဝှန်းမှာ
လျှမ်းတင့်လိမ့်လေး။

✧ ချစ်တဲ့မေ ဆွေတနုန်းက
ပြုံးဆိုတဲ့ မီးအိမ်ကိုင်
နိုင်အောင်တဲ့လေး။

✧ တို့လည်း ကိုယ်စီပ
ပြိုင်ပွဲဝင်မည်လို့
ထိန်ကြည်ကြည် မီးသည်ပွဲမှာ
နွှဲလိုက်စို့လေး။

✧ ကျောင်းရိပ်မှာ ဝါထွန်းတော့
ကျောင်းဝန်းတဲ့ ပြန့်စရာ
ဖွေရှာခဲ့လေး။

✧ သည်မီးတစ်တိုင်
ကျောင်းရိပ်မြိုင် သည်အဝန်းကို
ဆန်းတင်ဖို့လေး။

✧ မေတ္တာတိုင် ငါညှိတော့
ရွှမ်းပီတိ ကြည်စရာ
ဝေဖြာခဲ့လေး။

✧ ပတ်ဝန်း မှောင်ကုန်လို့
ထိန်လင်း ရောင်စုံပေါ့
ဓမ္မာရုံ တစ်မြေလုံးငယ်
ပြုံးရွှင်လို့အေး။

ငွေတာရီ

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



(ဆက်လက်ဖော်ပြပါမည်)

လူမှု ဘဝ

# လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

## နပိုလီယံ

**မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)**

နပိုလီယံ (Napoleon) ကို ကော်ဆီကာရှိ အဂျာဆီယို (Arjaccio)၌ ၁၇၆၉ ခုနှစ်တွင် မွေးဖွားခဲ့ပါသည်။ သူသည် ၁၈၀၄ ခုနှစ်မှ ၁၈၁၄ ခုနှစ်အထိ ပြင်သစ်နိုင်ငံ၏ မင်းဧကရာဇ်ဖြစ်ခဲ့ပြီး ၁၈၁၅ ခုနှစ်တွင် မင်းဧကရာဇ်ထပ်မံဖြစ်ခဲ့ပါသည်။ သူသည် အသက် (၅၁) နှစ်အရွယ် ၁၈၂၁ ခုနှစ်တွင် သေဆုံးခဲ့ပါသည်။

နပိုလီယံဘိုနာပတ်သည် အသက် (၁၀) နှစ်အရွယ်တွင် ပြင်သစ်စစ်ကျောင်းသို့ ဝင်ရောက်ခဲ့ပါသည်။ ဘွဲ့ရပြီးနောက် သူသည် လျင်မြန်စွာ ရာထူးမြင့်တက်ခဲ့ပါသည်။ မကြာမီ သူသည် စစ်တပ်တစ်ခုလုံးကို အမှူးပြုကွပ်ကဲအုပ်ချုပ်ခဲ့ရပါသည်။ သူသည် ပြင်သစ်နိုင်ငံအတွက် အီတလီမြောက်ပိုင်းကို တိုက်ခိုက်အောင်မြင်ခဲ့သည်။ ထို့နောက် သူသည် အီဂျစ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့သည်။ သို့ရာတွင် သူ့ရေတပ်သည် နိုင်းမြစ်စစ်ပွဲကို ၁၇၉၈ ခုနှစ်တွင် နယ်လ်ဆင် (Nelson) ၏ အနိုင်ယူခြင်းကို ခံခဲ့ရပါသည်။

ဤအချိန်မှစပြီး ပြင်သစ်တော်လှန်ရေးသည် ဆယ်နှစ်ကြာကြာ ဆက်လက်ဖြစ်ပွားနေသည်။ သို့ရာတွင် ၁၇၉၅ ခုနှစ်ကတည်းက အစိုးရအနေဖြင့် အခက်အခဲများရှိခဲ့သည်။ နပိုလီယံသည် ပါရီမြို့သို့ ပြန်လာခဲ့သည်။ အကြောင်းမူကား ပြင်သစ်နိုင်ငံသည် ခိုင်မာတောင့်တင်းသော အစိုးရလိုအပ်သည်ဟု သူတွေးခဲ့ပြီး ယင်းအချက်ကို သူဖြည့်ဆည်းနိုင်ခဲ့ပါသည်။ ၁၇၉၉ ခုနှစ် နိုဝင်ဘာလတွင် အစိုးရကို ဖြုတ်ချပြီးနောက် သူသည် ပြင်သစ်နိုင်ငံ၏ ခေါင်းဆောင်သစ်ဖြစ်လာခဲ့ပါသည်။ သည့်နောက် ငါးနှစ်ကျော်ကျော် သာမန်ပြည်သူတို့၏ဘဝမြင့်မားတိုးတက်ရန် သူအပြင်းအထန် အလုပ်လုပ်ခဲ့ပါသည်။ တစ်ချိန်တည်းမှာ သူ့ရေတပ်သည် ၁၈၀၅ ခုနှစ်တွင် ဖြစ်ပွားသော ထရက်ဖော်ကာစစ်ပွဲတွင် အရေးနိမ့်ခဲ့သော်လည်း သူ့စစ်တပ်များမှာမူ နိုင်ငံခြားတွင် အောင်မြင်မှုရရှိခဲ့ပါသည်။ ၁၈၀၄ ခုနှစ်တွင် နပိုလီယံသည် အင်ပါယာဖြစ်ခဲ့ပြီး ၁၈၀၇ ခုနှစ်တွင် ရောမခေတ်ကတည်းက ဥရောပတွင် အကြီးမားဆုံးအင်ပါယာဖြစ်ခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ အဖြစ်အပျက်များသည် များယွင်းပြောင်းလဲခဲ့ပါသည်။ ဝယ်လင်တန်မြို့စားကြီး၏ အုပ်ချုပ်မှုအောက်တွင်ရှိသော ဗြိတိသျှစစ်တပ်သည် ပြင်သစ်တို့အား စပိန်နိုင်ငံမှ မောင်းထုတ်ရန် စပိန်လူမျိုးတို့ကို ကူညီခဲ့ပါသည်။ သည့်နောက် နပိုလီယံသည် ၁၈၁၂ ခုနှစ်တွင် အဆိုးရွားဆုံးအမှားကို ပြုလုပ်ခဲ့ပါသည်။ သူသည် စစ်အင်အားငါးသိန်းရှိသည့် ကြီးမားသောစစ်တပ်နှင့်အတူ ရုရှားနိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့ပါသည်။ ရုရှားတို့သည် နပိုလီယံ၏စစ်တပ်များ ရုရှားနိုင်ငံအတွင်းသို့ စိမ့်ဝင်ရောက်ရှိလာအောင် ပုံမှန်ခုခံရင်းဆွဲယူခဲ့သည်။ ပြင်သစ်တို့ မော်စကိုသို့ရောက်သော်လည်း ရုရှားတို့က ငြိမ်းချမ်းရေးပြုလုပ်ရန် ငြင်းပယ်ဆဲရှိနေပါသည်။ နပိုလီယံသည် သူ့တပ်များ ပြန်ဆုတ်ရမည်ကို သိရှိသဘောပေါက်ခဲ့သည်။ ယခုတော့ သူ့စစ်တပ်သည် ပြင်းထန်သော ရုရှားရာသီဥတုနှင့် ရင်ဆိုင်နေရပြီဖြစ်သည်။ အအေးဒဏ်ခံစားရပြီး အစာရေစာငတ်နေသော သူ့စစ်သားထောင်ပေါင်းများစွာတို့ သေဆုံးခဲ့ရသည်။

ထိုစဉ်ကစပြီး ပြင်သစ်လူမျိုးများစွာသည် နပိုလီယံ၏ အုပ်ချုပ်မှုကို သည်းမခံနိုင်တော့ချေ။ လီးဇစ်စစ်ပွဲကို အရေးနိမ့်ပြီးနောက် ၁၈၁၄ ခုနှစ်တွင် ပြင်သစ်နိုင်ငံသည် ကျူးကျော်တိုက်ခိုက်ခြင်း ခံရသည်။ နပိုလီယံကို မြေထဲပင်လယ်သို့ အဲလ်ဘာကျွန်းတွင် ပြည်နှင်ဒဏ်ပေးခဲ့သည်။ လူးဝစ် ၁၈ သည် ပြင်သစ်ဘုရင်အဖြစ် အမိန့်ထုတ်ပြန်ကြေညာခဲ့သည်။

၁၈၁၅ ခုနှစ်တွင် နပိုလီယံသည် အယ်လ်ဘာမှ လွတ်မြောက်ခဲ့ပြီး လူ ၇၀၀ နှင့်အတူ ပြင်သစ်နိုင်ငံသို့ ခြေချခဲ့သည်။ စစ်သားများက သူ့ကို အင်ပါယာအဖြစ် ကြိုဆိုခဲ့ကြပြီး သူသည် ပါရီမြို့သို့ ပြန်လာခဲ့သည်။ ဘုရင်လည်း ထွက်ပြေးသွားခဲ့ပြီး နပိုလီယံသည် တစ်ဖန်ပြန်၍ အာဏာရရှိခဲ့ပါသည်။ သို့ရာတွင် ဗြိတိန်၊ ပရပ်ရှား၊ ရုရှားနှင့် ဩစတြီးယားနိုင်ငံများသည် ၁၈၁၅ ခုနှစ်၊ ဝါတားလူးစစ်ပွဲတွင် သူ့ကို အနိုင်ယူရန် ပေါင်းစည်းခဲ့ကြပါသည်။ ဤအချိန်တွင် နပိုလီယံသည် တောင်အတ္တလန္တိတ်ရှိ စိန့်ဟယ်လင်နာကျွန်းသို့ သွားရောက်နေထိုင်ခဲ့ရပြီး ခြောက်နှစ်အကြာတွင် သေဆုံးခဲ့ပါသည်။ ။

❒ ၁၈၁၅ ခုနှစ်တွင် နပိုလီယံသည် အယ်လ်ဘာမှ လွတ်မြောက်ခဲ့ပြီး လူ ၇၀၀ နှင့်အတူ ပြင်သစ်နိုင်ငံသို့ ခြေချခဲ့သည်။ စစ်သားများက သူ့ကို အင်ပါယာအဖြစ် ကြိုဆိုခဲ့ကြပြီး သူသည် ပါရီမြို့သို့ ပြန်လာခဲ့သည်။ ဘုရင်လည်း ထွက်ပြေးသွားခဲ့ပြီး နပိုလီယံသည် တစ်ဖန်ပြန်၍ အာဏာရရှိခဲ့ပါသည်။ သို့ရာတွင် ဗြိတိန်၊ ပရပ်ရှား၊ ရုရှားနှင့် ဩစတြီးယားနိုင်ငံများသည် ၁၈၁၅ ခုနှစ်၊ ဝါတားလူးစစ်ပွဲတွင် သူ့ကို အနိုင်ယူရန် ပေါင်းစည်းခဲ့ကြ

# ရေဘုတ်ရေလှောင်တမံမှ မိုးစပါးစိုက်ဧက ၁၁၉၂ ဧကအတွက် စိုက်ပျိုးရေပေးဝေလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂

**ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ရှိ ရေဘုတ်ရေလှောင်တမံသည် စိစစ်စပါးစိုက်ဧက ၁၅၅၀ ရှိပြီး လက်ရှိတွင် မိုးစပါးစိုက်ဧက ၁၁၉၂ ဧကအတွက် စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။**



"ဒီရေလှောင်တမံကနေ စိုက်ပျိုးရေပေးဝေရာမှာ တူမြောင်းမကြီးတစ်ခု၊ လက်တံမြောင်းခြောက်ခုနဲ့ တိုက်ရိုက် ရေပေးမြောင်း ၂၁ ခုကနေ ရေပေးဝေလျက်ရှိတယ်။ လှိုင်းဘွဲ့မြို့နယ်မှာရှိတဲ့ ထီလုံ၊ တပုထို၊ သမ္ဘာန်၊ နောင်သင့်စတဲ့ ကျေးရွာအုပ်စုတွေနဲ့ ကျေးရွာပေါင်း ခြောက်ရွာမှာရှိတဲ့ စိုက်ပျိုးမြေတွေကို အဓိက ရေပေးဝေလျက်ရှိပါတယ်။ အခု မိုးစပါးစိုက်ချိန်ဖြစ်တဲ့အတွက် တောင်သူတွေအတွက် စိုက်ပျိုးရေလိုအပ်မှုမရှိအောင်ပေးဝေလျက်ရှိပါတယ်" ဟု လှိုင်းဘွဲ့မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ခိုင်စိုးက ပြောသည်။

၂၀၂၀-၂၀၂၁ ခုနှစ်တွင် မိုးစပါး၊ နွေစပါး(သီးထပ်)နှင့် ဆောင်းသီးနှံများအတွက် စိုက်ပျိုးရေပေးဝေနိုင်ခဲ့ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ရေဘုတ်ရေလှောင်တမံသည် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် တည်ရှိပြီး တမံအလျား ပေ ၁၇၇၂၀၊ တမံအမြင့် ၄၆ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏကေပေ ၂၈၄၇၄ ကေပေနှင့် ရေဆင်းဧရိယာ ၁၆ ဒသမ ၂၇ စတုရန်းမိုင်ရှိကာ ထီလုံကျေးရွာအနီးရှိ ရေဘုတ်ချောင်းနှင့် ကစိုင်းချောင်းတို့ကိုပိတ်၍ တည်ဆောက်ထားခြင်းဖြစ်သည်။ ရေဘုတ်ရေလှောင်တမံကို ၂၀၀၅-၂၀၀၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး တည်ဆောက်ပြီး စီးချိန် ၂၀၁၃-၂၀၁၄ ခုနှစ်မှ စတင်ကာ ဒေသစိုက်ပျိုးရေးအတွက် ဆည်ရေပေးဝေလျက်ရှိသည်။

"ရေဘုတ်ရေလှောင်တမံ ရေသောက်စနစ်အတွင်းရှိ တောင်သူများကိုယ်တိုင် ပါဝင်သည့် ရေအသုံးချသူများအဖွဲ့ ၁၂ ဖွဲ့ ဖွဲ့စည်းထားရှိပြီး ယင်းအဖွဲ့များနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းကာ ဆည်ရေသုံးစွဲမှု စနစ်တကျ ခွဲဝေသုံးစွဲရေး၊ ဆည်ရေရယူရာတွင် အငြင်းပွားမှု ပြဿနာများကို စုပေါင်းညှိနှိုင်းဖြေရှင်းခြင်း၊ လယ်ကြားမြောင်းများ၊ ရေမြောင်းများကို စနစ်တကျ တူးဖော်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဦးကျော်ခိုင်စိုးက ပြောကြားသည်။

ထို့ပြင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနသည် သက်ဆိုင်ရာဦးစီးဌာနများနှင့် ပူးပေါင်း၍ ပြည်နယ်အတွင်း တောင်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားအထိ တိုးမြှင့်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ပုသိမ်ခရိုင် နေကြာစိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်းဖွင့်

**ပုသိမ် အောက်တိုဘာ ၂**



ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ နေကြာစိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေး သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီတွင် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှူးက နိုင်ငံတော်မှချမှတ်ထားသောမူဝါဒများနှင့်အညီ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် စားသုံးဆီဖူလုံမှုရှိစေရေး နေကြာစိုက်ပျိုး ထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် တောင်သူများနှင့် ပူးပေါင်း၍ အားသွန်ခွန်စိုက် ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက မိမိတို့ခရိုင်အတွင်း ဆီဖူလုံရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပေးသင်တန်း ဖွင့်လှစ်ပေးသည့်အတွက် လာမည့်ဆောင်းရာသီတွင် ဆီထွက်သီးနှံနေကြာစိုက်ပျိုးခြင်းကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

နည်းပညာပေး သင်တန်းသို့ ပုသိမ်ခရိုင်အတွင်းရှိစိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးများနှင့်ဝန်ထမ်းများတက်ရောက်ခဲ့ပြီး ကျေးရွာအရောက်နည်းပညာပေးလုပ်ငန်းများကို အောက်တိုဘာလအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်ဟန်(ပြန်/ဆက်)

## ဟိုပန်၌ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းဖွင့်

**ဟိုပန် အောက်တိုဘာ ၂**

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများ မျိုးကောင်းမျိုးသန့်စိုက်ပျိုးပြီး သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ လိုက်နာကျင့်သုံးကြစေရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းကို ယမန်နေ့နံနက် ၉နာရီက ဟိုပန်မြို့မ တောင်သူနည်းပညာပြန့်ပွားရေးစင်တာ၌ ဖွင့်လှစ်ခဲ့သည်။



သင်တန်းတွင် ဟိုပန်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလှမိုးကျော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးချိုလေးနှင့် သက်ဆိုင်ရာ စိုက်ပျိုးရေးတာဝန်ခံများက စပါးမျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ခြင်း၊ စပါးမျိုးမှန် အပင်သန်စေရေး ဆားရည်စိမ်၍ စိုက်ပျိုးခြင်း၊ အာလူးစိုက်ပျိုးထုတ်လုပ်မှု၊ နေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်ရာတွင် ကြိုတင်သတိထားရမည့် အချက်များ၊ မြေဩဇာစနစ်တကျ သုံးစွဲခြင်းနှင့် သဘာဝမြေဩဇာသုံးစွဲခြင်း၏ အကျိုးကျေးဇူးများနှင့် ပြုလုပ်သုံးစွဲနည်းများ၊ အစေ့ထုတ်ပြောင်း စိုက်ပျိုးခြင်းဆိုင်ရာများနှင့် ပိုးသတ်ဆေးစနစ်တကျ အန္တရာယ်ကင်းစွာ သုံးစွဲနည်းများ စသည့်စိုက်ပျိုးရေးနည်းပညာဆိုင်ရာများကို ကဏ္ဍအလိုက် စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့သည်။

အဆိုပါ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းသို့ ဟိုပန်မြို့နယ်အတွင်းရှိနောင်မို၊ အားဝေါ်ကျိုင်း၊ မုန်းကွန်၊ မန်မိုင်နှင့်မော်ဟွေ့ ကျေးရွာများမှ တောင်သူ ၆၅ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ် ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်း ချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဋ္ဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

## ပြင်သစ်ပထမတန်း ၁၈ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့တဲ့ ပီအက်စ်ဂျီ

ပီအက်စ်ဂျီအသင်းဟာ အောက်တိုဘာ ၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြင်သစ်ပထမတန်းပွဲစဉ်မှာ နိုက်စ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပြင်သစ်ပထမတန်းပြိုင်ပွဲမှာ ၁၈ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့ပြီဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းနဲ့ နိုက်စ်အသင်းတို့ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၂၉ မိနစ်မှာ တိုက်စစ်မှူး မက်ဆီနဲ့ ၈၃ မိနစ်မှာ တိုက်စစ်မှူး အမ်ဘတ်ပီတို့က သွင်းယူပေးခဲ့တာဖြစ်ပြီး နိုက်စ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၄၇ မိနစ်မှာ လာဘော်ဒီက သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ နည်းပြ ခရစ္စတိုဖီဂယ်လ်တီယာ တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက်ပိုင်း ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ ဂယ်လ်တီယာဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက နည်းပြပိုချက်တီနိုရဲ့ နေရာမှာ အစားထိုးတာဝန်ယူကိုင်တွယ်ခဲ့တာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ပြင်သစ်ပထမတန်းပွဲစဉ်ကိုးပွဲကစားပြီးချိန်မှာ ရှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးကို ဦးဆောင်ခွင့်ရှိခဲ့တာဖြစ်ပြီး မာဆေးလ်အသင်းကတော့ ကိုးပွဲမှာ ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေရလဒ်နဲ့ အမှတ်ပေးဇယား ဒုတိယနေရာမှာ ဆက်လက်ဦးဆောင်နေတာဖြစ်ပါတယ်။



## မန်စီးတီးအသင်းက မန်ယူအသင်းကို ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိ

ပရီမီယာလိဂ်ပွဲစဉ် ၈ ရဲ့ အောက်တိုဘာ ၂ ရက် အစောဆုံးပွဲစဉ်နဲ့ ပြိုင်ဆိုင်မှုအပြင်းထန်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်စီးတီးအသင်းနဲ့ မန်ယူအသင်းတို့ရဲ့ မန်ချက်စတာဒါဘီပွဲစဉ်မှာ မန်စီးတီးအသင်းက မန်ယူအသင်းကို ခြောက်ဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို တိုက်စစ်မှူး ဖိုဒန်က ပွဲကစားချိန် ရှစ်မိနစ်၊ ၄၄ မိနစ်နဲ့ ၇၂ မိနစ်တို့မှာ ဟက်ထရစ်၊ တိုက်စစ်မှူး ဟာလန်းက ပွဲကစားချိန် ၃၄ မိနစ်၊ ၃၇ မိနစ်၊ ၆၄ မိနစ်တို့မှာ ဟက်ထရစ် သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းအတွက် ချေပဂိုးသုံးဂိုးကိုတော့ ပွဲကစားချိန် ၅၆ မိနစ်မှာ အန်တိုနီက တစ်ဂိုး၊ ၈၄ မိနစ် နဲ့ ၉၁ မိနစ်တို့မှာ မာရှယ်လ်က နှစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ မန်ယူအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ရှစ်ပွဲကစားပြီးချိန်မှာ ရမှတ် ၂၀ နဲ့ အမှတ်ပေးဇယားအဆင့် ၂ နေရာမှာ ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး မန်ယူအသင်းကတော့ ရမှတ် ၁၂ မှတ်နဲ့ အဆင့် ၆ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။



## လီဝန်ဒိုစကီးရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ မာယော့ကာအသင်းကို ဘာစီလိုနာအသင်း အနိုင်ရ

ဘာစီလိုနာအသင်းဟာ အောက်တိုဘာ ၁ ရက်ညပိုင်းက မာယော့ကာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ် ၇ မှာ မာယော့ကာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါအမှတ်ပေးဇယားကို ယာယီဦးဆောင်ခွင့် ရရှိခဲ့ပြီလည်းဖြစ်ပါတယ်။

တိုက်စစ်မှူး လီဝန်ဒိုစကီးဟာ မာယော့ကာအသင်းနဲ့ ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်မှာ သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် လက်ရှိအချိန်မှာ ဘာစီလိုနာအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ကိုးပွဲပါဝင် ကစားခဲ့ရာမှာ သွင်းဂိုး ၁၂ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူး လီဝန်ဒိုစကီးဟာ နွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်းက ဘိုင်ယန်မြူးနစ်အသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၄၂ ဒသမ ၆ သန်းနဲ့ ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့လာခဲ့သူဖြစ်ပါတယ်။

မာယော့ကာအသင်းနဲ့ပွဲစဉ်မှာ ဘာစီလိုနာအသင်းဟာ တိုက်စစ်မှူး လီဝန်ဒိုစကီးရဲ့ ပွဲကစားချိန် မိနစ် ၂၀ မှာ သွင်းယူခဲ့တဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ဘာစီလိုနာအသင်းဟာ အဲဒီပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါပွဲစဉ် ခုနစ်ပွဲကစားပြီးချိန်မှာ ခြောက်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်နဲ့ ရမှတ် ၁၉ မှတ်ရရှိထားကာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ယာယီဦးဆောင်ခွင့်ရရှိထားတာ ဖြစ်ပါတယ်။

လက်ရှိစပိန်လာလီဂါမှာ ရီးယဲလ်မက်ဒရစ်အသင်းဟာ ခြောက်ပွဲကစားပြီး ခြောက်ပွဲစလုံးအနိုင်ရရှိခဲ့မှုနဲ့အတူ ရာနှုန်းပြည့်နိုင်ပွဲရရှိထားကာ အိုဆာဆူနာအသင်းနဲ့ပွဲစဉ်မှာ အနိုင်ရရှိခဲ့မယ်ဆိုရင် ရီးယဲလ်မက်ဒရစ်အသင်းက ဇယားထိပ်ဆုံးကို ပြန်လည်ဦးဆောင်ခွင့်ရရှိမှာလည်း ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ အောက်တိုဘာ ၄ ရက်မှာ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်အဖြစ် အင်တာမီလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

## ဝုလ်ဗာဟမ်တန်အသင်းက နည်းပြဘရူနိုလက်ဂျ်ကို ထုတ်ပယ်

ဝုလ်ဗာဟမ်တန်အသင်းဟာ အောက်တိုဘာ ၁ ရက်က ဝက်စ်ဟမ်းအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းနည်းပြ ဘရူနိုလက်ဂျ်ကို ထုတ်ပယ်ခဲ့ပါတယ်။ ဝုလ်ဗာဟမ်တန်အသင်းဟာ နည်းပြ ဘရူနိုလက်ဂျ် လက်ထက် ပရီမီယာလိဂ် ၁၅ ပွဲမှာ တစ်ပွဲသာလျှင် အနိုင်ရရှိခဲ့ပြီး ကိုးပွဲအထိရှုံးခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ဝုလ်ဗာဟမ်တန်အသင်းက နည်းပြ ဘရူနိုလက်ဂျ်ကို ၁၆ လကြာ တာဝန်ယူကိုင်တွယ်စေပြီးနောက် အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## ကာမီရွန်နော်ရီး ဂျပန်အိုးပင်းတင်းနစ်ပြိုင်ပွဲနဲ့ လွဲချော်မည်

ဗြိတိန်နံပါတ်တစ်တင်းနစ်ကစားသမား ကာမီရွန်နော်ရီးဟာ ကိုရီးယားနိုင်ငံမှာ ကျင်းပခဲ့တဲ့ ကိုရီးယားအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် ဂျပန်အိုးပင်းတင်းနစ်ပြိုင်ပွဲနဲ့ လွဲချော်ရတော့မှာလည်း ဖြစ်ပါတယ်။

အသက် ၂၇ နှစ်အရွယ်ရှိ တင်းနစ်ကစားသမား ကာမီရွန်နော်ရီးဟာ စက်တင်ဘာ ၃၀ ရက်က အမေရိကန်တင်းနစ်ကစားသမား ဂျန်ဆန်ဘရွတ်စ်ဘိုင်းနဲ့ ကိုရီးယားအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ် ယှဉ်ပြိုင်ရမှာဖြစ်ပေမယ့် ကိုဗစ်-၁၉ ရောဂါကြောင့် ပြိုင်ပွဲကနေ ထွက်ခဲ့ရတာ ဖြစ်ပါတယ်။



ကိုရီးယားအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ကံမကောင်းစွာနဲ့ပဲ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပါတယ်။ အဲဒါကြောင့် ကျွန်တော့်ရဲ့ လက်ကျန်ပွဲစဉ်တွေကို ယှဉ်ပြိုင်နိုင်ခဲ့ခြင်းမရှိပါဘူးလို့ ကာမီရွန်နော်ရီးက ၎င်းရဲ့ တွစ်တာစာမျက်နှာမှာ ရေးသားဖော်ပြခဲ့ပါတယ်။

ကမ္ဘာ့အဆင့်(၈)နေရာမှာ ရပ်တည်နေတဲ့ ဗြိတိန်တင်းနစ်ကစားသမား ကာမီရွန်နော်ရီးဟာ ယခုနှစ်အတွင်းမှာ တင်းနစ်ဆုဖလားနှစ်လုံးအထိ ရယူဆွတ်ခူးနိုင်ခဲ့တာကြောင့် ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့အဆင့် ၁၀ အတွင်းကို ရောက်ရှိလာခဲ့သူလည်း ဖြစ်ပါတယ်။

## ကမ္ဘာ့ဟဲဗီးဝိတ်တန်းခါးပတ်အတွက် ယှဉ်ပြိုင်ထိုးသတ်ရေး စာချုပ် ချုပ်ဆိုဖို့ အန်တိုနီဂျိုရှူးယာကို တိုင်ဆန်ဖူရီ တိုက်တွန်း

ဗြိတိန်ပရော်ဖက်ရှင်နယ် လက်ဝှေ့သမား တိုင်ဆန်ဖူရီဟာ ဒီဇင်ဘာလအတွင်းမှာ ကမ္ဘာ့ဟဲဗီးဝိတ်တန်းခါးပတ်ပြိုင်ပွဲ ယှဉ်ပြိုင်ထိုးသတ်ဖို့အတွက် သဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုသွားဖို့ တစ်နိုင်ငံတည်းသား လက်ဝှေ့သမား အန်တိုနီဂျိုရှူးယာကို တိုက်တွန်းခဲ့တယ်လို့ သိရပါတယ်။

အသက် ၃၄ နှစ်အရွယ်ရှိ ဒဗလျူဘီစီချန်ပီယံ တိုင်ဆန်ဖူရီဟာ အောက်တိုဘာ ၃ ရက်မှာ သဘောတူစာချုပ်တစ်ရပ်ချုပ်ဆိုဖို့ အသက် ၃၂ နှစ်အရွယ် အန်တိုနီဂျိုရှူးယာကို တိုက်တွန်းခဲ့တာဖြစ်ပြီး ယှဉ်ပြိုင်ထိုးသတ်ရေး စာချုပ်ချုပ်ဆိုမယ့်ရက်ကို အောက်တိုဘာ ၆ ရက်အထိ တိုးမြှင့်သတ်မှတ်ထားတယ်လို့ သိရပါတယ်။



အန်တိုနီဂျိုရှူးယာဟာ ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်းက ဒဗလျူဘီအေ(စူပါ)၊ ဒဗလျူဘီအိုနဲ့ အိုင်ဘီအက်ဖ်ခါးပတ်လုပွဲမှာ ယူကရိန်းလက်ဝှေ့သမား အိုလက်ဆန်းဒါးယူဆစ်ကို ရှုံးနိမ့်ခဲ့သူဖြစ်ပြီး တိုင်ဆန်ဖူရီကတော့ လက်ရှိအချိန်မှာ ဒဗလျူဘီစီခါးပတ်ကို သိမ်းပိုက်ထားနိုင်ဆဲပဲ ဖြစ်ပါတယ်။

❂ ကျောဖုံးမှ

ရှုခင်းအလှအား ဆင်စီးရင်းကြည့်ရှုနိုင်ကြောင်း သိရသည်။ ဆင်စခန်းဝင်ကြေးအနေဖြင့် နိုင်ငံသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀ နှင့် နိုင်ငံခြားသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားပြီး အသက် ၁၀ နှစ်အောက်ကလေးငယ်များ၊ ရဟန်း၊ သံဃာ၊ သီလရှင်များအား ဆင်စခန်းဝင်ကြေး ကင်းလွတ်ခွင့်သတ်မှတ်ထားကြောင်းနှင့် ဆင်စီးခအနေဖြင့် နိုင်ငံသားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှင့် နိုင်ငံခြားသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားကြောင်းသိရသည်။ ဆင်စခန်းတွင် ဆင်ခြောက်ကောင်ရှိပြီး ဆင်ထီးနှစ်ကောင်၊ ဆင်မလေးကောင်ရှိကာ အသက်အကြီးဆုံးဆင်မှာ အသက်(၃၃)နှစ်နှင့် အသက်အငယ်ဆုံးဆင်မှာ ၂ နှစ် ၁၀ လဖြစ်ကြောင်း သိရသည်။

**ဖန်တီးထား**

ဆင်စခန်းအတွင်း ဆင်များကြည့်ရှုအစာကျွေးခြင်းအပြင် ကလေးများအတွက် ပန်းပင်၊ ဝါးပင်၊ ခရေပင်၊ သပြေဘူတပင်များဖြင့် ဥယျာဉ်ငယ်အတွင်း ကလေးကစားကွင်းဖန်တီးထားခြင်း၊ လာရောက်လည်ပတ်သူများအတွက် အမှတ်တရအလှဓာတ်ပုံများ ရိုက်ကူးနိုင်ရန် ပုဂံထီး၊ ရောင်စုံထီးများဖြင့် လျှောက်လမ်းအလှဆင်ထားခြင်း၊ အသည်းပုံဖရိမ်များဖြင့် အလှဆင်ထားခြင်းများ ဖန်တီးထားကြောင်း ဆင်စခန်းတာဝန်ရှိသူများကရှင်းပြသည်။



ဆင်စခန်းသို့ လာရောက်လည်ပတ်သူများ အပန်းဖြေနားနေနိုင်ရန် ဧရာဝတီမြစ်ကမ်းဘေးတွင် လုံးချင်းနားနေတဲငယ်များ ဆောက်ရွက်ထားကြောင်း၊ သစ်ပင်ကြီးများကြားတွင် လင့်စင်သဖွယ် တည်ဆောက်ထားသည့် (Tree House) တွင်လည်း လေညင်းခံရှုခင်းကြည့်ရင်း အပန်းဖြေနိုင်ကြောင်း၊ နားနေရင်းအစားအသောက်များ မှာယူသုံးဆောင်နိုင်ရန်လည်း အညာဒေသထွက် အသုပ်စုံများ၊ အအေး၊ အချိုရည်၊ ကော်ဖီ၊ ထမင်း/ဟင်းလျာများ ရရှိအောင်ဆောင်ရွက်ထားကြောင်း၊ တဲများတွင် နားနေရင်း အစားအစာများစိတ်အေးချမ်းသာစွာ မှာယူသုံးဆောင်နိုင်ကြောင်းသိရသည်။ ဧရာဝတီမြစ်ဘက်ရှုခင်းကြည့်ရန်၊ လေညင်းခံရန် ကျွန်းတိုင်လုံးကြီးများဖြင့် တည်ဆောက်ထားသည့် လေညင်းခံရှုခင်းကြည့်သစ်သားတံတား တည်ဆောက်ထားကြောင်းနှင့် တံတားပေါ်တွင် View Point အဖြစ် ရှုခင်းအလှကြည့်ရှုခံစားနိုင်ခြင်း၊ အမှတ်တရဓာတ်ပုံများရိုက်ကူးနိုင်ခြင်းတို့ ဝန်ဆောင်မှုပေးထားကြောင်း သိရသည်။

ဆင်စခန်းတွင် တည်ဆောက်ထားသည့် ဆင်ပြတိုက်ကို လေ့လာကြည့်ရှုနိုင်ကြောင်း၊ ဆင်နှင့်ပတ်သက်သည့် အကြောင်းအရာအချက်အလက်များ၊ ဆင်ဖြူတော်များအကြောင်း၊ အာရှဆင်နှင့်အာဖရိကဆင်ခြားနားမှု၊ ဆင်ဝန်ထမ်းများ တောတွင်းနေထိုင်သည့် တဲငယ်ပုံစံများ၊ ဆင်တစ်ကောင်လုံးအရိုးစု၊ သပိတ်ပိုက်၊ စွယ်တုတ်၊ စွယ်စိုက်၊ စွယ်ကားဆင်စွယ်အမျိုးအစားများနှင့် ဆင်စွယ်အစစ်များခင်းကျင်းပြသထားခြင်း၊ ဆင်မှိန်းသင်ခြင်းဆိုင်ရာ အကြောင်းအရာများ၊ ဆင်မှိန်းသင်သီချင်းများ၊ ဆင်များကြုံတွေ့နေရသည့် အန္တရာယ်များ၊ ဆင်များသတ်ဖြတ်ခြင်းကြုံတွေ့နေရမှုများကို ပြသထားပြီး TV ဖြင့်လည်း ဆင်နှင့်ပတ်သက်သည့် ဗီဒီယိုများပြသပေးထားကြောင်း သိရသည်။ ဧရာဝတီမြစ်အတွင်း အချိန်ပိုင်းမော်တော်ငှားရမ်းစီးနင်းနိုင်ပြီး မြစ်ကြောင်းတစ်လျှောက် မြစ်အလှရှုခင်းများ၊ မြစ်အတွင်းမှမြင်ရသည့် ကမ်းပါးအလှများ၊ မြစ်လယ်သဲသောင်ပေါ် လှပဖြူဖွေးစွာပေါက်ရောက်ပွင့်နေသော ကိုင်းတောအလှများကိုလည်း ကြည့်ရှုခံစားနိုင်ကြောင်း သိရသည်။

မြန်မာပြည်အရပ်ရပ်တွင်ဖွင့်လှစ်ထားရှိသည့် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြုခရီးသွားလုပ်ငန်း ဆင်စခန်း ၂၂ ခု အနက်တစ်ခုအပါအဝင်ဖြစ်သည့် ပလင်းကမ်းသာယာဆင်စခန်းကို ၂၀၁၈ ခုနှစ် မတ် ၂၈ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး စတင်ဖွင့်လှစ်ချိန်မှ ယနေ့အထိ ဆင်စခန်းအတွင်း လာရောက်လည်ပတ်သူ ဆင်ချစ်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ဆင်များကြည့်ရှုနိုင်ရန်၊ အမှတ်တရဓာတ်ပုံရိုက်ကူးနိုင်ရန် အသစ်အသစ်သောဖန်တီးမှုများဖြင့် ဆောင်ရွက်ထားရှိကြောင်း ဆင်စခန်းတာဝန်ရှိသူများကရှင်းပြသည်။ **ကိုထိန်**

---

■ **မျိုးဆက်သစ်မှ**

ပိုင်စိုးဦး(OSCAR)က မင်းအောင်ကျော်(STL)ကို ပထမအချီ၌လက်သီးထိုးချက်များကြောင့်အနိုင်ရရှိသွားသည်။ ထို့အတူ ၆၀-၆၃ ကီလိုတန်းတွင် အလုံးတူ အရွယ်တူ၊ ဒေါက်တူ စောခေးယူးထူး(ရိုးရာကျား)နှင့် ဖွဲရန်နိုင်(BBH)တို့ပြိုင်ပွဲတွင် ထိုးကွင်း၊ ထိုးကွက် ပညာစွမ်း၊ ခံနိုင်ရည် သက်လုံသက်သေပြကြပေမယ့် ပူးတွဲသရေဖြစ်ခဲ့သလို ထွန်းလင်းအောင်(ကျားမနိုင်)နှင့်စောစတိ(YANGON FIGHT CLUB) တို့ပြိုင်ပွဲမှာလည်း အရှုံးအနိုင်မပေါ်ဘဲ သရေဖြစ်ခဲ့သည်။ သွက်လက်မြန်ဆန်တဲ့ညီရဲခန့်(YANGON FIGHT CLUB)လက်သီးတွဲလုံးများကြောင့် တတိယအချီတွင်ဂျိုးဂျိုး(BBH)ကို အလဲထိုးအနိုင်ယူခဲ့သည်။ မင်းခန့်(လုံးချော)နှင့် စောရှောလမုန်(ရိုးရာကျား)တို့ပြိုင်ပွဲမှာလည်း တတိယအချီ၌ စောရှောလမုန်၏ ကိုင်ပေါက်မှုကြောင့် မင်းခန့်ဒဏ်ရာအနာတရဖြစ်ခဲ့ပြီး စောရှောလမုန် အနိုင်ရရှိသွားသည်။ နောက်တစ်ပွဲဖြစ်သည့် မင်းထက်ကျော်(နဂါးမာန်)ထိုးဟန်၊ ထိုးချက်တွေကြောင့် ပထမအချီ၌ မျိုးအောင်(RAY)ကို အလဲထိုးအနိုင်ရရှိသွားသည်။

၅၅ ကီလိုတန်းပြိုင်ပွဲတွင် ဩဘာစိန်(ဇာတိမာန်)နှင့် ပြည့်စုံ(HOLY POWER) တို့ပြိုင်ပွဲတွင် သူနိုင်ကိုယ်နိုင်အပြိုင်ထိုးကြသော်လည်း သရေကျခဲ့သလို ရဲမာန်(YMCA)နှင့် စောလယ်ရဲ(ရိုးရာကျား)က ဒုတိယအချီမှာ ရဲမာန်(YMCA)ကို အလဲထိုးခဲ့သည်။ နေလင်း(ဖွဲမြန်မာ)နှင့် ဘရန်ဆိုင်း(PYTHON)၊ ကျော်လင်းအောင်(BBH)နှင့် ဆလိုင်းမင်းနိုင်(FIGHTING FIGHT CLUB)တို့ပြိုင်ပွဲတွင် အရှုံးအနိုင်မပေါ်ဘဲ သရေဖြစ်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် သုံးချီစိန်ခေါ်ပွဲများ၌ အမျိုးသား ၅၀ ကီလိုတန်းတွင် ဗူးသီး(SMART FIGHT CLUB)နှင့် ဖွဲတံခွန် (ဖွဲမြန်မာ)တို့ပြိုင်ပွဲတွင် အသည်းမာမာ၊ ဖွဲပါပါ ယှဉ်ပြိုင်ထိုးသတ်ကြပေမယ့် ပူးတွဲသရေကျခဲ့သည်။ **ဗလစိုး**



ကျော်လင်းအောင်နှင့် ဆလိုင်းမင်းနိုင်တို့ ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။

---

## ရေနံချောင်းမြို့နယ်၌ ကျေးရွာချင်းဆက်လမ်းနှင့် တံတားများဆောင်ရွက်

**ရေနံချောင်း အောက်တိုဘာ ၂**

မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ရေနံချောင်းမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းလုပ်ငန်းများဖြစ်သည့် ကတ္တရာလမ်း ၂ ဒသမ ၅၆ ဖာလုံ၊ ကျောက်ချောလမ်း လေးမိုင် ငါးဖာလုံ၊ ဂဝံ/မြေနီ ကျောက်စရစ်လမ်း လေးမိုင် တစ်ဖာလုံတို့ကို ဖောက်လုပ်ခြင်းနှင့် ကျေးရွာချင်းဆက်တံတားများဖြစ်သည့် ရေကျော်တံတားလေးစင်း၊ Box Culvert ၁၈ စင်း စုစုပေါင်း တံတား ၂၂ စင်း (တံတားအရှည်ပေ ၆၉၀) တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၈၃ ဒသမ ၈၂၁ သန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၅၇၄ ဒသမ ၃၇ သန်း စုစုပေါင်း ငွေကျပ် ၈၅၈ ဒသမ ၁၉၁ သန်း အသုံးပြုကာ ပစ္စည်းတင်ဒါ၊ လုပ်ငန်းတင်ဒါစနစ်ဖြင့် ဇူလိုင်လမှစတင်ကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ လုပ်ငန်းအားလုံး၏ ၆၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးစိုးမင်းထွန်းထံမှ သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းနှင့် တံတားများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ၅၄ ရွာ၊ အိမ်ခြေ ၁၁၆၈၂ အိမ်၊ လူဦးရေ ၅၃၅၁၇ ဦးတို့အတွက် ရာသီမရွေးလမ်းပန်းဆက်သွယ်ရေး အဆင်ပြေသွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**

---

## အာရှဖလား ယူ-၁၇ ခြေစစ်ပွဲတွင် မြန်မာအသင်း အရေးနိမ့်

**ရန်ကုန် အောက်တိုဘာ ၂**

၂၀၂၃ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ အုပ်စု (ဃ) ပထမနေ့အဖြစ် မြန်မာအသင်းနှင့် ဆော်ဒီအာရေဗျအသင်းတို့ အောက်တိုဘာ ၂ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီက ဆော်ဒီအာရေဗျနိုင်ငံ၌ ယှဉ်ပြိုင်ကစားရာ ဆော်ဒီအာရေဗျအသင်းက ခြောက်ဂိုးပြတ် အနိုင်ရခဲ့သည်။



မြန်မာနှင့် ဆော်ဒီအာရေဗျ ယှဉ်ပြိုင်နေစဉ်။

မြန်မာအသင်းသည် အုပ်စုကျပ်အတွင်းကျရောက်နေသလို အဖွင့်ပွဲတွင်လည်း အာရှထိပ်သီး ဆော်ဒီအာရေဗျအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရသဖြင့် ရလဒ်မကောင်းဘဲ ဂိုးပြတ်အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ရလဒ်ကောင်းရရန် ကြိုးပမ်းသော်လည်း ဆော်ဒီအာရေဗျအသင်းနှင့် ဘောလုံးအဆင့်အတန်းကွာခြားသလို ယခုပွဲတွင် အမှားများခဲ့သဖြင့် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဆလိုင်းအံ့ဘွယ်မောင် (ဂိုး)၊ သူရဇော်၊ ဟန်ထွန်းဇော်၊ ကောင်းထက်၊ အောင်ဇော်မျိုး၊ လင်းထက်ဦး၊ ထူးဝေယံ၊ ခွန်းချိုထူး၊ မြတ်ဘုန်းခန့်၊ နေမင်းထက်၊ ရှိုင်းဝဏ္ဏအောင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ဆော်ဒီအာရေဗျအသင်းကို ပထမပိုင်းတွင် လေးဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးပေးခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းသည် ယင်းခြေစစ်ပွဲတွင် ဆော်ဒီအာရေဗျ၊ အိန္ဒိယ၊ ကူဝိတ်၊ မော်လ်ဒိုက်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုဒုတိယပွဲအဖြစ် အောက်တိုဘာ ၃ ရက် မြန်မာစံတော်ချိန် ည ၉ နာရီ ၄၅ မိနစ်တွင် ကူဝိတ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

---

❍ **MNL ပြိုင်ပွဲမှ**

ရန်ကုန်ယူနိုက်တက်အသင်းသည် အနိုင်ရလဒ်အပြင် ဂိုးပြတ်သွင်းယူနိုင်ရန် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမားများအပါအဝင် လူစုံအသုံးပြုခဲ့သည်။ ရခိုင်အသင်းသည် ပထမအကျော့တွင် ကျဉ်းမြောင်းသည့်ဂိုးရလဒ်ဖြင့်သာ အရေးနိမ့်ခဲ့သော်လည်း ယခုပွဲတွင်မူ အမှားများခဲ့ပြီး စံချိန်တင်ဂိုးရလဒ် ခွင့်ပြုခဲ့ရသည်။ ရန်ကုန်အသင်းသည် ပထမပိုင်းတွင် ငါးဂိုး၊ ဒုတိယပိုင်းတွင် ငါးဂိုးသွင်းယူခဲ့ပြီး တိုက်စစ်မှူးများဖြစ်သည့် ဝင်းနိုင်ထွန်းက ငါးဂိုး၊ ဘရာဇီးနိုင်ငံသား ဂျူနီယာက သုံးဂိုးအထိ သွင်းယူနိုင်ခဲ့သည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးများကို ၁၈၊ ၃၀၊ ၅၃၊ ၈၉၊ ၉၀+၁ မိနစ်တွင် ဝင်းနိုင်ထွန်း၊ ၄၄၊ ၄၅+ ၁၊ ၅၅ မိနစ်တို့တွင် ဂျူနီယာ၊ ၂၆ မိနစ်တွင် ရန်နိုင်ဦးနှင့် ၇၂ မိနစ်တို့တွင် ဟိန်းဇေယျာလင်းတို့က သွင်းယူခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းသည် ၁၂ ပွဲဆက် အရှုံးရလဒ်နှင့်အတူ တန်းဆင်းရရန် ပိုမိုနီးစပ်လာခဲ့သည်။

ယခုပွဲအပြီးတွင် ရန်ကုန်အသင်းက ၁၂ ပွဲကစား ရမှတ် ၂၆ မှတ်ရထားပြီး ရခိုင်ယူနိုက်တက်အသင်းမှာမူ ၁၂ ပွဲကစား ပွဲတိုင်းအရေးနိမ့်ကာ အမှတ်မရသေးပေ။

**သတင်း-ကိုညီလေး**

---

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၃၀-၉-၂၀၂၂ ရက်နေ့မှအဆက်

"ကျွန်တော်ရေးရမယ့်အကြောင်းသာ အမိန့်ရှိပါခင်ဗျာ။ ဦးနဲ့ပတ်သက်တဲ့ လူပုဂ္ဂိုလ်တွေဆိုတော့ ကျွန်တော့်အနေနဲ့ အထူးပြောစရာမလိုပါဘူး။ အတတ်နိုင်ဆုံးကြိုးစားပြီး ကောင်းအောင်စပ်ပေးပါ့မယ်ခင်ဗျာ"

ကိုမြင့်လွင်သည် အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်၍ ကိုဘခက်အား လှမ်းပေးလိုက်သည်။

ကိုဘခက်က လက်ကာပြလိုက်ရင်း ပြာခွက်ထဲမှ ညှိလက်စဆေးလိပ်ကို ယူ၍ မီးညှိလိုက်သည်။

"တော်ပါပြီခင်ဗျာ၊ ကျွန်တော် ဆေးပေါ့လိပ်ပဲ သောက်ပါတယ်"

"ကျွန်တော့်ကားထဲမှာ စပ်ရမယ့်သီချင်းနှစ်ပုဒ်ကတော့ ကျွန်တော် စာသားအကြမ်းရေးထားပါတယ်။ ဒါပေမဲ့ ဆရာ့သဘောကျ ပြင်နိုင်ပါတယ်။ ပထမအပုဒ်ကတော့ ရိုးရိုးမိန်းကလေးရဲ့ အမျှော်စိုက်သီချင်းပဲ။ သဘာဝဘွဲ့ကလေးနဲ့ ရောပြီးတော့ပေါ့ဗျာ။ နောက်တစ်ပုဒ်ကတော့ဗျာ အလှဘွဲ့ပဲ။ မိန်းမလှဘွဲ့ကို ဆရာကြိုက်သလိုစပ်နိုင်ပါတယ်"

ကိုဘခက်သည် ကိုမြင့်လွင်ထံမှ သီချင်းစာရွက်များကို တစ်ရွက်စီလှန်၍ ဖတ်ကြည့်လိုက်သည်။

ဦးသောင်းရွှေကမူ စားပွဲပေါ်မှ သူ၏ လက်ဆွဲသားရေအိတ်ကိုယူ၍ ဖွင့်လိုက်သည်။

"ကဲ...ဆရာ၊ နှစ်ပုဒ်အတွက် ဘယ်လိုပေးရမယ်ဆိုတာပြောပါဦး။ စရန်လည်း တစ်ခါတည်းယူထားလိုက်ပါ"

ကိုဘခက်သည် ရုတ်တရက် ဘာကိုပြန်ဖြေရှင်းရမှန်းမသိဘဲ ဦးကျော်ဒင်ကိုသာ လှမ်းကြည့်လိုက်သည်။

သူ့အနေနှင့် သီချင်းတစ်ပုဒ်ကို မည်မျှယူရမည်ကို နားမလည်ပေ။ အလုပ်နှင့်ပတ်သက်၍ မည်သို့ဆက်ဆံရမည်ကိုလည်း မသိပေ။ ထို့ကြောင့် ဦးကျော်ဒင်ကို အကဲခတ်သလို လှမ်း၍ကြည့်လိုက်သည်။

ဦးကျော်ဒင်ကလည်း အကင်းပါးစွာ စကားဝင်၍ ခင်းပေးလိုက်သည်။

"ဒါကတော့ ဒီလိုရှိတယ် ကိုသောင်းရွှေရဲ့။ ဈေးတွေဘာတွေတော့ မောင်ဘခက် နားလည်မှာမဟုတ်ဘူး။ ကိုသောင်းရွှေတို့ကသာ ထုံးစံအတိုင်းပြောပေါ့"

"ဟုတ်ပါတယ်၊ ကျွန်တော်က ဒီမှာတော့ လူစိမ်းသက်သက်ဖြစ်နေတယ်။ ဦးလေးနဲ့သာ ကြည့်ပြီးပြောကြပါ"

ဦးသောင်းရွှေနှင့် ကိုမြင့်လွင်သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ရင်း အကဲစမ်းနေကြသည်။

ဦးသောင်းရွှေက သူ၏သားရေအိတ်ထဲမှ ရာတန်တစ်ရွက်ကို ထုတ်ပေးလိုက်သည်။

"ကဲဗျာ...ဒီလိုလုပ်ပါ။ ဈေးဆိုတာကတော့ သီချင်းတစ်ပုဒ်ကို ငါးဆယ်ကနေ ငါးရာအထိရှိတယ်။ သုံးရာ၊ ငါးရာဆိုတာကတော့ ထိပ်တန်းစာရေးဆရာတွေပေါ့။ ဆရာနဲ့ နောက်လည်း အရှည်ဆက်ဆံကြရအောင်။ ဒီတော့ အခု တစ်ရာယူထားပါဆရာ"

ကိုဘခက်သည် ဦးသောင်းရွှေပေးသော တစ်ရာတန်ကိုကိုင်၍ ဝမ်းသာမဆုံး ရှိတော့သည်။

ဦးသောင်းရွှေနှင့် ကိုမြင့်လွင်တို့ ပြန်သွားသည့်တိုင်အောင် ကိုဘခက်သည် သူ့အတွေးနှင့်သူ နစ်မျောနေတော့သည်။ ငွေတစ်ရာရခြင်းထက် သူ၏ပညာစွမ်းကိုပြရန် အခွင့်အရေးတစ်ခုရခြင်းကို ကျေနပ်အားရမိလေသည်။ တက်ကြွရွှင်လန်းမိလေသည်။ ဦးကျော်ဒင်ကမူ ကိုဘခက်ကို ချီးကျူးအားပေးလိုက်သည်။

"ဒီလိုပဲ တစ်စတစ်စ ဝင်တိုးရတာပဲကွဲ့။ ရန်ကုန်မှာ နာမည်တစ်လုံးရဖို့က မလွယ်ပါဘူး။ နာမည်ရပြီဆိုတော့လည်း ဘာလုပ်လုပ် အထင်ကြီးနေကြတာပဲ။ နာမည်ရအောင် ကြိုးစားဟေ့"

"ကျွန်တော် ကြိုးစားပါ့မယ်ဦး။ ကျွန်တော့်ပညာကို တိုင်းပြည်မှာ တင်ပြခွင့်ရမယ်ဆိုရင် ကျွန်တော် ဘယ်လောက်ပဲ ကြိုးစားရကြိုးစားရ အားမလျှော့ပါဘူး။ ဦးကျေးဇူးလည်း မမေ့ပါဘူးခင်ဗျာ"

"ဟုတ်တာပေါ့၊ ပညာသည်ဆိုတာ ဒီလိုပဲ ပါရမီဖြည့်ရတာပဲ။ ကျုပ်တို့ဘက်ကတော့ တတ်နိုင်တဲ့ဘက်က ကူညီမှာပဲ။ မောင်ဘခက်ရဲ့ပညာလည်း ယုံတယ်။ တစ်နေ့နေ့တော့ အောင်မြင်ရမှာပေါ့ကွယ်"

ဦးကျော်ဒင် အပေါ်ထပ်သို့တက်သွားသောအခါ ကိုဘခက်သည် သူ့အခန်းတွင်းသို့ဝင်ခဲ့သည်။

ကိုဘခက်သည် ရာတန်စက္ကူကလေးကို ခေါင်းအုံးအောက်၌ တရိုတသေ သိမ်းလိုက်သည်။

ပြီးမှ စာကြည့်စားပွဲတွင်ထိုင်၍ သူ၏ နေ့စဉ်မှတ်တမ်းတွင် တစ်စုံတစ်ခုကို ရေးမှတ်လိုက်သည်။

ကိုဘခက်၏စိတ်များသည် အလိုလို ရွှင်လန်းနေသည်။ မှတ်တမ်းရေးပြီးလျှင် သူသည် ဧည့်ခန်းသို့ ပြန်ထွက်ခဲ့ပြန်သည်။ စန္ဒရားခုံတွင်ထိုင်၍ လက်တွေ့ရာတီးလုံးများကို စမ်းလိုက်ပြန်သည်။

သို့စမ်းနေရင်းမှ စောစောက အပ်သွားသော သီချင်းများကို ပြန်၍ စိတ်ကူးလိုက်ရင်း ရောက်တတ်ရာရာ တီးလုံးများကိုဆင်၍ တီးလိုက်ပြန်သည်။

ကိုဘခက်သည် စန္ဒရားနှင့် လက်နှင့်ဝေးခဲ့သည်မှာ နှစ်ပတ်ခန့်ကျော်ခဲ့ပြီ။

'မ' တို့ စာမေးပွဲနီးသည့်အချိန်ကစ၍ စာကျက်ပျက်မည်စိုး၍ စန္ဒရားကိုမတီးဘဲ ရှောင်နေခဲ့သည်။ မနေနိုင်၍တီးချင်လာလျှင် စောင်းကိုသာ ခပ်ဖော့ဖော့တီးခဲ့သည်။

ယခုမူ စန္ဒရားကိုပင် တီးချင်လာသည့်စိတ်က ပြင်းထန်နေသည်။ လက်တွေက အလိုလိုယားလာသည်။ ထို့ကြောင့်ပင် စိတ်ရှိလက်ရှိ ပစ်၍တီးလိုက်သည်။

အပေါ်ထပ်မှဆင်းလာသော 'မ' ကို မြင်လိုက်မှ လက်ကို လျှော့လိုက်မိသည်။

သည်တော့မှလည်း စန္ဒရားသံအတွက် 'မ' ကို အနှောင့်အယှက်ဖြစ်လေသလား...ဟု စိုးရိမ်မိသည်။

'မ' သည် ကိုဘခက် စန္ဒရားခုံဘေးတွင် လက်တစ်ဖက်တင်၍ ရပ်နေလိုက်သည်။ ကိုဘခက်သည် စန္ဒရားကိုရပ်၍ 'မ' ကို ဆီး၍တောင်းပန်လိုက်သည်။

"'မ'စာကျက်နေတယ်ဆိုတာ ကျွန်တော်မေ့သွားတယ်"

'မ' သည် ကိုဘခက်ကို ကြည်လင်သောအပြုံးဖြင့် ကြည့်လိုက်သည်။

'မ' စိတ်ထဲကမူ ကိုဘခက်၏ ဆင်ခြင်သိတတ်သောစိတ်ကို လေးစားကြည်ညိုမိလေသည်။

"ကိစ္စမရှိပါဘူး ဆရာ၊ သီချင်းသံကြားရင် 'မ' က စာကျက်လို့တောင် ပိုပြီးရပါသေးတယ်။ ပြီးတော့ စန္ဒရားသံက စိတ်ကို ကြည်လင်စေပါတယ်။ ဦးနှောက်တောင် ပိုပြီးရှင်းသွားသေးတယ်"

'မ' က ကိုဘခက်အပေါ်တွင် လေးစားကြည်ညိုမိသလောက် ကိုဘခက်ကလည်း 'မ' ၏ ပါးနပ်လိမ္မာပုံကို ချီးကျူးမိလေသည်။

"ကျွန်တော် စန္ဒရားမတီးတာ နှစ်ပတ်လောက်ရှိပြီ။ ကနေ့တော့ တီးချင်စိတ်ရှိတာနဲ့ တီးမိတာ"

"ဟုတ်ပါရဲ့ ဆရာ၊ အားနာစရာတောင်ဖြစ်နေပြီ။ 'မ' က ဆရာစိတ်မပါလို့ မတီးတာလားလို့၊ ခုတော့ ဆရာက 'မ' တို့ စာမေးပွဲနီးလို့ မတီးဘဲနေတာကိုး။ ဖေဖေပြောထားတယ်မဟုတ်လား ဆရာ၊ ဒီအိမ်မှာ လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်။ ပြီးတော့လည်း ဆရာ့စန္ဒရားသံကြောင့် 'မ' တို့ စာကြည့်ချိန် အနှောင့်အယှက်မဖြစ်ပါဘူးဆရာ"

ကိုဘခက်သည် စန္ဒရားအဖျားလုံးကလေးများကို တို့ပြီးကစားလိုက်ရင်း 'မ' ပြောသောစကားများကို စိတ်ဝင်စားစွာ နားထောင်နေမိသည်။

'မ' နှင့် ကိုဘခက်တို့ ယခုလို နှစ်ယောက်ချင်း မတွေ့ရသည်မှာ တစ်လနီးပါးခန့်ရှိလေပြီ။

စောင်းသင်တန်းကို နားလိုက်သည့်နောက် 'မ' သည် စာကြည့်ခန်း၌သာ အချိန်ကုန်တတ်သည်။

ကိုဘခက်ကိုယ်တိုင်ကလည်း 'မ' ၏ စာကြည့်ချိန်ကို အနှောင့်အယှက်မဖြစ်စေလို၍ တမင်ရှောင်နေခဲ့သည်။

ကိုဘခက်သည် 'မ' ၏မျက်နှာကို မျက်တောင်မခတ်၊ တစိမ့်စိမ့်ကြည့်နေမိသည်။

'မ' ၏မျက်နှာသည် ကနေ့မှ ပို၍ကြည်လင်လန်းဆန်း၍နေသည်။

"'မ'ကို ဝမ်းသာစရာစကားတစ်ခု ပြောရဦးမယ်။ ကနေ့ ကျွန်တော် အလုပ်တစ်ခုလက်ခံလိုက်တယ်"

'မ' သည် မျက်တောင်ကလေး တစ်ချက်မျှခတ်လိုက်ရင်း ခပ်နွဲ့နွဲ့ပြန်မေးလိုက်သည်။

"ဘာအလုပ်လဲဆရာ၊ သီချင်းသင်ပေးဖို့ အလုပ်လား။ 'မ' တောင် ဆရာ့ကိုပြောစရာရှိတယ်။ 'မ' သူငယ်ချင်းတစ်ယောက်ကတောင် ဆရာ့ဆီမှာ စန္ဒရားသင်ချင်လို့တဲ့။ အိမ်မှာလိုက်ပြီး သင်နိုင်မလားဆိုတာ အမေးခိုင်းတယ်။ အခု နွေကျောင်းပိတ်မှာ သင်ချင်သတဲ့ဆရာ"

'မ' က ကိုဘခက်အတွက် ဝမ်းသာအားရ ပြောလိုက်သော်လည်း ကိုဘခက်ကမူ သူ့ကိစ္စကိုသာ စိတ်ဝင်စားနေဟန်ရှိသည်။

"မဟုတ်ဘူး...မဟုတ်ဘူး။ ကနေ့ ကုမ္ပဏီတစ်ခုက ကျွန်တော့်ဆီကိုလာပြီး သီချင်းနှစ်ပုဒ်အပ်တယ်"

"သြော်...ဟုတ်လား၊ ဝမ်းသာလိုက်တာဆရာ။ သူတို့က ဘယ်လိုလုပ်ပြီး ဆရာ့ကိုသိသလဲ"

"ကျွန်တော့်အစွမ်းမဟုတ်ဘူး။ ဦးမိတ်ဆွေတွေလေ။ ဦးရဲ့ ထောက်ခံချက်ကြောင့် ယုံကြည်ပြီး အပ်တာ။ စရန်တောင် တစ်ရာပေးသွားတယ်။ ငွေကတော့ အရေးမကြီးပါဘူး။ ကျွန်တော့်ရဲ့ပညာကို တိုင်းပြည်မှာ ပြခွင့်ရတာကိုပဲ ဝမ်းသာလှပြီ"

"ဟုတ်တာပေါ့ ဆရာ။ ဆရာ့အတွက် ဝမ်းသာပါတယ်။ အမှန်တော့ ဆရာ့ပညာနဲ့ ခုလောက်အထိတောင် တိမ်မြုပ်နေဖို့မကောင်းပါဘူး။ နာမည်ကျော်တစ်ယောက် ဖြစ်သင့်ပြီ"

"နာမည်မကြီးတာ ကြီးတာကို ကျွန်တော် ဒါလောက်အရေးမထားပါဘူး။ ကိုယ့်လက်သံနဲ့ လက်ရာကို တိုင်းပြည်မှာ တင်ပြခွင့်ရရင်ပဲ ကျွန်တော် ကျေနပ်ပါပြီ။ အမှန်တော့ ကျွန်တော်တို့လို ပညာသည်မျိုးက ဇာတ်စင်မှာ ကားနောက်ကနေရတဲ့လူတွေလိုပါပဲ။ တိုင်းပြည်က သိဖို့မလွယ်ဘူး။ ဥပမာ ဆရာမြို့မငြိမ်းဆိုရင် ဒီဘက်ခေတ်ကျမှပဲ မြို့မငြိမ်းရယ်လို့ သိရတာပဲ။ သူ့သီချင်းတွေက စစ်မဖြစ်ခင်ကတည်းက ထင်ရှားနေတယ်မဟုတ်လား။ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့ မေရှင်တို့၊ ပြည်လှဖေတို့ အဆိုကောင်းတယ်ဆိုတာသာ သိခဲ့တယ်။ မြို့မငြိမ်း သီချင်းရေးကောင်းတယ်ဆိုတာ ဟိုတုန်းက မသိခဲ့ကြဘူး။ ဥပမာ ရွှေပြည်အေးတို့၊ ဦးစိမ်းမောင်တို့ဆိုရင် ခတ်ပြားတွေထဲမှာ အတီးလှည့်ကျရင် မကြည်အောင်က ကြိုးစားလိုက်ပါ။ ဆရာရွှေပြည်အေး၊ ဂီတ ဦးစိမ်းမောင် ဆိုတာမျိုးလိုပေါ့လေ။ သီချင်းဆိုတဲ့လူကပြောပေးမှ သိခဲ့ရတယ်မဟုတ်လား။ သီချင်းတစ်ပုဒ်ကို တကယ်ရေးစပ်ပြုစုကြရတဲ့ သီချင်းရေးဆရာရဲ့နာမည်ကို တိုင်းပြည်က တော်တော်နဲ့ မသိကြဘူး။ ဒါကြောင့် အရင်ခေတ်သီချင်းရေးဆရာတွေဟာ သူတို့သီချင်းတွေထဲမှာ နာမည်ထည့်ပြီး စပ်ကြတာပေါ့။ ကျွန်တော်တို့ တိုင်းပြည်က တကယ့်ပညာသည်တွေကို လေးစားခွင့်ရဖို့ နောက်ငါးနှစ်နဲ့ရဖို့ မလွယ်သေးပါဘူး"

ဆက်လက်ဖော်ပြပါမည်။

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြ ခြင်းဖြစ်ပါသည်။ **စာတည်း**

"ရန်ကုန်မှာ နာမည်တစ်လုံးရဖို့က မလွယ်ပါဘူး။ နာမည်ရပြီဆိုတော့လည်း ဘာလုပ်လုပ် အထင်ကြီးနေကြတာပဲ။ နာမည်ရအောင် ကြိုးစားဟေ့"
"ကျွန်တော် ကြိုးစားပါ့မယ်ဦး။ ကျွန်တော့်ပညာကို တိုင်းပြည်မှာ တင်ပြခွင့်ရမယ်ဆိုရင် ကျွန်တော် ဘယ်လောက်ပဲ ကြိုးစားရကြိုးစားရ အားမလျှော့ပါဘူး။ ဦးကျေးဇူးလည်း မမေ့ပါဘူးခင်ဗျာ"
"ဟုတ်တာပေါ့၊ ပညာသည်ဆိုတာ ဒီလိုပဲ ပါရမီဖြည့်ရတာပဲ။ ကျုပ်တို့ဘက်ကတော့ တတ်နိုင်တဲ့ဘက်က ကူညီမှာပဲ။ မောင်ဘခက်ရဲ့ပညာလည်း ယုံတယ်။ တစ်နေ့နေ့တော့ အောင်မြင်ရမှာပေါ့ကွယ်"




# ပခုက္ကူမြို့၌ ရောဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

ပခုက္ကူ အောက်တိုဘာ ၂

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ရောဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၉ ရက်တွင် ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက် ရွှေမုဋ္ဌောကမ်းပါး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပခုက္ကူတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးကြီးမင်းမောင်၊ ပခုက္ကူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးအောင်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပခုက္ကူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ၊ ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပခုက္ကူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးရဲလွင်သိန်းနှင့် ဝန်ထမ်းများ၊ တောင်တွင်းကြီး ငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးကျော်စွာဝင်းနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး တောင်တွင်းကြီးငါးလုပ်ငန်းစခန်းမှ သားဖောက်သော နှစ်လက်မအရွယ် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ နှင့် ငါးခုံးမကြီး ငါးသားပေါက် ကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂၀၀၀၀၀ အား ရောဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရေတာရှည်မြို့နယ်ထွက် ပွဲတင်အုန်းသီးများ ဝယ်လိုအားကောင်းမွန်



ရေတာရှည် အောက်တိုဘာ ၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်မှထွက်ရှိသော ပွဲတင်အုန်းသီးများ ဝယ်လိုအားများနေပြီး နေ့စဉ်အလျဉ်မီအောင် ကြိုးစားဆောင်ရွက်နေရကြောင်း သာဂရမြို့ ဒေဝကျေးရွာနေ အုန်းသီးအရောင်းအဝယ်ပြုလုပ်သူ ဒေါ်တင်မြင့်က ပြောသည်။

"ကျွန်မတို့က ရွာတွေကို လိုက်မဝယ်ဖြစ်တော့ဘူး။ ဒီကနေပဲ အထိုင်ကို တစ်လုံး ငွေကျပ် ၅၅၀ နဲ့ ဝယ်တာ ရွာတွေလှည့်ဝယ်တဲ့သူတွေက ဆိုင်ကယ်တွေနဲ့ လိုက်ဝယ်ပြီး ဒီကို ပြန်သွင်းတာ တစ်ရက်ကို အလုံးရေ ၃၀၀ ကနေ ၅၀၀ လောက်အထိရတယ်။ မန္တလေးကို ကားနဲ့ နှစ်ရက်ခြား သုံးရက်ခြား ပို့ရတာပါ"ဟု ၎င်းက ပြောသည်။

အုန်းသီးအရောင်းအဝယ်လုပ်ရာ၌ ကြွက်ညှာပါ ပွဲတင်အုန်းနှင့် မုန့်လုပ်ရန် အုန်းသီးခွံကျွတ်ဟူ၍ နှစ်မျိုးရှိပြီး မန္တလေး၊ ကျောက်ဆည်၊ ကျောက်ပန်းတောင်းမြို့တို့ကို ပို့ဆောင်ရောင်းချရာတွင် တစ်လုံးလျှင် ငွေကျပ် ၉၀၀ ဖြင့် ရောင်းချရကြောင်း သိရသည်။

မကြာမီ ကျရောက်တော့မည့် သီတင်းကျွတ်ကာလတွင် အုန်းသီးအရောင်းအဝယ် ပိုမိုကောင်းမွန်နိုင်ပြီး ယခုကတည်းက ကျေးရွာများ၌ ငွေအသုံးကြိုပေး၍ စရန်သတ်ထားရသလို ဝယ်ရောင်းများကို ကြိုတင်ချိတ်ဆက်မှုများ ဆောင်ရွက်ထားရကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၂

မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

မိုး/ဇလ

# အနုပညာ

## Rookie Female Actress ဆု ဆွတ်ခူးခဲ့တဲ့ အိုင်ယူ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်ပြီး အောင်မြင်တဲ့ သရုပ်ဆောင်တစ်ဦးလည်းဖြစ်တဲ့ အိုင်ယူဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ နိုင်ငံတကာ ရုပ်ရှင်ထူးချွန်ဆုပေးပွဲမှာ အမျိုးသမီး သရုပ်ဆောင်ထူးချွန်ဆုကို ဆွတ်ခူးခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

စက်တင်ဘာ ၃၀ ရက်မှာ ပြုလုပ်ခဲ့တဲ့ ချန်ဆာ နိုင်ငံတကာ ရုပ်ရှင် ထူးချွန်ဆုပေးပွဲမှာ အိုင်ယူဟာ သူပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင် Broker နဲ့ Rookie Female Actress ဆုကို ဆွတ်ခူးခဲ့တာပါ။ ဒါဟာ အိုင်ယူအတွက် ရုပ်ရှင်နဲ့ပတ်သက်တဲ့ ပထမဆုံး ထူးချွန်ဆု လက်ခံရရှိခဲ့တာလည်း ဖြစ်ပါတယ်။ အဆိုပါဆုကို အိုင်ယူ တက်ရောက်လက်ခံခဲ့ခြင်း မရှိဘူးလို့လည်း သိရပါတယ်။

အိုင်ယူဟာ မကြာသေးမီက မီလန်ဖက်ရှင်သီတင်းပတ်ကို တက်ရောက်ခဲ့ပြီး အဆိုပါ အခမ်းအနားမှာ သူနဲ့အတူရှိခဲ့သူတစ်ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် သူလည်း နေအိမ်မှာပင် အသွားအလာကန့်သတ်ကာ သီးခြားနေထိုင်လျက်ရှိတာဖြစ်တယ်လို့ သိရပါတယ်။

အိုင်ယူဟာ လက်ရှိမှာ အနုပညာလှုပ်ရှားမှုတွေ ရပ်နားထားပြီး သူဟာ လက်ရှိမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရခြင်း ရှိ၊ မရှိ စစ်ဆေးထားကြောင်းလည်း သိရပါတယ်။

## ဂျွန်ဟေဘင် သားဦးလေးမွေးဖွား

တောင်ကိုရီးယားမင်းသမီး ဂျွန်ဟေဘင်ဟာ လတ်တလောမှာ သူ့ရဲ့ ပထမဆုံး ရင်သွေးလေးဖြစ်တဲ့ သားလေးတစ်ဦးကို မွေးဖွားခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အောက်တိုဘာ ၁ ရက်မှာ ဖော်ပြခဲ့တဲ့ သတင်းတွေအရ ဂျွန်ဟေဘင်ဟာ စက်တင်ဘာ ၃၀ ရက်က ဆိုးလ်မှာရှိတဲ့ ဆေးရုံတစ်ရုံမှာ သူ့ရဲ့ ရင်သွေးလေးကို မွေးဖွားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ လက်ရှိမှာ မိခင်ရောကလေးပါ ကျန်းမာနေကြောင်းလည်း သိရပါတယ်။



ဂျွန်ဟေဘင်ဟာ ၂၀၁၉ ခုနှစ်အတွင်း အနုပညာအသိုင်းအဝိုင်းမှ မဟုတ်သူတစ်ဦးနဲ့ လက်ထပ်ခဲ့တာပါ။ သူတို့နှစ်ဦး အိမ်ထောင်သက် သုံးနှစ်အတွင်းမှာ ယခုလို ပထမဆုံး ရင်သွေးလေး မွေးဖွားခဲ့တာလည်း ဖြစ်ပါတယ်။ ဂျွန်ဟေဘင်ဟာ KBS2 ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်တဲ့ ဇာတ်လမ်းတွဲရုပ်ရှင် Revolutionary Sisters မှာ နောက်ဆုံး ပါဝင်သရုပ်ဆောင်ထားတာဖြစ်တယ်လို့ သိရပါတယ်။

အေး ပြည့် - စုစည်းသည်



## ကြည့်ရှုသူ ခြောက်သန်းကျော်ခဲ့တဲ့ Confidential Assignment 2: International

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဟွန်ဘင်းနဲ့ မင်းသမီး ယွန်နတို့ ပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်တစ်ကားဖြစ်တဲ့ Confidential Assignment 2: Internationalကို လတ်တလော ရုံတင်ပြသလျက်ရှိရာမှာတော့ ၂၆ ရက်အတွင်း ကြည့်ရှုသူအရေအတွက် ခြောက်သန်းခန့်ရှိခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

စက်တင်ဘာ ၇ ရက်က စတင်ရုံတင်ခဲ့တဲ့ အဆိုပါရုပ်ရှင်ဟာ အောက်တိုဘာ ၂ ရက်မှာတော့ လာရောက်ကြည့်ရှုသူ ခြောက်သန်းကျော်ရှိခဲ့ကြောင်း ကိုရီးယားရုပ်ရှင်ကောင်စီက ထုတ်ပြန်ခဲ့ပါတယ်။ ပထမရုပ်ရှင်ဖြစ်တဲ့ Confidential Assignment 1 ကို ရုံတင်ခဲ့စဉ်က စတင်ရုံတင်ပြီးနောက် ၅ ရက်အတွင်း ကြည့်ရှုသူ တစ်သန်းခန့်ရှိခဲ့ကာ ကြည့်ရှုသူ နှစ်သန်းကို ပြသပြီး ၁၀ ရက်အကြာမှာ ရရှိခဲ့တာပါ။ ဒါကြောင့် ရုပ်ရှင်သစ်ဟာ ပိုမိုတဲ့အောင်မြင်မှုတွေကို ယူဆောင်လာနိုင်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၂၃ ဆူ | ၂၉၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ (၁) တိုင်) | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၁ တိုင် | ၉ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၄ ခု | ၅၃၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၀ ကျင်း | ၂၀၅၉. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၈ ကျင်း | ၅၈၉၂. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၈ ကျင်း | ၁၆၀၈. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၁၄၄ စုံ | ၃၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
## အင်ဂျင်နီယာသင်တန်းသားများ
## အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ် ၆ လထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၆-၉-၂၀၂၂** ရက်နေ့မှ စတင်၍ **၂၂-၁၂-၂၀၂၂** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၂၂ ရက် နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဒီဇင်ဘာလ ၂၉ ရက်နေ့အရောက် ကျောင်းသို့ ပို့ဆောင် ပေးရမည်** ဖြစ်သည်၊

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျွန်တော်တို့အစိုးရအနေနဲ့ "ရှေ့သို့လှမ်းမည်၊ ပန်းတိုင်ဆီ"** (Keep Moving Forward to Achieve Our Goal) **ဆိုတဲ့အတိုင်း နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝတွေကို တည်ဆောက်ပေးသွားမှာဖြစ်ကြောင်း တိုင်းရင်းသားပြည်သူလူထုကို အသိပေး ပြောကြားလိုပါတယ်။ ပြည့်အင်အားသည် ပြည်တွင်းမှာရှိတယ်ဆိုတဲ့အတိုင်း ကျွန်တော်တို့အားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈ လ) ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်) ၁-၈-၂၀၂၂

**ယနေ့ ဖတ်စရာ**

**စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၀၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၂

**အင်ဒိုနီးရှားနိုင်ငံ၌ ဘောလုံးပွဲတစ်ခုတွင် အဓိကရုဏ်းဖြစ်ပွားပြီး လူအုပ်ပြိုကျမှုကြောင့် ၁၂၅ ဦးသေဆုံး**

စာမျက်နှာ » ၁၃

## သီတင်းကျွတ်ကာလ ရုံးပိတ်ရက်များတွင် ပလင်းကမ်းသာယာဆင်စခန်းသို့ လာရောက်လေ့လာ အပန်းဖြေနိုင်

ညောင်ဦး အောက်တိုဘာ ၂

သီတင်းကျွတ် ရုံးပိတ်ရက်များတွင် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်ရင်း ညောင်ဦးမြို့မှ (၅)မိုင်အကွာ ညောင်ဦး-ပခုက္ကူ-မြင်းခြံကားလမ်းမကြီးဘေး အနောက်ပုလင်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းသို့ တစ်ဆက်တစ်စပ်တည်း လာရောက်အပန်းဖြေ လည်ပတ်လေ့လာနိုင်ကြောင်း ဆင်စခန်းတာဝန်ရှိသူများထံမှ သိရသည်။

ပလင်းကမ်းသာယာဆင်စခန်းသည် ဧရာဝတီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားသည့်ဆင်စခန်းဖြစ်ကာ ဆင်စီးလမ်းကြောင်းကိုလည်း မြစ်ကမ်းဘေး ကမ်းပါးကုန်းမြင့်တစ်လျှောက် တောတွင်းဆင်စီးသည့်ပုံစံ ဆောင်ရွက်ထားပြီး ဧရာဝတီမြစ်

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❂



## MNL ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်း ဂိုးပြတ်အနိုင်ရ

ရန်ကုန် အောက်တိုဘာ ၂

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၄) ဒုတိယနေ့ကို အောက်တိုဘာ ၂ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို ၁၀ ဂိုးပြတ် အနိုင်ရခဲ့သည်။

ယမန်နေ့က ကစားသည့်ပွဲတွင် ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်း သရေကျခဲ့သဖြင့် ဒုတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်းသည် အမှတ်ကွာဟမှု လျော့နည်းစေရန် ကြိုးပမ်းခဲ့ပြီး ဂိုးပြတ်အနိုင်ရလဒ်ဖြင့် ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်းနှင့် လေးမှတ်အကွာထိ လျှော့ချနိုင်ခဲ့သည်။

စာမျက်နှာ ၂၄ ကော်လံ ၃ သို့ ○



ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## မျိုးဆက်သစ် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂

မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံ အားကစားသမားများပေါ်ထွက်ရန် ရည်ရွယ်၍ 360 Sports က စီစဉ်ကျင်းပသော မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့ရုံ၌ တွဲဆိုင်း ၁၃ ဆိုင်းကျင်းပခဲ့ရာ လူငယ်ပြိုင်ပွဲဖြစ်သည်နှင့်အညီ ပရိသတ်များအကြိုက်တွေ့ခဲ့ကြသည်။

အဆိုပါ လေးချီစိန်ခေါ်ပွဲ ၇၃-၇၆ ကီလိုတန်းတွင် ထွန်းမင်းအောင်(ထွန်းထွန်းမင်း)၏ လက်သီး၊ ခြေကန်ချက်များကြောင့် ဝဏ္ဏကြီး (TRANSCEND)ပထမအချီ၌ အနားတောင်းခဲ့ရသည်။ ပထမအချီမှာပင် ထွန်းမင်းအောင်၏ ဆက်တိုက်လက်သီးထိုးချက်များကြောင့် ဝဏ္ဏကြီး ဒဏ်ရာအနာတရ ရခဲ့ပြီး ဆရာဝန်၏ ဆုံးဖြတ်ချက်အရ ဝဏ္ဏကြီး ဆေးရှုံးကာ ထွန်းမင်းအောင် အနိုင်ရရှိသွားသည်။

ထို့နောက် သုံးချီပြိုင်ပွဲများ၌ ၆၇-၇၀ ကီလိုတန်းတွင် ဇော်သက်နောင်(SMART FIGHT CLUB)နှင့် မိုက်မိုက်(ဇာတိမာန်)တို့ပြိုင်ပွဲတွင် သူတစ်ပြန်ကိုယ်တစ်ပြန် ထိမိကြသော်လည်း အရှုံးအနိုင်မပေါ်ဘဲ သရေကျခဲ့ပြီး

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ■